www.burmeseclassic.com

# မောဂျိုး

# ဘီလူးမချက်ပွဲ




www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | - ဒေါ်ယဉ်မိုးပိုင်<br>(ဆောင်းညပြာသို စာပေ)<br>အမှတ် - ၄၃၊ ၃ (ဘီ)၊ လမ်း(၉၀)၊<br>ကန်တော်ကလေး၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ |
| ပုံနှိပ်သူ | - ဒေါ်နီနီနိုင် (၀၇၁၃၅)<br>သိရီမေရောင်စုံပုံနှိပ်တိုက်<br>အမှတ်(၁၉)၊ လမ်း(၉၀)၊<br>ကန်တော်ကလေး၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| အတွင်းဖလင် | - ဦးထွန်းဆိုင် |
| တအုပ်ချုပ် | - သိရီမေ |
| ကွန်ပျူတာစာစီ | - မေသန့်စင် |
| ပုံနှိပ်ခြင်း | - ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ<br>(ပထမအကြိမ်) |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၅၀၀ ကျပ် |

ရ၉၅ ・ ၈၃
ဟော့လိုင်း
ဘီလူးမချက်ပြုံ/ ဟော့လိုင်း–ရန်ကုန် ဆောင်းညပြာသိုစာပေ၊
၂၀၁၃၊ အောက်တိုဘာလ
၁၇၀ စာ၊ အလျား ၁၃ စင်တီ၊ အမြင့် ၂၀ စင်တီ
(၁)ဘီလူးမချက်ပြုံ


BURMESE CLASSIC

(၁)

လက်ပံတောရွာလေး၏ ဘုရားပွဲတစ်နေရာ။

အနီရောင်ဝမ်းဆက် ဝတ်ထားသော အမျိုးသမီးတစ်ယောက် အနီရောင်ပန်းတစ်ပွင့်ကို ဦးခေါင်းထက်မှာ ဝန်ဆင်လျက် ထူးခြားသော အသွင်ဖြင့် ဘုရားပွဲလာ လူအုပ်ကြားထဲ ရောနှောလိုက်ပါလာသည်။

မျက်လုံးတွေက ဂနာမငြိမ်၊ ကျီးကန်းတောင်းမှောက်ဖြင့် တစ်ခုခုတို့ ရှာဖွေနေသလိုလို။ သွားရင်းလာရင်း တစ်နေရာမှာတော့ အရက်သမား နှစ်ယောက် သူမဘေးမှ ကပ်ပါလာသည်။

ထိုအရက်သမားနှစ်ယောက်က ဘုရားပွဲမှာ လူတိုးခံရ၍ မတော်တဆဖြစ်ဟန်နှင့် အနီရောင်ဝမ်းဆက်ဝတ် အမျိုးသမီး၏အသားကို တမင်တကာ ထိလိုက်ပြီး

"ဆော်ရီးနော်. . . ညီမလေးကြည့်ရတာ တစ်ခုခုရှာနေပုံလိုပဲ။ ဘာရှာနေတာလဲဟင်၊ အစ်ကိုတို့ ဝိုင်းရှာပေးရမလား"



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးလေးက အရက်သမားနှစ်ယောက်ကို တစ်ချက် စူးစူးရဲရဲ ကြည့်လိုက်သည်။

သူမရဲ့ အကြည့်က သာမန်ထက်ပို၍ စူးရှပြင်းထန်လွန်းသောကြောင့် အရက်သမားနှစ်ယောက် ကျောချမ်းသလို ဖြစ်သွားသော်လည်း သူမရဲ့ အလှအပက သူတို့ရဲ့ ရာဂတဏှာစိတ်ကို ပို၍ ကြွစေသောကြောင့် ဆက်ပြီး နှောင့်ယှက်သည်။

"လှတယ်နော်. . . နာမည် ဘယ်လိုခေါ်လဲ"

ထိုအမျိုးသမီးက မျက်လွှာကို အသာချ ရှက်ပြုံးလေး ပြုံးလိုက်ပြီး လူအုပ်ကြားထဲမှ ခွဲထွက်၍ လူရှင်းသည့်နေရာသို့ ဥပါယ်တံမျဉ်ဖြင့် ခေါ်ချသွားသည်။

အရက်သမားနှစ်ယောက် ပို၍ ရဲတင်းသွားပြီး တစ်ယောက်နှင့် တစ်ယောက် လက်တို့၍ အနောက်မှ ကပ်လိုက်သွား၏။

ထိုအမျိုးသမီးက အရက်သမားနှစ်ယောက်ကို နောက်လှည့်ကြည့်လိုက်၊ မပြောရုံတမယ် ခြေလှမ်းလေးဖြင့် ခပ်သွက်သွက်လေး သွားလိုက်ဖြင့် မန်ကျည်းပင်နောက်က ချုံပုတ်နားဆီ ဖြားယောင်းသွေးဆောင်သွား၏။ ချုံပုတ်ကြီးနား ရောက်သောအခါ အရက်သမားနှစ်ယောက်ကို လက်ယပ်ခေါ်လိုက်ပြီး သူမကိုယ်တိုင်က ချုံပုတ်ထဲဝင်၍ ပျောက်သွားသည်။

အရက်သမားနှစ်ယောက် မျက်နှာကြီးတွေ ပျားရည်အိုးထဲ ပြုတ်ကျသလို ဝင်းပချိုမြိန်သွားပြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကာ. . .

"ဝင်းဇော်ရေ. . . ဒီညတော့ ငါတို့နှစ်ယောက် စားရက်ကြုံလို့ မှတ်ဆိတ်ပျားစွဲတာပဲ။ မထင်ထားဘူးနော်၊ ဒီလောက်လှတဲ့ မိန်းကလေးက"





"ပြောနေ ကြာတယ်ကွာ. . . လျှင်သူ စားတမ်းပဲ၊ မင်း နေခဲ့ ငါ အရင်ဝင်မယ်"

"ဒီလိုလုပ်လို့ ဘယ်ရမလဲ"

အရက်သမားနှစ်ယောက် အလုအယက်ဖြင့် ချုံပုတ်ထဲကို ပြိုင်တူ ပြေးဝင်လိုက်ကြပြီးနောက်. . .

"အား"

အော်သံနက်ကြီး ထွက်လာပြီး ၅ မိနစ်အကြာ ချုံပုတ်ထဲမှ အရက်သမားနှစ်ယောက်ရဲ့ သွေးလူးနေသော အရိုးစုကြီးတွေ တစ်ချောင်းချင်းစီ လွင့်ပျံထွက်လာသည်။

ထို့နောက် လေမတိုက်ဘဲ ချုံပုတ်ကြီး လှုပ်လာပြီး ချုံပုတ်ထဲမှ ဆံပင်ဖားလျားနှင့် ဘီလူးတစ်ကောင် ကုန်းထလာ၏။

မတ်တတ်ရပ်ပြီး ရှေ့ထွက်လိုက်ရာ ခန္ဓာကိုယ်နှင့်အရပ်က လူလေးငါးယောက် သိုင်းဖက်ရသော လုံးပတ်ရှိသည့် မန်ကျည်းပင်တစ်ခုလုံးကို ဖုံးလွှမ်းသွားစေသည်။

ကြောက်မက်ဖွယ်ရာ အဆင်းနှင့် နီရဲနေသော မျက်လုံးတစ်စုံ၊ အစွယ်ပြူးပြူးတွေကြားမှာ ရဲပတောင်းခတ်နေသော လတ်လတ်ဆတ်ဆတ် သွေးစများနှင့်အတူ စူးစူးဝါးဝါး အော်လိုက်ပုံက. . .

"ဘီလူးမ ချက်ပြီ တဲ့ဟော့"

* * * * *



www.burmeseclassic.com

www.burmeseclassic.com

(၂)

"ဝုန်း"

ကျယ်လောင်သော တံခါးဖွင့်သံကြီးနှင့်အတူ အဝမှာ မတ်တတ်ရပ်၍ အထဲကို စိုက်ကြည့်နေသော လူတစ်ယောက်ကြောင့် ဂိုဒေါင်ထဲက ခုစမိုက်ဂိုဏ်းသားတွေ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်သည်။

"ဟေ့ကောင်. . . မင်း ဘယ်သူလဲ၊ ဘာလို့ ခွင့်ပြုချက်မရဘဲ ဝင်လာတာလဲ"

လူရွယ်က တည်ငြိမ်အေးဆေးစွာ တစ်လှမ်းချင်း လျှောက်လှမ်းလာပြီး

"မင်းတို့ ဒီနေရာမှာ ဘိန်းဖြူ အရောင်းအဝယ်လုပ်နေမယ်ဆိုတာ သိလို့ လာဖမ်းတာပဲ"

သူ့စကားကြောင့် လူဆိုးတွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်ကုန်သည်။





"ဟား. . . ဟား. . . ဟား လူဆိုးဂိုဏ်းကို လာဖမ်းတာ တစ်ယောက်တည်းလား၊ ဘာလက်နက်မှလည်း မပါဘူး။ မင်း တော်တော် သတ္တိကောင်းတာပဲ။ ကျားရဲ့တွင်းထဲကို တစ်ကောင်တည်း ဝင်လာတဲ့ သမင်လို ဖြစ်နေပြီ. . . နေပါဦး ငါတို့ကို လာဖမ်းတာဆိုတော့ မင်း ဘယ်သူလဲ"

လူရွယ်က နှုတ်ခမ်းလေး လှုပ်ရုံ ဖြေသည်။

"နွယ်ရှင်"

နွယ်ရှင်ဆိုသော စကားကြောင့် သူတို့ထဲမှ ခေါင်းဆောင် ဖြစ်ဟန်တူသူက ရှေ့ထွက်လာပြီး

"အလွတ်စုံထောက် နွယ်ရှင်ဆိုတာ နာမည်တော့ ကြားဖူးနေတာ ကြာပါပြီ။ ဒါပေမဲ့ ငါတို့ကလည်း အသေးအမွှားဂိုဏ်းလေးတစ်ခုတော့ မဟုတ်ဘူးကွ။ မင်း တစ်ဗွေတည်း ခုလိုလာတာ ငါတို့ ဝိုင်းစားလို့ ရတယ် သိလား"

နွယ်ရှင်ဆိုသော လူရွယ်က ဂိုဏ်းခေါင်းဆောင်ရဲ့ မျက်နှာတို့ သူ့ရဲ့ သိန်းငှက်တစ်ကောင်လို စူးရှသော မျက်လုံးတွေနှင့် စိုက်ကြည့်ပြီး နှုတ်ခမ်းထောင့်လေးတစ်ဖက် တွန့်ကွေး၍ ပြောသည်။

"ငါက ကျားရဲ့တွင်းထဲ ဝင်လာတာတော့ မှန်တယ်၊ ဒါပေမဲ့ သမင်တော့ မဟုတ်ဘူး။ မင်းတို့ထက်ပိုကြီးတဲ့ ကိုးတောင်ကျား"

လူဆိုးဂိုဏ်းခေါင်းဆောင်က ဟက်ဟက်ပက်ပက် ရယ်ရင်း

"ဟီး. . . ဟီး. . . ဟီး ဟေ့ကောင်တွေ ကိုးတောင်ကျားတဲ့။ ကိုးတောင် မစားနိုင်အောင် အမြီးကဆွဲပြီး ဝိုင်းဖမ်းလိုက်ကြစမ်းကွာ"

ခေါင်းဆောင်ဖြစ်သူရဲ့ အမိန့်ပေးသံကြားသောအခါ လူဆိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



ညာသံပေးပြီး ပြေးလာကြသည်။

"ယား"

"နေဦး"

နွယ်ရှင်က လက်တားလိုက်ရာ ပြေးလာသော သူတွေ အရှိန်တန့်သွား၏။

"ဘာလဲ. . . တောင်းပန်မလို့လား၊ မရတော့ဘူး။ ဒီနေရာထိရောက်လာပြီးမှတော့ ဆွမ်းလေး ဝ,အောင် စားသွားပါဦး။ တို့ ဝိုင်းပြီး ဆွမ်းကြီးလောင်းချင်လို့"

နွယ်ရှင်က သူ့ကျောမှာ လွယ်ထားသော တယောတစ်လက်ကို ဖြုတ်၍

"ကျုပ် ခင်ဗျားတို့ကို ဂီတတစ်ပုဒ်နဲ့ အရင်ဖျော်ဖြေချင်သေးတယ်။ အဲဒါလေး နားထောင်လိုက်ပါဦး. . . ပြီးမှ သွေးပူလေ့ကျင့်ခန်းလေး လုပ်ကြတာပေါ့"

နွယ်ရှင်၏ စကားကို ဂိုဏ်းခေါင်းဆောင်က လက်မခံ။

"ဟေ့ကောင် ငါတို့က လူမိုက်တွေကွ၊ နှလုံးသားနုတဲ့ အနုပညာရှင်မဟုတ်ဘူး။ မင်းက ငါတို့ကို တယောထိုးပြမယ်ဆိုတာ ဒါ သက်သက်ငါတို့ကို မခန့်တာပဲ"

"မဟုတ်ပါဘူး။ ကျုပ်ရဲ့တယောလက်သံကို နားထောင်ပြီးရင် ခင်ဗျားတို့အားလုံး မျောသွားရမယ်လို့ အာမခံတယ်"

"မင်းက ဘာလဲ၊ တယောဦးတင်ရီရဲ့ တပည့်မို့လို့လား"

"မဟုတ်ပါဘူး၊ တယောဦးတင်ရီက ရိုးရိုးသာမန်တယောပဲ ထိုးတာ။ ကျုပ်က မှော်တယော"





နွယ်ရှင်ရဲ့ စကားကြောင့် ဂိုဏ်းခေါင်းဆောင် စိတ်ဝင်စားသွားသည်။

"မှော်တယောဆိုတော့ ဘာတွေ ထူးခြားလို့လဲ"

"ဒီကမ္ဘာမှာ ရုပ်အဆိုးဆုံးဆိုတဲ့ ယောကျ်ားလေးတစ်ယောက်က အချောဆုံးဆိုတဲ့ မိန်းကလေးတစ်ယောက်ကို ချစ်မိသွားရင် ကျုပ်ရဲ့ ဒီတယောနဲ့ သူ့အိမ်ရှေ့မှာ သွားထိုးပြီး ကျုပ်ပြလိုက်၊ သီချင်းတစ်ပုဒ် မဆုံးခင်မှာ ကောင်မလေးက မှတ်ပုံတင်နဲ့ အထုပ်အပိုးတွေပြင်ပြီး တစ်ခါတည်း ခိုးရာလိုက်လိမ့်မယ်"

ဒီတစ်ခါတော့ ဂိုဏ်းခေါင်းဆောင်တင် မဟုတ်။ လူဆိုးအားလုံး စိတ်ဝင်စားသွားသည်။

"တယ်ဟုတ်ပါလား။ ဒီလိုသာ အမှန်ဆိုရင် ငါကြိုက်တဲ့ မင်းသမီး စံရတီမိုးမြင့်အိမ်ရှေ့မှာ ငုတ်တုတ်ထိုင်ပြီး သွားထိုးပြဦးမယ်"

လူဆိုးဂိုဏ်းခေါင်းဆောင်က သူထိုင်နေသော ခွေးခြေကိုယူ၍ နွယ်ရှင့်ရှေ့ ချပေးလိုက်သည်။

"ဒီမှာ ထိုင်ပြီး အေးဆေးထိုးပြပါ။ ငါတို့ အားလုံး ထိုင်နားထောင်မယ်"

"ကျေးဇူးပဲ"

နွယ်ရှင်က တစ်ချက်ပြုံးပြီး တယောကို ပခုံးပေါ်တင်၍ စတင်လှုပ်ရှားလိုက်သည်။

♫ . . . ♫

သာယာငြိမ့်ညောင်း ဖျင်းရိငြေငွေ့ဖွယ်ကောင်းပြီး အိလေးဆွဲသောသံစဉ်တွေကြားမှာ လူဆိုးအဖွဲ့တွေ ငိုက်မျဉ်းလာသည်။

www.burmeseclassic.com



ဘာကြောင့်မှန်းမသိ အဲဒီတယောသံကို စတင် နားဆင်လိုက်တဲ့ အချိန်ကစပြီး တွေဝေမိန်းမောလာကာ အိပ်ချင်စိတ်တွေ တားမရ ဆီးမရ ဖြစ်လာ၏။ ငါးမိနစ်လောက်အကြာမှာတော့ လူဆိုးအဖွဲ့မှာ ဟန်ဆောင် ချုပ်တီးနိုင်ရန် မစွမ်းသာဘဲ သမံတလင်းပေါ်မှာ တုံးလုံးပက်လက်လေးတွေ အိပ်ပစ်လိုက်ကြတော့သည်။

"ခေါ. . . ခလော. . . ခွး. . . ခရူး"

အားလုံး အိပ်မောကျသွားပြီဆိုမှ နွယ်ရှင်က ဂိုဒေါင်အပြင်မှာ စောင့်နေသော သူ့ရဲ့တပ်သားတွေကို လက်ခုပ်တီး၍ ခေါ်လိုက်သည်။

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

ဘယ်သူမှ ရောက်မလာ။

အသံတိုး၍ ထင်သည်။ နောက်ထပ် ကျယ်ကျယ်လေး ထပ်တီး လိုက်သည်။

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

လှုပ်ရှားမှုမရှိ။

ဝေးကြား၍ ထင်သည်။ နောက်ထပ်တစ်ကြိမ် ထပ်တီးလိုက်သည်။

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

ဒီတစ်ခါလည်း ငြိမ်သက်နေပြန်သောကြောင့် မသင်္ကာဖြစ်ပြီး ဂိုဒေါင်အပြင်ကို ထွက်ကြည့်လိုက်ရာ သူ့ရဲ့ တပ်သားလေးတွေလည်း တစ်ယောက်ကို တစ်ယောက်မှီ၍ အတုံးအရုံး အိပ်မောကျနေသည်ကို တွေ့လိုက်ရသည်။

"ဟာ. . . အဲဒါမှ ဂွပဲ. . . တယောသံရဲ့ ဆွဲဆောင်မှုက ဂိုဒေါင် အပြင်ထိတောင် ရောက်သွားတာကိုး။ စခန်းကို ဖုန်းထပ်ဆက်ပြီး





နောက်ထပ်လူ လွှတ်ခိုင်းမှ ရတော့မယ်"

နွယ်ရှင် ခါးကြားမှဟန်းဖုန်းကို ထုတ်၍ ၁၉၉ ကို နှိပ်လိုက်သည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

(၃)

"ကွန်ဂရက်ကျူလေးရှင်းပါ နွယ်ရှင်. . . မောင်ရင်က နာမည်ကြီး လူဆိုးဂိုဏ်းကို ချွေးတစ်စက် သွေးတစ်စက်မထွက်စေဘဲ တယော တစ်လက်နဲ့ ဖမ်းနိုင်ခဲ့တာ ချီးကျူးပါတယ်"

ပြောပြီး လက်ကမ်းပေးလိုက်ရာ နွယ်ရှင်ကလည်း ပြန်၍ လက်ဆွဲ နှုတ်ဆက်သည်။

"ကျေးဇူးတင်ပါတယ် စခန်းမှူးကြီး၊ ကျွန်တော့်ရဲ့ အစွမ်းတစ်ခု တည်းကြောင့်တော့ မဟုတ်ပါဘူး။ ဒီမှော်ဝင်တယောရဲ့ အစွမ်းလည်း ပါ့ပါတယ်"

နွယ်ရှင်က သူ့လက်ထဲမှာ ကိုင်ထားသော တယောကို ဂုဏ်ယူ စွာဖြင့် မြှောက်ပြရင်း ပြောသည်။

အဲဒါကို ဘေးနားမှ နွယ်ရှင်ရဲ့ အောင်မြင်မှုကို မနာလိုသော ရဲအုပ်နှစ်ယောက်က မဲ့ရွဲ့၍ မျက်စောင်းထိုးသည်။





စခန်းမှူးကြီးကတော့ မှော်ဝင်တယောကို စိတ်ဝင်စားနေ၏။

"မောင်ရင့်တယောအကြောင်းကို ကြားဖူးနေတာတော့ ကြာပါပြီ။ ဒါပေမဲ့ လက်တွေ့တော့ နားမထောင်ဖူးသေးဘူး။ ဘာတွေစွမ်းလဲ သိရအောင် ထိုးပြပါလား"

စခန်းမှူးရဲ့ တောင်းဆိုမှုကို ကာယကံရှင်က ဘာမှမပြောခင်မှာ နွယ်ရှင့်ဘေးနားမှ ရဲအုပ်နှစ်ယောက်က စကားနာထိုးသည်။

"တယော စွမ်းတယ်ဆိုတာထက် လက်သံ ကောင်းလွန်းလို့ လူဆိုးတွေပျင်းပြီး အိပ်ပျော်သွားတာပါဗျာ၊ စခန်းမှူးကြီးလည်း နားထောင်ရင် ပျင်းပြီး အိပ်ပျော်သွားမှာပဲ။ ဘာဆန်းလို့လဲ"

နွယ်ရှင်က မနာလိုတိုရှုည် နှစ်ယောက်ကို တစ်ချက်ကြည့်ပြီး

"ကျုပ် တယော ဘာစွမ်းလဲဆိုတာ ထိုးတဲ့သံစဉ်ပေါ်မှာ မူတည် ပါတယ်။ လူဆိုးဖမ်းရမှာမို့လို့ အိပ်ချင်စေတဲ့သံစဉ် တီးလိုက်တာ၊ သာယာ ငြိမ့်ညောင်းတဲ့သံစဉ်တီးလိုက်ရင် ခက်ထန်ကြမ်းတမ်းတဲ့ ဘီလူးသဘက် အစွေ့ သရဲတွေတောင် နူးညံ့သိမ်မွေ့လာနိုင်တဲ့ အစွမ်းရှိပါတယ်"

"ကဲပါ မောင်ရင်. . . အပြောနဲ့ သက်သေမပြဘဲ အလုပ်နဲ့သာ သက်သေပြပါ. . . ကိုယ်လည်း မောင်ရင့်ရဲ့ လက်သံကို နားထောင် ချင်တယ်"

စခန်းမှူးကိုင်တိုင် တောင်းဆိုလာပြီဆိုတော့ နွယ်ရှင် မငြင်းသာ တော့ဘဲ တယောပေါ် လက်တင်လိုက်သည်။

"စခန်းမှူးကြီး ဘယ်လိုသံစဉ်မျိုး နားဆင်ချင်ပါသလဲ"

နွယ်ရှင်ရဲ့မေးခွန်းကို စခန်းမှူးက သေချာစဉ်းစားလိုက်ပြီး. . .

"အင်း. . . ငါ အခုတလော မိန်းမနဲ့ အဆင်မပြေလို့ စိတ်ညစ်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်ကွာ. . . အဲဒီတော့ ရယ်စရာကောင်းတဲ့ ဟာသသံစဉ်လေး တီးပြစမ်းပါ”

“ကောင်းပါပြီ. . . ရစေရပါမယ်”

နွယ်ရှင်က ပြောပြီး တယောနှင့် တယောထိုးတံကို စတင်ပေါင်းစည်းလိုက်သည်။

♫ ကျွီ. . . အိ. . . အိ. . . ကျစ်. . . ကျလစ်. . . ဂျိ. . . ဝဂျိ. . . ဂျစ်. . . ဂျလစ် ♫

ကြိုးတန်းပေါ် ကြွတ်ဖြတ်လျှောက်သကဲ့သို့ စည်းချက်မညီသော သံစဉ်ကြားမှာ စခန်းမှူးတော ရဲအုပ်နှစ်ယောက်ပါ ရယ်ချင်လာသည်။

♫ ကျွီ. . . အိ. . . အိ. . . ကျစ်. . . ကျလစ်. . . ဂျိ. . . ဝဂျိ. . . ဂျစ်. . . ဂျလစ် ♫

တဖြည်းဖြည်းနှင့် မနေနိုင်တော့၊ တခွိခွိ ဖြစ်လာကြသည်။ ငါးမိနစ်လောက်ကြာသောအခါ သုံးယောက်လုံး ဟန်မဆောင်နိုင်တော့ဘဲ တဟားဟား အော်ရယ်ကြတော့သည်။

“ဟား. . . ဟား. . . ဟား. . . ရယ်ရတယ်ဟေ့. . . တီးလုံးက ဟာသကြီး. . . ဟီး. . . ဟီး. . . ဟီး. . . ဟဲ. . . ဟဲ. . . ဟဲ ဟိုး. . . ဟိုး. . . ဟိုး”

စခန်းမှူးဆိုလျှင် ကြာတော့ အူတွေလိမ်နေပြီး မခံနိုင်တော့သဖြင့် ဟားယူရသည်။

“ဟား. . . ဟား. . . ဟား ဟေ့ကောင် ရပ်ပါတော့. . . မထိုးပါနဲ့တော့. . . ငါ မခံနိုင်တော့ဘူး. . . ဟား. . . ဟား. . . ဟား”

နွယ်ရှင် တယောသံကို ရပ်ချလိုက်တော့မှ သုံးယောက်သား





ဗိုက်တွေ နှိပ်ပြီး ရယ်ရလွန်းလို့ ကျသည့်မျက်ရည်တွေကို လက်နှင့် သုတ်လိုက်သည်။

“အမယ်လေး. . . တော်လိုက်တဲ့ လက်သံကွာ. . . ငါ့မှာ ဟာသ ဟား ငှားကြည့်စရာမလိုဘဲ အူတက်နေတယ်. . . ဟီး. . . ဟီး”

စခန်းမှူးက အရှက်ပြေပြောရာ နွယ်ရှင်က မြောက်ရဲအုပ်နှင့် တောင်ရဲအုပ်ဘက်လှည့်ပြီး. . .

“ဘယ်လိုလဲ မိတ်ဆွေတို့. . . ဟာသသံစဉ်ဆိုတဲ့အတိုင်း ခင်ဗျားတို့ မရယ်ရ မနေနိုင်တော့ဘူး မဟုတ်လား”

ဒါတောင် သူတို့နှစ်ယောက်က လက်မခံချင်သေး။

“မဟုတ်ပါဘူးကွာ. . . မင်းရဲ့လက်သံကြီးက ပေါက်ကရသံတွေ ထွက်နေလို့ ငါတို့က ဝိုင်းလှောင်နေတာပါ. . . ဟုတ်တယ်နော် မြောက်ရဲအုပ်”

“ဟုတ်တာပေါ့ တောင်ရဲအုပ်ရာ ဟား. . . ဟား. . . ဟား”

အချင်းချင်း အတိုင်အဖောက်ညီနေသောအခါ နွယ်ရှင် သူတို့နှစ်ယောက်ကို ပညာပေးရန် ဆုံးဖြတ်လိုက်သည်။

“ကောင်းပြီ. . . ခင်ဗျားတို့ နှစ်ယောက်က အမှန်ကို ဝန်မခံချင်ဘူးဆိုမှတော့ ကျုပ် နောက်ထပ် တီးလုံးတစ်ခု ထပ်တီးပြရတာပေါ့”

နွယ်ရှင်က ပြောပြီး တယောကို ပခုံးပေါ်တင်လိုက်၏။ ထို့နောက် စခန်းမှူးကြီးဘက်လှည့်ပြီး

“စခန်းမှူးကြီးခင်ဗျာ. . . နားနှစ်ဖက်ကို ခဏလောက် ပိတ်ထားပေးထားပါ။ ကျွန်တော် သူတို့နှစ်ယောက်ကို ပျော်စရာကောင်းတဲ့ တီးလုံးလေး တီးပြချင်လို့”



www.burmeseclassic.com

www.burmeseclassic.com



စခန်းမှူးကြီး သူ့နားနှစ်ဖက်ထဲ ဂွမ်းစ ထိုးထည့်လိုက်သည်နှင့် နွယ်ရှင်က သူ့ရဲ့ ပျော်စရာကောင်းသော တီးလုံးဆန်းကို စတင် လိုက်သည်။

♫ ♫

တစ်မိနစ်ခန့်အကြာမှာ ရဲအုပ်နှစ်ယောက် အရမ်းကို ပျော်လာကြသည်။ နှစ်မိနစ်ခန့်အကြာမှာ အူလှိုက်သည်းလှိုက် ပျော်လာကြသည်။

သုံးမိနစ်ခန့်အကြာမှာ အပျော်လွန်ပြီး မြူးလာကြသည်။

လေးမိနစ်ခန့်အကြာမှာ အမြူးလွန်ပြီး ခြေတွေလက်တွေ လှုပ်လာကြသည်။

ငါးမိနစ်ခန့်အကြာမှာတော့ ဘယ်လိုမှ ဟန်ဆောင်ထိန်းသိမ်းနိုင်စွမ်းမရှိကြတော့ဘဲ ထ,ကကြတော့သည်။

တယောသံစည်းနဲ့အတူ တွေးနေအောင် ကနေသော မြောက်ရဲအုပ်နဲ့ တောင်ရဲအုပ်တို့ကို ကြည့်ပြီး စခန်းမှူးတောင် မနေနိုင်တော့ဘဲ ထ,ရယ်၏။

နွယ်ရှင်ရဲ့ တယောသံ မရပ်မချင်း နှစ်ယောက်သား မြိုင်မြိုင်ဆိုင်ဆိုင် က,ကြသည်။ တယောသံနှေးသွားရင် က,တာ နှေးသွားလိုက်၊ တယောသံ မြန်လာရင် က,တာ ခုတ်လိုက်သလို ဖြစ်သွားလိုက်နဲ့ ကြိုးဆွဲရာ က,နေရသော ရုပ်သေးရုပ်ပမာ ထိန်းချုပ်ခြင်း ခံနေရတော့၏။

အချိန်တွေ ကြာလာတော့ နှစ်ယောက်သား မောလာပြီး က,နေတဲ့ကြားက တားရတော့သည်။

"တော်. . . တော်ပါတော့ နွယ်ရှင်ရယ်. . . ငါတို့ မင်းကို အရှုံးပေးပါပြီ၊ ဆက်မထိုးပါနဲ့တော့. . . ဟော. . ဟဲ. . . ဟောဟဲ. . . ငါတို့





က,ရတာ မောလာပြီ"

"ဟုတ်ပါတယ်. . . ရပ်. . . ရပ်ပါတော့"

အဲဒီလို တောင်းပန်တော့မှာ နွယ်ရှင် တယောကို ပြန်ချလိုက်သည်။ စခန်းမှူးလည်း နားထဲက ဂွမ်းတွေကို ပြန်ထုတ်လိုက်၏။

ရဲအုပ်နှစ်ယောက် နွယ်ရှင်ကို လက်မြှောက်သွားတော့သည်။

"အမယ်လေး. . . က,ရတာ ဖတ်ဖတ်ကို မောနေတာပဲ၊ စိတ်ထဲမှာ အပျော်လွန်ပြီး ဘယ်လို ဘယ်လို က,ချင်လာမှန်း မသိဘူး၊ ကိုယ့်ကိုယ်ကို ထိန်းထားပေမယ့် မရဘူး။ ခြေတွေ လက်တွေ အလိုလို လှုပ်ရှားပြီး က,ချင်လာတယ်"

"ဟုတ်ပါ့ကွာ. . . မင်းရဲ့တယောကိုတော့ ငါတို့ ယုံသွားပါပြီကွာ။ နောက်တစ်ခါ ပညာမစမ်းတော့ပါဘူး"

နွယ်ရှင် တစ်ချက်သာရယ်ပြီး စခန်းမှူးကို အလေးပြုလိုက်၏။

"ကျွန်တော့်ကို ခွင့်ပြုပါဦး စခန်းမှူးကြီး"

"ကောင်းပါပြီ. . . လေးစားပါတယ်"

နွယ်ရှင် သူ့တယောကို ကျောမှာလွယ်ပြီး ရဲစခန်းထဲမှ ထွက်သွားရာ သုံးယောက်သား ပဟေဠိဆန်စွာ ကျန်ခဲ့တော့သည်။

"ဒီလူဟာ တော်တော် ထူးဆန်းတဲ့လူပဲဗျ"

"ဒါ ဘာဟုတ်သေးလဲ၊ သူ့တယောက ပိုတောင် ထူးဆန်းပြီး စိတ်ဝင်စားဖို့ကောင်းတယ်"

* * * * *



www.burmeseclassic.com

www.burmeseclassic.com

(၄)

ဝမ်းဂိုး တူးကမ်း လက်ဖက်ရည်ဆိုင်။

ဒီဆိုင်လေးရဲ့ အမည်နာမဖြစ်တည်မှုက ဆန်းကြယ်သည်။ ဆိုင်ရှင်၏ ဆက်ဆံရေးကောင်းမွန်မှုကြောင့် ဖောက်သည်တွေ တစ်ယောက်ပြီးတစ်ယောက် ထွက်ကုန်၍ လူမလာတော့တာတောင် ဆိုင်ရှင်က ဂရုမစိုက်။ ဂရုမစိုက်တဲ့အပြင် အကြင်နာရိပ် လက်ဖက်ရည်ဆိုတဲ့ ဆိုင်းဘုတ်နေရာမှာ ဝမ်းဂိုးတူးကမ်းဟု နာမည်ပြောင်းပြီး ရောင်းချနေ၏။

ဒါတိုလည်း အမှတ်မရှိ အရေထူသော အပြောအဆိုခံ ကြွေးသားများတတော့ ပေတေပြီး လာသောက်နေဆဲ။

ရှားရှားပါးပါး လက်ဖက်ရည်ဆိုင်မို့ ဒီမှာ မသောက်ရင်လည်း ထခြားနီးနီးနားနား သွားစရာမရှိ။ အဲဒါကြောင့် အပြောအဆိုခံပြီး သောက်နေကြခြင်းဝင်။





အခုလည်း ည ၁၁း၀၀ အချိန်၊ ဆိုင်ထဲမှာ လူတစ်ယောက်စ နှစ်ယောက်စ ရှိနေ၏။

နောက်ထပ် ၁၅ မိနစ်ခန့်အကြာတွင် ဆိုင်ပိတ်တော့မည်မို့ ခုံသိမ်းနေသည့်အချိန် ဆိုင်ထဲကို အမျိုးသမီးတစ်ယောက် ဝင်လာသည်။

ဆိုင်ရှင် ဦးဘထွား ခေါင်းငုံ့ပြီး ခုံယူနေစဉ် သူ့ရှေ့မှာ လာရပ်သည့် ခြေဖမိုးလေးတစ်စုံကြောင့် အပေါ်ကို မော့ကြည့်လိုက်သည်။

အား. . . ပါး. . . ပါး. . . ပါး၊ အနီရောင်ဝမ်းဆက်နဲ့ လှသွေးကြွယ်နေသော ကောင်မလေးပါလား။

ဦးဘထွားရဲ့မျက်နှာ ဖျားသကာလို ချိုမြသွားသည်။

"ထိုင်လေ. . . ညီမလေး၊ ဘာသောက်မလဲ ကိုကြီး ခုပဲ ဆိုင်ခင်းနေတာ"

ဆိုင်သိမ်းနေတာကို ဆိုင်ခင်းနေတာဟု ပြောင်းလိမ်ပြောင်းစား ပြောသောကြောင့် ဆိုင်ထဲက သောက်သုံးသူတွေ နှာခေါင်းရှုံ့ပြီး မဲ့လိုက်ကြသည်။

"ဟင်း. . . ငါတို့ကျတော့ ဘာမျိုမလဲ မြန်မြန်ပြော၊ ခုတစ်မျိုး တော်ကြာတစ်မျိုး မလုပ်နဲ့၊ ဆိုင်သိမ်းတော့မှာတဲ့"

ကောင်မလေးက ပြုံး၍ ထိုင်ခုံမှာ ထိုင်လိုက်ပြီး

"လက်ဖက်ရည်တစ်ခွက်၊ ပေါက်စီတစ်ပွဲ၊ မုန့်ဟင်းခါးနှစ်ပွဲ ပေးပါ"

"ဟင်. . . ဒါတွေအားလုံးကို ညီမလေး တစ်ယောက်တည်း စားမလို့လား. . . ဒြော် သိပြီ အိမ်အတွက် ပါဆယ်ထင်တယ်"

ကောင်မလေးက ခေါင်းခါပြီး

"မဟုတ်ပါဘူး. . . ဒီမှာပဲ စားမှာပါ"


www.burmeseclassic.com

www.burmeseclassic.com



ဦးဘထွား ကြောင်သွားသည်။

"စားနိုင်လှချည်လား၊ အင်းလေ. . . ဗိုက်ဆာလာလို့ နေမှာပေါ့ ခဏစောင့်နော်"

ဦးဘထွားက ပြောပြီး သူကိုယ်တိုင် လက်ဖက်ရည်ဖျော်၊ သူကိုယ်တိုင် မုန့်ဟင်းခါးပြင်ပြီး သူကိုယ်တိုင်ပဲ ပေါက်စီ ထည့်ပေးလိုက်သည်။

ဆက်ဆံရေး ကောင်းလွန်းသောကြောင့် ဝန်ထမ်းလည်း တစ်ယောက်မှ မရှိ၍ ကိုယ်တိုင် စားပွဲထိုးနေရခြင်းပင်။

ကောင်မလေး မှာတာတွေအားလုံးကို ဦးဘထွားက စားပွဲခုံပေါ် ချပေးပြီးနောက် ကောင်တာမှာ သွားထိုင်ကာ ကြည့်ရှုသုံးသပ်နေ၏။

"အင်း. . . ဒီမိန်းကလေးက လှလိုက်တာ။ အစား စားရင်လည်း တဗျာဆန်ဆန်လေး စားမှာပဲ။ သူ မှာထားတာတွေအားလုံး ကုန်ဖို့ဆိုရင် နောက်ထပ် တစ်နာရီလောက် ထိုင်စောင့်ရမယ်ထင်တယ်။ ကိစ္စမရှိပါဘူး။ သူ ဒီမှာ ညအိပ်သွားလည်း ငါ ကြည်ကြည်ဖြူဖြူနဲ့ ဧည့်ခံမှာပါ"

ဦးဘထွားရဲ့ အထင်နဲ့အမြင် လွဲသွားပါသည်။

ပေါက်စီတစ်လုံးကို ပါးစပ်ထဲ တစ်လုတ်သာ ပစ်ထည့်ပြီး မုန့်ဟင်းခါး တစ်ပွဲလုံးကို ခေါင်းမော့၍ ပါးစပ်ထဲ လောင်းချလိုက်၏။ နောက် လက်ဖက်ရည်တစ်ခွက်ကို တစ်ကျိုက်သာမော့ပြီး သောက်ချ၏။

အဲဒီလိုနဲ့ ပေါက်စီသုံးလုံး မုန့်ဟင်းခါးနှစ်ပွဲ လက်ဖက်ရည် တစ်ခွက် ကုန်သွားသောအခါ ဦးဘထွေးပင် မျက်လုံးပြူးသွား၏။ ကြာချိန်ကို နာရီကြည့်လိုက်တော့ စက္ကန့်သုံးဆယ်တိတိ။

"ဘုရား. . . ဘုရား. . . ဒီလောက်ပါးစပ်ပေါက်ကျဉ်းကျဉ်း၊ ဗိုက်အိုး ကျဉ်းကျဉ်းလေးနဲ့ ဒီလိုစားတာ ငါတစ်သက် မမြင်ဖူးဘူး၊ လူမှ





ဟုတ်ရဲ့လား"

ကောင်မလေးက ဦးဘထွားကို ခေါ်ပြီး လှမ်းမှာ၏။

"ဦးလေး. . . နောက်ထပ် နွားနို့နှစ်လုံး၊ ထမင်းကြော် တစ်ပွဲနဲ့ ကော်ပြန့်နှစ်ပွဲ ချပေးပါ"

ဦးဘထွား ကောင်မလေးနားကို တုန်တုန်ရင်ရင်နှင့် ကပ်လာပြီး မေးသည်။

"မ. . . မဝသေးဘူးလားဟင်"

"ဘယ်ဝမလဲ ဦးလေးရ. . . ခုမှ နံကြားကပ်ရုံရှိသေးတာ။ ဒီဆိုင်မှာ နန်းကြီးသုပ်ကောရလား၊ ရရင် နှစ်ပွဲပြင်ပေး"

ဦးဘထွားတင်မက ဆိုင်ထဲက စားသုံးသူတွေပါ မျက်လုံးပြူး သာသည်။

"ဘုရား. . . ဘုရား၊ ဒီလိုမိန်းမမျိုးသာ ငါနဲ့ရရင် ငါ တစ်သက်လုံး သူစားဖို့ ရှာရတာနဲ့တင် ကြွေးတင်ပြီး။ ရုပ်ကလေး လှသလောက် တော်တော်စားနိုင်တဲ့ မိန်းကလေးပဲ"

ဆိုင်ရှင် ဦးဘထွား မယုံရဲယုံရဲနှင့် ကောင်မလေးမှာသော နန်းကြီးသုပ် နှစ်ပွဲ၊ ထမင်းကြော် တစ်ပွဲ၊ ကော်ပြန့် နှစ်ပွဲနှင့် နွားနို့ နှစ်လုံး တပြိုင်နက် ချပေးလိုက်ရာ ကောင်မလေးက လျှာကို တစ်ချက်သပ်ပြီး တစ်မိနစ်အတွင်း အပြီး စားပြလိုက်၏။

ပြီးတော့ ဗိုက်ကို ပွတ်ပြီး

"ကောင်းလိုက်တာ. . . ခုမှ အဆာပြေတယ်။ ဦးလေး နောက်ထပ် ခေါက်ဆွဲသုပ်သုံးပွဲ၊ အအေးတစ်လုံး၊ စမူဆာနှစ်ပွဲချပေး"

ဒီတစ်ခါတော့ ဆိုင်ထဲက စားသုံးသူတွေ ဇောချွေးပြန်ပြီး မသိ



www.burmeseclassic.com

www.burmeseclassic.com



မသာ ဆိုင်ထဲမှ ထ,ထွက်သွား၏။

ဦးဘထွားနှင့် ကောင်မလေးနှစ်ယောက်သာ ကျန်တော့သည်။ ဦးဘထွား ကြက်သီးမွေးညင်းတွေထပြီး ဆိုင်အနောက်ကို သွား၍ ကောင်မလေး မှာတာတွေ ပြင်ပေးလိုက်သည်။

ထို့နောက် စားပွဲပေါ် ချပေးပြီး

"စား. . . ညီ. . . ညီမလေး၊ အေးအေးဆေးဆေး စားနော် နင်နင်နေဦးမယ်"

ဦးဘထွား ချပေးပြီးသည်နှင့် ဆိုင်အပြင်ကို ထွက်ပြေးတော့သည်။

ထိုအခါ လမ်းမှာ ပထမ အရင်ပြေးသော စားသုံးသူနှစ်ယောက်နှင့် ဆုံ၏။

"ဟော့. . . ဟော့ကောင်တွေ နေဦး၊ မသွားနဲ့ဦး"

ဦးဘထွား နောက်က လှမ်းခေါ်သောအခါ ပြေးနေသော နှစ်ယောက်တ ချက်ချင်းရပ်ပြီး တောင်းပန်သည်။

"ဦး. . . ဦးဘထွား၊ ကျုပ်တို့ ပိုက်ဆံ မရှင်းချင်လို့ ထ,ပြေးတာ မဟုတ်ပါဘူးဗျာ"

"ဟုတ်. . . ဟုတ်ပါတယ်၊ ကျုပ်. . . ကျုပ်တို့ ခင်ဗျားဆိုင်က မိန်းကလေးတို့ မသင်္ကာလို့၊ ဒါ ဘယ်လိုနည်းနဲ့မှ လူမဖြစ်နိုင်ဘူး"

ဦးဘထွားလည်း မောကြီးပန်းကြီးနှင့် ပြောသည်။

"ငါ. . . မင်းတို့ကို ပိုက်ဆံလိုက်တောင်းတာ မဟုတ်ဘူးကွ၊ ငါလည်း ကြောက်လို့ ပြေးလာတာ. . . ဘာ. . . ဘာကြီးလဲ မသိဘူး"

"ဒါဆို ကျုပ်တို့ ခင်ဗျားဆိုင်ကို လှမ်းမြင်ရအောင် သစ်ပင်ပေါ်တ





တက်ချောင်းကြမယ်"

"အေး. . . ကောင်းတယ်"

ဦးဘထွားနှင့် စားသုံးသူနှစ်ယောက် သဘောတူညီမှု ရယူပြီး အနီးဆုံးက ကုက္ကိုပင်ပေါ်ကို တက်၍ လက်ဖက်ရည်ဆိုင်ဘက်ကို လှမ်းကြည့်နေလိုက်သည်။

ကောင်မလေးက စားသောက်ပြီးသောအခါ ဟိုဟိုဒီဒီ ကြည့်လိုက်ပြီး

"ဆိုင်ထဲမှာ တစ်ယောက်မှ မရှိပါလား။ ဆိုင်ရှင် ဘယ်ရောက်သွားလဲ ဆိုင်ရှင်"

တစ်ယောက်မှ ထွက်မလာသောအခါ ကောင်မလေး ဒေါသထွက်ပြီး စားပွဲကို လက်နှင့်ထုလိုက်၏။

"ဒုန်း"

"ဆိုင်ရှင် ဘယ်မှာလဲ။ နောက်ထပ် အသားဟင်းနဲ့ ထမင်းကြော်လေးပွဲ ချပေး၊ ဆိုင်ရှင်"

ဘယ်လိုမှ ခေါ်လို့မရတဲ့အဆုံး ကောင်မလေးရဲ့ မျက်[illegible]လေး တင်းမာခက်ထန်ကြမ်းတမ်းလာပြီး အသံကုန် ဖျစ်ညှစ် အော်လိုက်၏။

"ဆိုင်ရှင်"

သစ်ပင်ပေါ်မှာ တက်ချောင်းနေသော လူသုံးယောက် ခေါင်းမွေးတွေ ထောင်ပြီး မျက်လုံးတွေ ပြူးလာသည်။

လက်ဖက်ရည်ဆိုင်လေးရဲ့ ခေါင်မိုးတွေ ပွင့်ထွက်ကုန်ပြီး အထဲမှ ဘီလူးမတစ်ကောင် ကုန်းထလာ၏။

နီနီရဲရဲ မျက်လုံးတွေနှင့် စူးစူးရဲရဲ လျှောက်ကြည့်နေပြီး ဟူးဟူးဝါးဝါး



www.burmeseclassic.com

www.burmeseclassic.com

ပေါ့လိုင်း – ၂၆

အော်လိုက်ပုံက

"ဘီလူးမ ချက်ပြုတ်တဲ့ပော့"

* * * * *



(၁)

လပြည့်ည သန်းခေါင်ယံအချိန်။

လက်ပံတောရွာက ထုံးဖြူဖြူ အောင်စေတီလေးရဲ့ ရင်ပြင်ပေါ်တွင် အဖိုးကြီးနှစ်ဦး မမ္မအကြောင်း ဆွေးနွေးနေကြ၏။

နဖူးပြောင်ပြောင် မျက်မှန်နှင့် အဖိုးကြီးက ခြေထောက်နှစ်ဖက်တို့ အညောင်းဆန့်လိုက်ရင်း

"ဒီညတော့ တရားမှတ်ရတာ အင်မတန်ကောင်းတယ်ဗျာ၊ လတလေးကလည်း သာ၊ လေညှင်းလေးတွေကလည်း တိုက်၊ ဘုရားတဆည်းလည်းသံလေးတွေကလည်း တချွင်ချွင်နဲ့ လူကို အေးမြကြည်လင်နေတာပဲ"

ထိုအခါ နှုတ်ခမ်းမွှေးကားကားနှင့် ခေါင်းဖြူအဖိုးကြီးက သူ့မုတ်ဆိတ်မွှေးတွေကို လက်နှင့် ပွတ်သပ်လိုက်ပြီး

"အဲဒါ တကယ်တော့ ခင်ဗျား သုခဝေဒနာ ခံစားနေရတာဗျ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီသာယာမှုနောက်ကို လိုက်ပြီး ပါသွားရင် ခင်ဗျားရဲ့ သန္တာန်မှာ လောဘ တဏှာတွေ တက်လာတော့မယ်။ အဲဒီသာယာမှုဝေဒနာလေးတလည်း မမြဲပါလားဆိုပြီး မှတ်နိုင်မှ ဘာဝနာ ဖြစ်တော့မပေါ့။ ကျုပ်ကတော့ ခြေထောက်တွေ နာကျင်ထုံထိုင်းလာတဲ့ ဒုက္ခဝေဒနာကိုပဲ ရှုနေတယ်။ အရာအားလုံးက ဖြစ်ပြီးပျက်တာပဲလေ။ နာတာလည်း မမြဲဘူး၊ သာယာတာလည်း မမြဲဘူး မဟုတ်လား"

"ဒါကတော့ ကျုပ်လည်း သိတာပေါ့ဗျာ၊ ကျုပ်ပြောတာက အဲဒီကောင်းတဲ့ခံစားချက်လေးအကြောင်း ပြောပြတာပါ။ သာယာတဲ့ ခံစားမှုနောက်ကို လိုက်သွားတာ မဟုတ်ပါဘူး"

"ဒီလိုဆိုရင်တော့ ကောင်းတာပေါ့ဗျာ၊ လူတွေဟာ တဏှာဆိုတဲ့ တပ်မက်သာယာစိတ်ကို မစွန့်လွှတ်နိုင်လို့ သံသရာတွေ လည်နေကြတာ။ အဲဒီတဏှာကိုသာ ဖြတ်နိုင်ရင် နိဗ္ဗာန်ရောက်ဖို့ သေချာပြီပေါ့"

"ဒါပေါ့ဗျာ. . . ကျုပ်တို့ဟာ ဘဝဆိုတဲ့ ဒုက္ခပင်လယ်ပြင်ကြီးထဲမှာ ကူးခတ်နေရတဲ့သူတွေပဲ။ နိဗ္ဗာန်သောင်ကမ်းကို ဆိုက်ရောက်ဖို့ မကြိုးစားဘဲ လောကခံလှိုင်းလေတွေကြားမှာ မြုပ်ချည်ပေါ်ချည်နဲ့ သာသာယာယာ ကူးခတ်နေမယ်ဆိုရင် ကျုပ်တို့လောက်မိုက်တဲ့သူ ဘယ်ရှိတော့မလဲ"

"မှန်တာပေါ့ဗျာ၊ ဘဝဆိုတာ ဘာမှ တပ်မက်သာယာစရာ မရှိပါဘူး။ မွေးကတည်းကစရင် လမ်းလျှောက်တတ်ဖို့ ကြိုးစားရတယ်၊ စကား ပြောတတ်ဖို့ ကြိုးစားရတယ်၊ စာတတ်ဖို့ ကြိုးစားရတယ်။ ကြီးလာတော့လည်း စီးပွားရေးအတွက် လုံးပန်းရ ငွေကြေးဥစ္စာတွေ ရှာဖွေရနဲ့ နောက်ဆုံးတော့လည်း ခန္ဓာကြီးက အိုတဲ့ နာတဲ့ သေတဲ့ဆီကို သွားရတာပဲ





မဟုတ်လား။ ဘာမှ မကျန်ခဲ့ပါဘူး။ အနှစ်မရှိတဲ့ ခန္ဓာကြီးပါပဲ၊ အဲဒါကို တဏှာနဲ့ စွဲလမ်းနေဦးမယ်ဆိုရင် နောက်ထပ် ဘဝထပ်ရ အသစ်တနေ ပြန်စရ၊ ဘာထူးဦးမှာလဲ"

"အမှန်ပေါ့ဗျာ. . . နာရီလက်တံလိုပေါ့၊ ၁၂ ကနေ စ,ရင် နောက်ဆုံး ၁၂ ကိုပဲ ပြန်သွားရတာပါပဲ။ တစ်နေ့ တစ်နေ့ မရပ်မနား သွားနေပေမယ့် သူ့မှာ လမ်းဆုံးတယ်ဆိုတာမှ မရှိဘဲ။ သံသရာဆိုတာလည်း အဲဒီနာရီလက်တံလိုပါပဲ"

"ကောင်းလိုက်တဲ့ စကားဗျာ။ ကျုပ် နေ့စဉ်ရက်ဆက် နာရီကြည့်ပေမယ့် အဲဒီလို မတွေးခဲ့မိဘူး။ ခင်ဗျားပြောမှ နောက်ဆို ကျုပ် နာရီကြည့်ရင်း သံဝေဂ ယူတော့မယ်"

"ကောင်းတာပေါ့ဗျာ၊ သံဝေဂလည်းယူ တဏှာလည်း ဖြတ်နိုင်အောင် ကြိုးစားဗျို့။ လူတွေကို သံသရာလည်စေတဲ့ တရားက တဏှာပဲ"

"အဲဒါကြောင့်လည်း ကျုပ် ခုချိန်ထိ မိန်းမမယူဘဲ လူပျိုကြီး ဖြစ်နေတာပေါ့ဗျာ၊ တဏှာရဲ့ ဆိုးကျိုးကို သိလို့ နောက်ထပ် အပူ မရှာချင်တာပေါ့။ ကိုယ်ရထားတဲ့ ရုပ်နာမ်ကြီးကိုတောင် ဖြတ်ဖို့ ကြိုးစားနေတာ၊ နောက်ထပ် သံယောဇဉ်ထပ်တွယ်စရာ အိမ်ထောင်သားမွေးပြုလိုက်လို့ကတော့ တဏှာက ကိုယ့်ခန္ဓာမှာတင်မဟုတ်ဘဲ တခြားခန္ဓာကိုယ်တွေဆီပါ လိုက်ကပ်ပြီး သံသရာပြတ်တော့မှာ မဟုတ်ဘူးဗျို့"

"ကျုပ်လည်း ဘာထူးလဲဗျာ၊ မိန်းမတွေ ဘယ်လောက်ချောချော နှာမိုးလင်းတာနဲ့ မျက်နှာသစ် သွားတိုက်ရတာပဲ မဟုတ်လား။ နေ့စဉ်ရက်ဆက် အပုပ်ရည်တွေ ယိုစီးနေတဲ့ ခန္ဓာကိုယ်က အရေပြားအထောက်စာလေးကို သာယာမိရင် တစ်သက်လုံး ရူးလို နွားလို



www.burmeseclassic.com

www.burmeseclassic.com



ရှန်းကွေးရတော့မှာပဲလေ။ အဲဒါကို သိလို့ ကျုပ် ခုချိန်ထိ လူပျိုကြီးဘဝနဲ့ တရားရှာနေတာပေါ့"

"ကောင်းတယ်ဗျာ. . . ကောင်းတယ်။ ကျုပ်တို့နှစ်ယောက်ဟာ ဘဝတူတွေပဲ။ မိန်းမတွေကို အသုဘခန္ဓာကြီးအဖြစ် ရှုမြင်ပြီး စိတ်မဝင်စားတာလည်း တူတယ်။ အဲဒီတော့ တရားထူးရဖို့ မဝေးတော့ပါဘူး။ နောက်နေ့တွေလည်း ဒီလိုပဲ ညသန်းခေါင် လူခြေတိတ်ချိန် အေးအေးဆေးဆေး တရား လာထိုင်ကြတာပေါ့"

နှုတ်ခမ်းမွှေးကားကားနဲ့ အဖိုးကြီးရဲ့ အဆိုကို နဖူးပြောင်ပြောင် အဖိုးကြီးက ထောက်ခံသည့်အနေနဲ့ ပြုံးပြီး ခေါင်းညိတ်လိုက်သည်။

*♫ သံယောဇဉ် ငြိတွယ်မိပြီကွယ် xxx ဦးနဲ့*

*သမီးတို့ရဲ့ဘဝ xxx မတွေ့ရ မနေနိုင်တော့ဘူးကွယ် ♫*

ရှုတ်တရက် နားထဲ တိုးဝင်လာသော သီချင်းသံသဲ့သဲ့လေးကြောင့် အဖိုးကြီးနှစ်ဦး ကြောင်သွားသည်။

"ဟေ့လူ ကျုပ်နားထဲ သီချင်းသံလိုလို ကြားမိသလိုပဲ"

"ကျုပ်လည်း ကြားတယ်ဗျ။ ဒါ မိန်းကလေးတစ်ယောက် ဆိုနေတဲ့ အသံပဲ"

"ဆက်နားထောင်ကြည့်ရအောင်"

*♫ ဦးရယ် xxx ဦးရယ် xxx ဦးမလာတဲ့နေ့လေး*

*များဆို xxx သမီးတော့ သိပ်သိပ်လွမ်းတယ် ကြိတ်ငို*

*ရတယ် ချစ်သော ဦးရယ် ♫*

အဖိုးကြီးနှစ်ဦး မျက်လုံးတွေ ပြူးသွား၏။

"သေချာတယ် ဟေ့လူ. . . မိန်းကလေးတစ်ယောက်ဆိုနေတာ၊





ဒီအချိန်ကြီး ဘယ်သူကများ ဒီနားမှာ သီချင်းလာဆိုနေပါလိမ့်"

"မ. . . မဟုတ်မှလွဲရော နာနာဘာဝတွေများလား"

"ဟာ. . . မဖြစ်နိုင်ပါဘူး၊ အသံလေးက ကရုဏာသံလေး။ ဒါ ဆူမိန်းကလေးပဲ ဖြစ်ရမယ်. . . ဘယ်နားမှာ ဆိုနေတာလဲ သွားကြည့်ရအောင်"

နဖူးပြောင်ပြောင်နှင့် အဖိုးကြီးက အကြောက်အကန် ငြင်းသည်။

"ဟာ. . . မ. . . မကြည့်ပါဘူး။ ကြည့်ချင်ရင် ခင်ဗျားဘာသာသွား"

"ဒါဆို ခင်ဗျားက တစ်ယောက်တည်း နေခဲ့မယ်ပေါ့"

"အမ်. . . မ မနေရဲဘူး"

"ကဲ. . . လာပါဗျာ ပြောနေ ကြာတယ်။ ကျုပ်တို့က တရားသမားတွေပဲ။ ဘာသရဲမှ မကြောက်နိုင်ပါဘူး"

နှုတ်ခမ်းမွှေးကားကားနှင့် အဖိုးကြီးက အဲဒီလိုပြောပြီး အတင်းဆွဲခေါ်သွားရာ နဖူးပြောင်ပြောင်နှင့် အဖိုးကြီး ယက်ကန်ယက်ကန်နှင့် ပါလာသည်။

*♫ ခါးလေးလှုပ်ကာ လမ်းလျှောက်သွားရင်*

*ကောင်လေးတွေ ကြည့်တယ် xxx မျက်လုံးလေး*

*တစ်ဖက်ကို မှိတ်ပြလိုက်ရင် တစ်ပုံကြီး ပါလာမယ် xxx*

*ကျွန်မရဲ့ အသက်အရွယ် ကလေးလေး မဟုတ်တာ*

*သူတို့တွေ သိတယ် xxx ချစ်တဲ့စိတ်တွေ အသည်းထဲ*

*ရှိတာ ယုံစမ်းပါ ရှင်ရယ် xxx ♫*

အသံက တဖြည်းဖြည်း ပိုပို ပီပြင်လာသောကြောင့် အနားနီးနေပြီ

www.burmeseclassic.com



ဆိုတာ သိလိုက်ရသည်။

လူကိုတော့ မမြင်ရသေး။

နှစ်ယောက်သား ရင်တွေတောင် တဒိတ်ဒိတ်နှင့် ခုန်လာသည်။

♫ မျက်နှာပုံဟန် xxx မိမိုက်မိုက် ကောင်လေး

တစ်ယောက်ယောက်ကို xxx ချစ်ပစ်လိုက်မယ် xxx

အရမ်းချစ်လိုက်မယ် xxx မလွန်ဘူး ထင်ပါတယ် ♫

အသံလာရာကို မှန်းဆကြည့်ရာ ဘုရားမြောက်ဘက် မြုံ့နွယ်တွေ နောက်က ထွက်နေခြင်း ဖြစ်သည်။

အဲဒီနားမှာ ကြာမျိုးငါးပါး ရေကန် အပေါင်းကြီးတစ်ခုလည်း ရှိ၏။

ထို့ကြောင့် နှစ်ယောက်သား တိတ်တဆိတ် လျှောက်လှမ်းသွားရင်း မြုံ့နွယ်တွေကို အသာဖြဲကြည့်လိုက်ချိန်မှာတော့

♫ တိုတိုရေ xxx ကွယ်ရာမှာ ခြေမများနဲ့နော်

xxx တိုတိုရေ xxx စာမှန်မှန် သူ ရေးပါနော် xxx

တိုတိုနော် ♫

အဖိုးကြီး နှစ်ယောက် ရုပ်နာမ် ကွာသွားလေပြီ။

သူတို့လိပ်ပြာတွေကို နုတ်ယူသွားသော လရောင်အောက်က သဘာဝ ပန်းချီကားတစ်ချပ်။

♫ စိတ်မချဘူးလို့ ပြောရင် စိတ်မဆိုးနဲ့နော်

xxx စိတ်ချပါတယ်ဆိုရင် ရောင့်မတက်နဲ့နော် xxx

ညတိုင်း သူ့ကို ရှိခိုးပြီး အိပ်တာ လိမ်လိမ်မာမာ

နေပါနော် xxx မဆိုးနဲ့နော်၊ မကဲနဲ့နော် xxx ဝေးနေ





တုန်းမှာ ချစ်နော် လွမ်းနော် xxx ကိုကိုနော် xxx ♫

အဲဒီ သဘာဝပန်းချီကားလေးကတော့ ညကြီးသန်းခေါင် လမိုးရောင်အောက်မှာ ရေကန်ထဲ ရေစိမ်ရင်း သီချင်း ညည်းနေသည့် မိန်းမလှလေး။

အဝတ်အစားက ဗလာနတ္ထိ၊ ဘယ်သူမှ မရှိဘူးထင်၍ ကိုယ်တစ်ပိုင်းကို ရေပေါ်မှာ ရှုံးပြထားပြီး ဆံပင်ရှည် ဖားလျားလေးရှေ့ချ၍ မလုံ့တလုံ ကာကွယ်ထား၏။

ဒါတောင်မှ ကောက်ကြောင်းအလှက လရောင်အောက်မှာ ဖောင်းကြွနေသည်။

အဖိုးကြီးနှစ်ဦးလည်း အသက်ရှူဖို့ကိုမေ့ပြီး ပါးစပ်အဟောင်းသားဖြင့် ချောင်းနေမိတော့သည်။

ဒီလောက် အေးနေတဲ့အချိန်မှာ ညကြီး မိုးချုပ် ရေကစားနေတဲ့ မိန်းကလေးက လူလား၊ ဥစ္စာစောင့်လား၊ ဒါမှမဟုတ် မိုးပေါ်က နတ်သမီးလား။

လှတာတော့ တော်တော်လှသည်။

နဖူးပြောင်ပြောင်နှင့် အဖိုးကြီးဆို ချောင်းရတာ မြင်ကွင်း သိပ်ရှင်းသဖြင့် သူ့ရှေ့မှာ ကာဆီးကာဆီး ဖြစ်နေသော သစ်ကိုင်းခြောက်ကို ဖယ်ရှားလိုက်သည်။

"ဖွတ်"

အသံကတော့ မြည်တာ တိုးတိုးလေး။ သစ်ကိုင်းခြောက် ကျိုးသွားတဲ့အသံ၊ ဒါပေမဲ့ ကောင်မလေးကတော့ ကြားဖြစ်အောင် ကြားလိုက်၏။

ဒီဘက်ကို လှည့်ကြည့်ပြီး မျက်လုံးတွေက ရဲရဲတောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ။ သူတို့နှစ်ယောက် ချောင်းနေတာကို မြင်သွားပြီ။ စူးရှလိုက်သည့် မျက်ဝန်း။ အမှောင်ကြီးထဲမှာတောင် သူတို့ မျက်လုံးလေးလုံးကို ရအောင် ဖမ်းနိုင်၏။

ကောင်မလေးမျက်နှာ ရှက်ရမည့်အစား တင်းမာခက်ထန်သွားပြီး ရေအောက်ထဲကို ငုပ်လျှိုးပျောက်ကွယ်သွားသည်။

နှုတ်ခမ်းမွေးကားကားနှင့် အဖိုးကြီးက နဖူးပြောင်ပြောင်နှင့် အဖိုးကြီးကို အပြစ်တင်လိုက်သည်။

"ခင်ဗျားဗျာ၊ ချောင်းတာ ကောင်းကောင်း မချောင်းဘူး။ ခင်ဗျား လုပ်လို့ ကောင်မလေးသိပြီး ရှုတ်သွားပြီ၊ ရေငုပ်ပြီး ပြေးပြီလား မသိဘူး။ နောက်ထပ် နည်းနည်းထပ်စောင့်လိုက်ရင် တစ်ကိုယ်လုံး မြင်ရင် မြင်ရမှာဗျ၊ ခုတော့ ထစ်ပိုင်းတည်း မြင်ရတော့တယ်"

"တျှော်လည်း မြင်တွင်းမရှင်းလို့ ရှေ့က သစ်ကိုင်းခြောက်ကို ဖယ်လိုက်တာပါဗျာ၊ ဒီလို ဖြစ်မယ်မှန်းသိရင် မြင်သလောက်ပဲ ချောင်းပါတယ်"

အဲဒီအချိန် ရေကန်ထဲမှ တစ်စုံတစ်ခု ထွက်ပေါ်လာသည်ကို တွေ့လိုက်ရသဖြင့် နှစ်ယောက်သား ပြိုင်တူ လှမ်းကြည့်မိလိုက်ရာ

"အား"

ငယ်သံပါအောင် အော်ပြီး ထွက်ပြေးကြသော်လည်း မလွတ်တော့ပါ။ ကြီးမားသော လက်ကြီးနှစ်ဖက်ဖြင့် သူတို့ ခါးလယ်ကို ဖမ်းဆုပ်ခြင်း ခံလိုက်ရပြီး အစွယ်ပြူးပြူးတွေ ကြားထဲ ခေါင်းဝင်သွားတော့သည်။

* * * * *



(၆)

"စခန်းမှူးကြီး. . . အလွတ်စုံထောက် နွယ်ရှင် ရောက်လာပါပြီ"

"အေး. . . ဝင်ခိုင်းလိုက်ကွာ"

ရဲသားလေး ပြန်ထွက်သွားသောအခါ စခန်းမှူးကြီးက လုပ်လက်စအလုပ်ကို ရပ်ပြီး နွယ်ရှင်ကို စောင့်နေလိုက်သည်။

မကြာပါ။ နွယ်ရှင်တစ်ယောက် သူ့ရဲ့ လက်စွဲတော် တယောတိုတျာမှာလွယ်ပြီး စခန်းမှူး ရုံးခန်းထဲ ဝင်လာသည်။

စခန်းမှူးက ခရီးဦးကြို ပြုလိုက်၏။

"ထိုင် မောင်ရင်. . . မောင်ရင့်ကို စောင့်နေတာ"

နွယ်ရှင်က စခန်းမှူးကို တစ်ချက်အလေးပြုပြီး ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

"ဘယ်လို အရေးကိစ္စများ ပေါ်လာလို့ ကျွန်တော့်ကို အရေးတကြီး ခေါ်ခိုင်းလိုက်ရတာလဲ စခန်းမှူးကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ကိစ္စကတော့ ထိပ်ဝရောက်နေပြီဆို့ ပြောရမှာပဲ နွယ်ရှင်. . . မောင်ရင် သိပြီးဖြစ်မှာပေါ့။ လူရိုင်းတွေ ပင်လယ်ဝ ဘက်ကနေ တို့မြေထဲ ကျူးကျော်ဝင်ရောက်လာပြီး မတရားစစ်ပြု သိမ်းပိုက် နေတယ်။ အမျိုးကောင်းမိန်းကလေးတွေကို ဖျက်ဆီးစော်ကားတယ်။ ယောကျ်ားတွေကို ဖမ်းဆီးသတ်ဖြတ်တယ်။ ခွန်အားဗလပြည့်စုံတဲ့သူဆို သူတို့ရဲ့ ကျွန်အဖြစ်နဲ့ အလုပ်ကြမ်းတွေ ခိုင်းစေတယ်"

"သိပြီးပါပြီဗျာ. . . ဒီပြဿနာကို ခေါင်းအေးနေလို့တော့ မရဘူး"

"အခုတစပြီး ခေါင်းရှုပ်ရတော့မှာပါ မောင်ရင်"

နွယ်ရှင် စိတ်ဝင်စားသွားသည်။

"ဗျာ. . . ဘယ်လို"

"ဒီလိုကွား . . မောင်ရင့်ရဲ့သတင်းကို ကျုပ်ကနေတဆင့် အထက်တို့ တင်ပြနိုးကူးထားတယ်။ မောင်ရင်ဟာ ထူးဆန်းတဲ့ တယော တစ်လက်ကို ပိုင်ဆိုင်သူဖြစ်တဲ့အကြောင်း မောင်ရင့်ရဲ့ တယောနဲ့ လူဆိုး ဝိုက်း ဘိန်းဖြူဂိုဏ်းတွေကို သွေးတစ်စက်မထွက်ဘဲ ဖမ်းပေးခဲ့တဲ့ အကြောင်းတွေ အထက်လူကြီးတွေရဲ့ ရွှေနားတော်အထိ ပေါက်ကြား သွားတယ်။ အခုဆို နိုင်ငံတော်အေးချမ်းသာယာရေးအတွက် ကြိုးစား နေတဲ့အချိန်မှာ စစ်ပွဲတွေ မဖြစ်ချင်ဘူး။ အပြစ်မဲ့တဲ့ ပြည်သူတွေ အိုးမဲ့ အိမ်မဲ့ဘဝ မရောက်စေချင်ဘူးတဲ့. . . အဲဒီတော့ တိုက်ဆိုင်စွာပဲ မောင်ရင့်ရဲ့ တယောနဲ့ ဒီကောင်တွေကို ပြန်လွှတ်ပေးပါ. . . ဒီမြေပေါ်မှာ မရှိအောင် လုပ်ပါ. . . နောက်ထပ် ထပ်ရောက်လာမယ့် စစ်သင်္ဘောတွေကိုလည်း အနားမကပ်နိုင်အောင် မောင်းထုတ်ပေးပါတဲ့"





"ဒါ. . . ဒါဆို ကျွန်တော်က"

"မောင်ရင် ချိုလိမ်တောင်ကို သွားရမယ်"

နွယ်ရှင့်ထံမှ စကားသံတွေ ခဏမျှ တိတ်ဆိတ်သွားသောအခါ

"ဘယ်လိုလဲ မောင်ရင်. . . မသွားချင်ဘူးလား"

နွယ်ရှင်က ခေါင်းကို ခါယမ်းလိုက်ပြီး. . .

"မဟုတ်ဘူး. . . သွားချင်လွန်းလို့ ဝမ်းသာနေတာ။ ကိုယ့်လူမျိုး အရေးကိစ္စအတွက် ဒီလောက်ကြီးကျယ်တဲ့ ကိစ္စကြီးကို ဆောင်ရွက်ရမယ် ဆိုတော့ ဒီလိုအခွင့်အရေးမျိုး နောက်ထပ်တစ်ခါ ထပ်မရနိုင်ဘူးလို့ တွေးနေတာ"

စခန်းမှူးကြီး နွယ်ရှင်ရဲ့ စကားကြောင့် ကျေနပ်သွား၏။

"ဝမ်းသာတယ် မောင်ရင်. . . ဒီကိစ္စကြီး အောင်မြင်ရင် မောင်ရင်ဟာ သတင်းစာဂျာနယ်တွေထဲမှာ နေရာအပြည့်ယူပြီး ချက်ချင်း နိုင်ငံကျော်တစ်ယောက် ဖြစ်သွားမှာ. . . ဒါပေမဲ့ သတိတော့ ထားသွားပါ။ ဒီကိစ္စက ပေါ့လို့ မရဘူး။ မောင်ရင်နဲ့အတူ မြောက်ရဲအုပ်နဲ့ တောင်ရဲအုပ်တို့ကိုပါ အဖော်ရအောင် ထည့်ပေးလိုက်မယ်"

"ကျွန်တော် တစ်ယောက်တည်း သွားလည်း ရပါတယ်။ ဒီရဲအုပ် နှစ်ယောက်က ကျွန်တော့်အပေါ် အမြင်မကြည်လင်တော့ လမ်းမှာ စိတ် အသိကအောက် ဖြစ်နေဦးမယ်"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲကွာ. . . သူတို့နှစ်ယောက်က မင်းနဲ့ စိမ်းနေသေးလို့ပါ. . . ဘာပဲပြောပြော သူတို့ပါတော့ မင်းလည်း ဘယ် သက်ရှုံးနဲ့ ညာလက်ရုံးအဖြစ် အားကိုးလို့ ရတာပေါ့။ အတိုင်းအစောင်း တစ်ခုခုဖြစ်ရင်လည်း ချက်ချင်း အကြောင်းကြားလို့ ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



စခန်းမှူးပြောသည်မှာလည်း အကျိုးသင့် အကြောင်းသင့် ဖြစ်နေ၍ နွယ်ရှင် ခေါင်းညိတ်လက်ခံလိုက်ပါသည်။

စခန်းမှူးကတော့ ကိုယ့်အတွေးနှင့် ကိုယ် ပြုံးလိုက်သည်။

"အင်း. . . လူရိုင်းတွေကတော့ သူတို့ကို နှိမ်နင်းဖို့လာတဲ့ စစ်တပ်က သုံးယောက်တည်းဆိုပြီး အစတော့ ရယ်နေမှာပဲ. . . နောက်မှသာ. . ."

* * * * *



(၇)

ချိုလိမ်တောင်ရဲ့ အနိဋ္ဌာရုံမြင်ကွင်းက မြင်ရသူကို ရင်ဆို့သွားစေသည်။ အိမ်တွေကို မီးရှို့၊ ကျေးရွာတွေ ဖျက်ဆီး၊ လူတွေကို နှိပ်စက်ထားသည့် လုပ်ရပ်တွေက ယဉ်ကျေးမှုမဲ့လွန်းသည်။

လူရိုင်းတွေရဲ့ ရက်စက်မှုကို အင်အားချင်းမမျှသဖြင့် နာကြည်းစွာ ခေါင်းငုံ့ခံနေရသော ရွာသားတွေအတွက် နွယ်ရှင်တို့ သုံးယောက်တ ရေနစ်ချိန်မှာ မျှောလာသော ဝါးသုံးချောင်းနှင့် တူနေ၏။

နွယ်ရှင်ကလည်း သူရောက်လာတဲ့အချိန်မှစပြီး လူရိုင်းတွေ နောက်ထပ် အကြမ်းမဖက်စေရ ပင်လယ်ဘက်မှ လူရိုင်းတို့ရဲ့ စစ်တူ သဘော်တွေလည်း ထပ်မဝင်လာစေရဟု ကတိပေးထားသည်။

ရွာသားတွေ နွယ်ရှင်ရဲ့ စကားကို ယုံတစ်ဝက် မယုံတစ်ဝက် ရှိနေကြသော်လည်း သူရောက်ပြီး နောက်တစ်နေ့တွင် ဘယ်လိုဘယ်လို သတ်စွမ်းပြလိုက်သည်မသိ။ ချိုလိမ်တောင်မှာ သောင်းကျန်းနေကြသော



www.burmeseclassic.com

www.burmeseclassic.com



လူရိုင်းတွေ ပင်လယ်ထဲ လက်ပစ်ကူးပြီး ဆင်းပြေးရသောကြောင့် နွယ်ရှင်ရဲ့ အစွမ်းကို အသိအမှတ်ပြုသွားကြသည်။

ဒါကလည်း သူ့တယောကြောင့်ပင်။ ချိုလိမ်တောင်မှာရှိတဲ့ ရွာသားတွေအားလုံးကို နားထဲ ဂွမ်းဆို့စေပြီး ကြောက်မက်ဖွယ် တောင်းသော တယောသံစဉ် ထိုးပြလိုက်ရာ လူရိုင်းတွေ သူများမြေပေါ်မှာ ဗိုလ်မကျနိုင်တော့ဘဲ ပင်လယ်ထဲ အသေခံ ဆင်းပြေးရခြင်း ဖြစ်၏။

ဒါပေမဲ့ နောက်ထပ် ပင်လယ်ဘက်မှ ဝင်လာနိုင်သော လူရိုင်းစစ်သဘော်အရေးကိုတော့ လျစ်လျူရှုထားလို့ မဖြစ်။ နွယ်ရှင်က ရွာသားတွေ အားလုံးကို အရေးပေါ် အစည်းအဝေးခေါ်ပြီး ဆက်ဖြစ်လာနိုင်မည့် အကျိုးဆက်အတွက် စီစဉ်စရာရှိသည်များကို ကြိုတင်မှာကြားလေသည်။

"မိတ်ဆွေတို့. . . အခုဆိုရင် ချိုလိမ်တောင်မှာ ရှိတဲ့ လူရိုင်းတွေ အားလုံးလည်း ခွေးပြေးဝက်ပြေး ပြေးကုန်ပြီ။ ရွာသားတွေအတွက် အရင်လို တိုးလန့်စာ စားမနေရတော့ပါဘူး. . . ဒါပေမဲ့ နောက်ထပ် ပင်လယ်ဘက် တနေ ဝင်လာနိုင်တဲ့ လူရိုင်းစစ်သဘော်တွေ အန္တရာယ်ကိုတော့ မေ့ထားလို့ မရဘူး"

ထိုအခါ ရွာသားတွေက နွယ်ရှင်ကို စောဒက တက်သည်။

"ဒါများ ဆရာလေးရယ်. . . ဆရာ့ရဲ့တယောနဲ့ လက်စွမ်းပြ လိုက်ရုံပေါ့. . . ဆရာ့ရဲ့တယော ဘယ်လောက် စွမ်းတယ်ဆိုတာ ကျုပ်တို့ အားလုံး မျက်မြင်ပဲဟာ"

နွယ်ရှင်က လက်ကာပြလိုက်ပြီး

"အဲဒီလို လွယ်လွယ်လေး ပြောလို့ မရပါဘူးဗျ၊ ကျွန်တော့်ရဲ့ တယောက ကိုယ်လိုသလို အသုံးချလို့ ရတယ်ဆိုပေမယ့် သူ့ရဲ့အသံ





သွားနိုင်တဲ့နှုန်းက အတိုင်းအတာ ရှိပါတယ်။ ဥပမာ လူရိုင်းစစ်သဘော်တွေက တယောသံ မကြားနိုင်လောက်တဲ့ အကွာအဝေးလောက်တနေ အမြောက်နဲ့ လှမ်းထုမယ်ဆိုရင် ကျွန်တော် ထိုးနေတဲ့ တယောက အလကားပါပဲ"

ထိုအခါမှ ရွာသားတွေ စဉ်းစားမိသွားသည်။

"အင်း. . . ဒါလည်း ဟုတ်တယ်ဟ၊ သူတို့ လက်နက်တွေက သိပ်ကောင်းတာ။ အဝေးကြီးကနေ လှမ်းဆော်ရင် ဒုက္ခပဲ"

နွယ်ရှင်က ဆက်၍

"အဲဒီတော့ ကျွန်တော် စဉ်းစားမိတာ တစ်ခုရှိပါတယ်၊ ချိုလိမ်တောင်မှာရှိတဲ့ လူရိုင်းတွေအားလုံး ပင်လယ်ထဲဆင်းပြေးပြီး သေကုန်ပြီ ဆိုတဲ့ သတင်းရတာနဲ့ နောက်ထပ်လူရိုင်းလူမျိုးစုတွေဟာ နေရာအနှံ့ကနေ ရောက်လာမှာပဲ။ သူတို့ လာနိုင်စရာ လမ်းကတော့ ဒီပင်လယ်ဝဘက်က သဘော်နဲ့ လာဖို့တစ်လမ်းပဲ ရှိတယ်။ အဲဒီတော့ ကျွန်တော်တို့တွေဟာ သူတို့ ရောက်မလာခင် ကိုယ့်ဘက်က အရင်ပြင်ဆင်စရာရှိတာ ပြင်ဆင်ထားရမယ်။ အဲဒီလိုပြင်ဆင်တဲ့နေရာမှာ လူရိုင်းသဘော်တွေဟာ အဝေးကနေ ဒီဘက်ကို လက်နက်ကြီးနဲ့ လှမ်းမထုခင် ကျွန်တော့်ရဲ့တယောသံကို သူတို့ ကြားနိုင်ဖို့ လိုတယ်။ အဲဒီတော့. . ."

နွယ်ရှင် ဆက်ပြောမည့်စကားကို ရွာသားတွေ စိတ်ဝင်တစား နားစွင့်နေကြ၏။

"ခင်ဗျားတို့ဆီမှာ. . . ဗုံအားကောင်းကောင်း စောင်းဘောပ် စီတာတွေ ရှိကြလား"

"ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အားလုံး တညီတညွတ်တည်း ဖြေသည်။

"ဟုတ်ပြီ။ ဒါဆိုရင် ပင်လယ်ကမ်းစပ်မှာ အဲဒီစောင်းဘောက်တွေ စပီကာတွေနဲ့ မိုက်ကြိုးသွယ်ပြီး အဆင်သင့်လုပ်ထားလိုက်၊ ကျွန်တော်တို့ ဘက်ကနေလည်း မှန်ပြောင်းနဲ့ ပင်လယ်ဘက်ကို စောင့်ကြည့်နေမယ်။ သင်္ဘောတစ်စီးစီး ဝင်လာပြီဆိုတာ တွေ့တာနဲ့ ရပ်ခိုင်းမယ်။ မရပ်ဘဲ ဝင်လာမယ်ဆိုရင် အဲဒါ လူရိုင်းတွေရဲ့ သင်္ဘောဆိုတာ သေချာသွားပြီ။ ဒါဆိုရင် ကျွန်တော်က စိတ်ညှို့သံစဉ် တယောကို စ,ထိုးမယ်။ တယောသံကို မိုက်နားကပ်ပြီး ထိုးမှာ ဖြစ်တဲ့အတွက် လူရိုင်းတပ်သားတွေ အဝေးက နေပြီး ကြားရလိမ့်မယ်။ အဲဒါဆိုရင် သူတို့ကို ကြိုက်တာလုပ်ခိုင်းလို့ရပြီ။ နောက်ကြောင်းပဲ ပြန်လှည့်ခိုင်းခိုင်း၊ ပင်လယ်ထဲပဲ ခုန်ဆင်းသေခိုင်း သေခိုင်း တယောရဲ့ စိတ်ညှို့သံစဉ်ကြောင့် သူတို့ စိတ်နဲ့လူ မကပ်ဘဲ ခိုင်းတဲ့အတိုင်း လိုက်လုပ်လိမ့်မယ်။ ဒါဆိုရင် နောက်ထပ် ဘယ်သင်္ဘောမှ ချိုလိမ်တောင်ကို ကပ်ရဲမှာ မဟုတ်တော့ဘူး"

"ဟေး"

နွယ်ရှင်ရဲ့ စကားဆုံးသွားသောအခါ ရွာသားတွေ ပျော်လွန်းသဖြင့် ထ,အော်ကြသည်။ လက်ခုပ်လက်ဝါးတွေလည်း တဖြောင်းဖြောင်း တီးကြ၏။ ထို့နောက် ကျယ်လောင်သော ဆူမွန်ကောင်း တောင်းသံကြီး မိုးထိအောင် ညံထွက်လာသည်။

"ဆရာ နွယ်ရှင် အောင်မြင်ပါစေ၊ ချိုလိမ်တောင်ရွာသား အပေါင်းလည်း ဘေးရန်ကင်းရှင်းပါစေ"

* * * * *

ဆောင်းညပြာသိစာပေ

အစီအစဉ်အတိုင်း ပင်လယ်ကမ်းစပ်က ကျောက်တုံးကြီးပေါ်မှာ နွယ်ရှင်က တယောတစ်လက်ကိုင်ပြီး အဆင်သင့် ဖြင်ထား၏။ မြောက်ရဲအုပ်က မှန်ပြောင်းတစ်လက်ဖြင့် ပင်လယ်ဘက်ကို ကြည့်ရှုနေသလို တောင်ရဲအုပ်ကလည်း အသံချဲ့စက်ဖြင့် ချိတ်ဆက်ထားသည့် မိုက်တို အဆင်သင့်ကိုင်ပြီး နွယ်ရှင်ရဲ့ဘေးမှာ လူရိုင်းတွေအလာကို ထိုင်စောင့် နေသည်။

အနောက်တက်မှာတော့ ရွာသားတွေက ကလေးလူကြီး မကျန်တို့ မိန်းမပါမကျန် နွယ်ရှင်တို့ အစွမ်းပြမည့်အချိန်ကို ရင်ခုန်စွာ မျှော်လင့်စောင့်စားနေကြ၏။ မကြာပါ။

မြောက်ရဲအုပ်ရဲ့ မှန်ပြောင်းထဲကို မည်းမည်းအရာတစ်ခု တိုးဝင် လာသည်။ ပင်လယ်ပြင်ကျယ်ကြီးထဲမှာ တစ်ရွေ့ရွေ့ဘေးလာရော လာသော ထိုမည်းမည်းအရာမှာ တဖြည်းဖြည်း ကြီးလာသောအခါ

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



သဘော်တစ်စီးဖြစ်နေမှန်း သိလိုက်ရသည်။

မြောက်ရဲအုပ် ချက်ချင်းပင် နွယ်ရှင်တို့ဘက်လှည့်ပြီး သတိပေး၏။

"သင်္ဘော်တစ်စီးတော့ ဝင်လာပြီ နွယ်ရှင်၊ လူရိုင်းတွေရဲ့ သဘော် ဟုတ်မဟုတ် စစ်ဆေးဖို့ပဲ ကျန်တော့တယ်"

နွယ်ရှင်က ခေါင်းညိတ်ပြပြီး တောင်ရဲအုပ်ကို အချက်ပြလိုက်ရာ တောင်ရဲအုပ်က မိုက်ခလုပ်ကိုဖွင့်ပြီး ပင်လယ်ဘက်ကို အော်တော့သည်။

"အခု ရှေ့ကလာနေတဲ့ သဘော် ခဏရပ်လိုက်ပါ . . . အခု ရှေ့ကလာနေတဲ့ သဘော်ခဏရပ်လိုက်ပါ"

တောင်ရဲအုပ် အော်ပြီး မြောက်ရဲအုပ်ကို ဘယ်လိုလဲဆိုသည့် သဘောဖြင့် လှမ်းကြည့်လိုက်ရာ မြောက်ရဲအုပ် မှန်ပြောင်းနှင့် သေချာ ကြည့်ပြီး -

"မဟုတ်ဘူးကွ . . . မရပ်တဲ့အပြင် သဘော်တွေ ပိုတောင်များ လာထယ် . . . ပထမတစ်စီး၊ အခု သူ့နောက်က နှစ်စီးထပ်ထွက်လာ တယ်၊ သုံးစီးဖြစ်သွားပြီ"

"ဒါဆိုသေချာပြီ ဒါ လူရိုင်းတွေရဲ့ စစ်သဘော်တွေပဲ၊ မိုက်ရိုင်း လိုက်တာကွာ၊ သူများမြေပေါ် ကျူးကျူးကျော်ကျော်နဲ့ တွေ့မယ်"

တောင်ရဲအုပ်က မကျေမနပ် ရေရွတ်ရင်း နွယ်ရှင်ဘက်လှည့် လိုက်ရာ နွယ်ရှင်ကလည်း တယောကို ပုခုံးပေါ်တင်ရင်း စတင် လှုပ်ရှား လိုက်သည်။ တောင်ရဲအုပ် မိုက်ခလုပ်ကိုဖွင့်ပြီး တယောနား ကပ်ပေး လိုက်၏။

♫ . . . . . . . . ♫ . . . . . . . . . . . ♫ . . . . . . ♫

လူရိုင်းသဘော်တွေ တဖြည်းဖြည်းနီးလာသည်။ ဒါပေမယ့် ရန်ပြ





လိုဟန် အရိပ်အငွေ့တွေ ပျောက်ဆုံးပြီး အားလုံးငေါင်စင်းစင်းဖြစ်လာတြ ၏။ ၅ မိနစ်ခန့်အကြာမှာ သဘော်တွေ ကမ်းနားကပ်လာလေ အသိအာရုံ တွေ လွတ်ထွက်လာလေဖြစ်ပြီး စိတ်ညို့ခံနေရသူလို မျက်လုံးတွေ ပြူး ကြောင်ကြောင် ဖြစ်နေကြသည်။

နွယ်ရှင် တယောထိုးခြင်းကို ရပ်နားပြီး မိုက်ကိုင်ထားသော တောင်ရဲအုပ်ကိုယ သတိပေးလိုက်၏။

တောင်ရဲအုပ်နှင့် မြောက်ရဲအုပ် သူတို့နားထဲ ဆို့ထားသော ဂွမ်းတွေကို ထုတ်လိုက်သည်။

"ကဲ . . . သူတို့ရဲ့ အသိစိတ်တွေ ပျောက်ဆုံးပြီး အညို့ခံထား ရတယ် . . . နောက်ထပ် ငါးမိနစ်လောက်နေရင် စိတ်ပြန်လည်ပြီး အသိပြန်ဝင်သွားကြလိမ့်မယ်။ အဲဒီတော့ အသိပြန်မဝင်ခင် သူတို့ကို သူစ်ချင်ရာလုပ်နိုင်းပေတော့၊ ပင်လယ်ထဲ ခုန်ချခိုင်းမလား၊ ကိုယ့်ကိုယ်ကို သတ်သေခိုင်းမလား၊ ကြိုက်တာလုပ်ခိုင်းလို့ရပြီ"

တောင်ရဲအုပ်က ရွာသားတွေဘက်လှည့်ပြီး အချက်ပြကာ . . .

"ကဲ . . . ရွာသူရွာသားတွေ သူတို့ကို ဘာလုပ်ခိုင်းမလဲ၊ ဒီအချိန် မှာ လူရိုင်းတွေ ခိုင်းတဲ့အတိုင်း လုပ်လိမ့်မယ်။ စစ်သဘော်တွေကို ပြန် လှည့်ခိုင်းမလား၊ ပင်လယ်ထဲ ခုန်ချပြီး ကိုယ့်ကိုယ်ကို သတ်သေခိုင်း မလား"

ရွာသူရွာသားတွေ နားထဲက ဂွမ်းတွေထုတ်ပြီး တညီတညွတ်တည်း ဖြေသည်။

"ပင်လယ်ထဲ ခုန်ချပြီး ကိုယ့်ကိုယ်ကို သတ်သေခိုင်းမယ်"

"ဟုတ်တယ် . . . သူများမြေပေါ် ကျူးကျော်ပြီး ဒုက္ခပေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ဟာတွေ သေတာပဲအေးတယ်"

အဲဒီအချိန် မှန်ပြောင်းကို ဘေးနားချပြီး စိတ်ညှို့ခံထားရသော လူရိုင်းတွေကို ကြည့်နေသည့် မြောက်ရဲအုပ် တစ်စုံတစ်ခုကို စဉ်းစားမိသွားသည်။

"ဟုတ်ပြီ"

မြောက်ရဲအုပ်က သူ့အကြံအစည်ကို သဘောကျပြီး တောင်ရဲအုပ်နှင့် နွယ်ရှင်ကို တိုးတိုးလေးကပ်ပြောရာ နွယ်ရှင်တို့ နှစ်ယောက်လည်း မြောက်ရဲအုပ်၏အကြံကို ဝမ်းပန်းတသာထောက်ခံ၏။

ထို့နောက် လုပ်ငန်းစသည့်အနေဖြင့် တောင်ရဲအုပ် မိုက်ကိုကိုင်၍ စစ်သဘော်တွေဘက် လှည့်အော်သည်။

"လူရိုင်းတွေ နားထောင်၊ မင်းတို့အဘ ငါ အမိန့်ပေးနေတယ်။ အခုတစပြီး ငါတို့ဘက်က မင်းတို့ကို ကမ္ဘာကျော် သီချင်းတစ်ပုဒ် ဖွင့်ပြမယ်၊ အဲဒီသီချင်းသံကြားတာနဲ့ သီချင်းသံအတိုင်း လိုက်ကကြ ကြားလား"

တောင်ရဲအုပ်၏ အမိန့်ပေးသံကြားသောအခါ လူရိုင်းစစ်သဘော်တွေဘက်က လူရိုင်းတွေ အသိစိတ်မဲ့စွာ တစ်ညီတစ်ညာတည်း ခေါင်းညိတ်ကြ၏။

ရွာသူရွာသားတွေ နွယ်ရှင်တို့လုပ်ရပ်ကို သိပ်နားမလည်ကြသေး။ ဘာတွေအဆန်းထွင်ဦးမလဲဆိုပြီး စိတ်ဝင်စားနေကြ၏။

မြောက်ရဲအုပ်က သူ့ဘောင်းဘီအိတ်ထဲက ဟန်းဖုန်းကိုထုတ်ပြီး သီချင်းတစ်ပုဒ် ဖွင့်ကာ မိုက်နားကပ်ပေးလိုက်သည်။

♫ အိုပါ × × ဂန်းနန်းစတိုင် ×× ....

ဂန်းနန်းစတိုင် နာချင်တဲ့ သား ဆဲလို့အော် ...





ကိုယ်အင်္ဂါအကြောင်း ယောကျ်ား ×× ကော်ဖီဟာ ကြမ်းတယ် ရော့ယူအားနေ ×× ဖွန်ကြောင်၏ နင့်ယောကျ်ား burn me olt! machine gun နင့် သူက ဝက်ကြီး နင့်ယောကျ်ား ခုတော့ ဖမ်းချုပ်၏ ×× နင့်ယောကျ်ား နာနာစားထားဟဲ့ နာချင်တဲ့ နွားမ ခုတ်သတ်×× ဆာလို့ အုန်းခဲစားထားဟဲ့ ကော်ဖီရှစ်ကီလို ကျော်တယ် ဝမ်းလျှောတဲ့သူစားထားဟဲ့×× batman အိုးပြုတ်ရှင်ကျန်၏ ထော့ကျိုးပေါ်တင်စားထားဟဲ့×× ခုတော့ စားထားဟဲ့ ××♫

လူရိုင်းတွေ psy ရဲ့ သီချင်းနဲ့အတူ ပျော်ရွှင်မြူးတူးစွာ ကခုန်နေသည်ကိုကြည့်ပြီး ရွာသားတွေ အားလုံး အူတက်နေကြသည်။ ကတဲ့အကကလည်း psy ပုံစံအတိုင်း တစ်ထပ်တည်းပင်။

♫ အာရုဏ်တိုင်း ဝ စားထားစွတ်လို ဝါး ×× ခုတော့နော် ဟေ့ ×× ခုတော့ ဘာတုန်းနော့ ဟေ့ ×× အာရုဏ်တိုင်း ဝ စားထားစွတ်လို့ ဝါး၊ ခုတော့နော် ဟေ့ . . . ကယ်ပါဦးနော့ . . . ဟေ့ ×× ချိကင်းဖို့ ထုတ်ခဲ့ ကားကြီးက သူ့ကား ကိန် ×× အိုပါ ဂန်းနန်းစတိုင် ×× အား ဂန်းနန်းစတိုင် ဝုတ် . . . ဝုတ် . . . ဝုတ် ×× ဝုတ် ×× ♫

အသိစိတ်မဲ့စွာ ကနေသော လူရိုင်းတွေ psy ပုံစံအတိုင်း ဘထ်နှစ်ဖက်ကို ကြက်ခြေခတ် သဏ္ဍာန်လုပ်၍ မြင်းခုန်ခုန်ပြီးတရာ



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောဦးပိုင်းမှ သူတွေကတော့ အခုန်လွှန်ပြီး ရေထဲပြုတ်ကျကုန်သည်။

"ဗွမ်း"

ဒါပေမယ့် သူတို့ကိုယ်သူတို့ စိတ်ညို့ခံနေရမှန်းမသိ၊ သီချင်းအတိုင်း တစ်ယောက်ပြီးတစ်ယောက် မြင်းခုန်ခုန်ရင်း ရေထဲကို မိုက်မဲစွာ ခုန်ဆင်းကြ၏။

♫ အိုပါ ×× ဂန်းနန်းစတိုင် ××× အား

ဂန်းနန်းစတိုင် ဝုတ် . . . ဝုတ် . . . ဝုတ် . . .

ဝုတ် အိုပါ ×× ဂန်းနန်းစတိုင် . . . အေ့ ×× Sexy

လေးတွေ . . . ဝုတ် . . . ဝုတ် . . . ဝုတ် အိုပါ။

ဂန်းနန်းစတိုင် အေ့ ×× Sexy လေးတွေ ဝုတ် ×. . .

ဝုတ် × ဝုတ် ××♫

အဲဒီအချိန်မှာ ဆူဆူညံညံအသံတွေကြောင့် သင်္ဘောတစ်စီးရဲ့ ဝမ်းဗိုက်မှာ အရက်မူးပြီးမှောက်နေသော လူရိုင်းတို့ရဲ့ ခေါင်းဆောင် လန့်နိုးလာသည်။

အပေါ်တက်ကြည့်ရာ သူ့တပည့်တွေ ဖြစ်ချင်တိုင်းဖြစ်နေသလို တစ်ဖက်သင်္ဘောနှစ်စီးပေါ်မှာလည်း ခေါင်းဆောင်ကအစ မာလိန်မှူးအဆုံး အိုပါ ×× ဂန်းနန်းစတိုင်သီချင်းနဲ့ အပီဆွဲနေသည်ကို တွေ့လိုက်ရာ ဒေါသထွက်သွားသည် ကမ်းစပ်မှာတော့ ရွာသားတွေက ထိုင်ပြီး သူတို့ကို ဖျော်ဖြေပွဲကြည့်သလို ထိုင်ကြည့်နေ၏။

"သေချင်းဆိုးတွေ . . . မင်းတို့ကို ဒီခေါ်လာတာ မြင်းကြီးမယယ်နဲ့ စောက်တမြင်းကြောထဖို့ မဟုတ်ဘူးကွ . . ."

ခေါင်းဆောင်က ပြောလည်းပြော အမြောက်ကြီးဘေး နားမှာ





ခါးလေးနှစ်ဖက်ထောက်၍ psy အတိုင်း ဖင်လေးလှုပ်ပြီး ဘေး တိုက်တနေသော သူ့လူရိုင်းတစ်ယောက်ရဲ့ ပြောင်နေသော ဖင်ကို ဆောင့်ကန်ပြီး အမိန့်ပေးလိုက်သည်။

"ဟေ့ကောင် . . . ခုချက်ချင်း ထုစမ်း"

ထိုအခါ ဖင်ကို အကန်ခံလိုက်ရသော လူရိုင်းအမြောက်တပ်သားက အနားမှာ အဆင့်သင့်ရှိသည့် တင်းပုတ်နဲ့ ခေါင်းဆောင်ရဲ့ ခေါင်းကို အပီထုလိုက်ပါသည်။

"တိန်"

လူရိုင်းကြီးခမျာ အခုမှ ကြယ်တွေလတွေမြင်ပြီး တကယ်မူး၍ မှောက်သွားပါသည်။

အမှန်တကယ်က ခေါင်းဆောင်မှာ ရွာသားတွေရှိသည့်ဘက်ကို အမြောက်နှင့်ထုရန် သူ့တပ်သားကို အမိန့်ပေးခြင်းဖြစ်သည်။ သို့သော် စိတ်ညို့ခံထားရသော အမြောက်တပ်သားက ခေါင်းကို ထုခိုင်းသည်ထင်ပြီး နီးရာဆွဲတီးလိုက်ခြင်းဖြစ်သည်။ နားလည်မှု လွဲမှားခြင်း ဖြစ်ပါ၏။

ထုသည့်ကိစ္စပြီးသွားတော့မှ သီချင်းအတိုင်း ဆက်ကသည်။

♫ ချောင်းဆိုးတဲ့ ဘိုးအေကြီးမှ ဟုတ်တယ်

နော် နင့်ယောက်ျား ဒီထဲသာ Shit ဖို့ သူများမုန့်ကောက်

သွတ်မောရင် ဖွန်တဲ့ယောက်ျား ဟေ့ကောင် ရုပ်ကြည့်

မှန်း ဝက်မနဲ့နော်ကြူဖို့ သားယောက်ျား ခုတော့

ကမ်းကပ်ကျော်တကီး ယောက်ျား ×× နာနာစားထား

ဟဲ့ ကျောချမ်းတာ ဘိုးအေကြီးများ နံ့သထက်နံ့ေ

စားထားဟဲ့ အတွဲများ ဝမ်းချုပ် မိချောပေါ်တယ် နော်



www.burmeseclassic.com

www.burmeseclassic.com



စားထားဟဲ့ . . . girl . . . နင်ပိုသာ အစားစား ခဲ့

ဘုတ်ထုံးပုံပေါ်မှာ စားထားဟဲ့၊ ခုတော့ စားထားဟဲ့

အာရုဏ်တိုင်း၀ စာတမ်းစစ်ဖို့ wow! ကူလေနော် ဟေ့

××× ကယ်ပါဦးနော် ဟေး . . . အာရုံတိုင်း၀ စာတမ်း

စစ်ဖို့ wow! ကူလေနော် ဟေ့ ×× ကယ်ပါဦးနော်

ဟေ့ ×× Shaking buttok က သိပ်ကကြည့်ကောင်းဘူး

ကိန် . . . ကိန် . . . ကိန် . . . ကိန် အိုပါ ××

ဂန်းနန်းစတိုင် . . . ဂန်းနန်းစတိုင် ×× ♫

စစ်သင်္ဘောသုံးစီးပေါ်က လူရိုင်းတွေအားလုံး မြင်းခုန်ခုန်ပြီး ရေထဲ ခုန်ဆင်းသွားလိုက်ကြတာ သင်္ဘောပေါ်မှာ လူပင်မကျန်တော့။

♫ တင်းတယ်နော် ×× ကိုယ်ခွီးရင် နားမယ်

နော် . . . Baby Baby နောက်နေ့ အမိုးကျော်

အားနဲ့နော် . . . တင်းတယ်နော် ကိုယ်ခွီးရင် နားမယ်

နော် ×× Baby Baby နောက်နဲ့ မောင့်ကြောင့် မအနဲ့

နော် ရုံသို့ လက်လာဆေးရင်း ×× အိုပါ ဂနန်းနန်း

စတိုင်×× ♫

သီချင်းသံဆုံးသွားသောအခါ သင်္ဘောပေါ်မှာ မူးပြီး မှောက်နေသော ခေါင်းဆောင်တစ်ယောက်မှလွဲ၍ အားလုံးရေထဲမှာ အသက်ပျောက်ကုန်သည်။ ရွာသားတွေအားလုံး ၀မ်းသာအားရ လက်ခုပ်တီးပြီး နွယ်ရှင်တို့ကို ဂုဏ်ပြုလိုက်ကြလေ၏။

"အိုပါ ဂန်းနန်းစတိုင်"

* * * * *



(၈)

အနှစ်ချုပ်တော့ လူရိုင်းတွေအားလုံးကို တယောတစ်လက်ဖြင့် အနိုင်ယူခဲ့ပြီ။

သင်္ဘောပေါ်မှာ ကျန်ခဲ့သော ခေါင်းဆောင်ကို နောက်တစ်ခါ သူများမြေပေါ် ကျူးကျော်လာလျှင် အားလုံး မျိုးဖြုတ်ပစ်မည်ဟု ကြိမ်း၀ါးပြီး ပြန်လွှတ်လိုက်၏။

နောက်နေ့မနက် နိုင်ငံတကာသတင်းစာရဲ့ ခေါင်းကြီးပိုင်းမှာ ရေးသားထားသည်က "ချိုလိမ်တောင်ဘက် ကျူးကျော်ဝင်ရောက်လာသော လူရိုင်းတွေ စိတ်ဖောက်ပြန်ပြီး အိုပါဂန်းနန်းစတိုင် သီချင်းဖြင့် ရေထဲခုန်ချခြင်း" ဟူ၍ဖြစ်သည်။

အင်တာနက်မှတစ်ဆင့် တစ်ကမ္ဘာလုံး ပျံ့နှံ့သွားပြီး နွယ်ရှင်နဲ့ တယောကိုလည်း အထူးအဆန်းဖြစ်သွားသည်။

နိုင်ငံတကာသတင်းထောက်တွေကလည်း နွယ်ရှင်တို့ ၀ိုင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



အင်တာဗျူးကြရာ နေ့ချင်းညချင်း နာမည်ကြီးသွား၏။

တစ်ရက်တော့ ချိုလိမ်တောင် အေးချမ်းသွားတဲ့ အထိမ်းအမှတ် အနေနဲ့ နွယ်ရှင်ကို ဂုဏ်ပြုသည့် မီးပုံပွဲလေး ပြုလုပ်ကြလေသည်။

အဲဒီညမှာ ချိုလိမ်တိုင်းရင်းသားတွေက ချိုမိုင်မိုင်အကနှင့် က ဖျော်ဖြေပြီး နွယ်ရှင်က သူပိုင်ဆိုင်ကျွမ်းကျင်သည့် တယောတစ်လက်ဖြင့် သာယာငြိမ့်ညောင်း ချမ်းမြေ့ဖွယ်ကောင်းသော သံစဉ်ကို ထိုးပြသည်။

ချိုလိမ်တိုင်းရင်းသားတွေ လွန်စွာမှ နှစ်သောင်းအားရ ဖြစ်ပြီး နွယ်ရှင်ကို စားစရာသောက်စရာနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ် နေစဉ် လူတစ်ယောက် မောကြီးပန်းကြီးနှင့် ရောက်ချလာ၏။

"သူကြီး . . . သူကြီး ကမ်းစပ်မှာ မိန်းကလေးတစ်ယော မျောလာတယ်"

"ဟေ"

ရွာလူကြီးနှင့်အတူ နွယ်ရှင်တို့တစ်တွေ ပင်လယ်ကမ်းစပ်ကို သွာ ပြေးကြည့်ရာ ရေတွေရွှဲရွှဲစိုနေသော မိန်းမပျိုလေးတစ်ယောက် ဖျဉ်ချ ကြီးတစ်ခုကို ဖက်ပြီး သောင်ပေါ်တင်နေသည်ကို တွေ့လိုက်ရသည်။

ထို့ကြောင့် သူမကို သတိပြန်ရအောင် နှိုးပြီး မေးမြန်းရ ကောင်မလေးက မျက်ရည်မိုးတွေ ရွာသွန်းဖြိုးလိုက်ပြီး . . .

"ဟင့် . . . ဟင့် ကျွန်မမိဘတွေနဲ့အတူ ကုန်ရောင်းထွက်လာ တာပါ . . . အဲဒါလမ်းမှာ မုန်တိုင်းမိပြီး . . . သင်္ဘောမြုပ်သွာ ပါတယ် . . . အားလုံး သေကုန်ပြီထင်ပါတယ် ဦးရယ် . . . ဟင့် . . . ဟင့်"

ကောင်မလေး၏အဖြစ်ကို အားလုံးဂရုဏာသက်သွားကြသည်





သူမဘဝက ခိုကိုးရာမဲ့ပြီး ဒုက္ခပင်လယ်ဝေရပြီပေါ့။

"ကဲ . . . ကဲ ကလေးမ . . . သိပ်လဲ စိတ်မကောင်းမဖြစ်ပါ နဲ့ . . . မင်းရဲ့မိဘတွေ သေပြီလို့ အတပ်ပြောလို့မရသေးပါဘူး . . . င်းတောင် ဖျဉ်ပြားချပ်ကြီးပေါ်မှာ အသက်မသေဘဲ မျောလာသေးတာ မင်းမိဘတွေလဲ အသက်ရှင်ဖို့ မျှော်လင့်ချက်ရှိနိုင်ပါသေးတယ်"

"ကျွန်မ . . . ကျွန်မ ဘာလုပ်ရမှန်းတောင် မသိတော့ပါဘူး ရှင်"

ရွာလူကြီးက တစ်ချက်မျှ စဉ်းစားလိုက်ပြီး

"ကဲ . . . ကလေးမ ဒါဆို ဒီရွာမှာပဲ ခဏနေလိုက်ဦးပေါ့။ နောက်မှ ဦးတို့ သေချာတိုင်ပင်ပြီး မင်းရဲ့ မွေးရပ်မြေကို ပြန်ပို့ပေးမယ်၊ င်းက ဘယ်မှာနေတာလဲ"

"ကျွန်မ . . . မိန်းမလှကျွန်းမှာ နေတာပါရှင်။ နာမည်က နှောင်ကြိုးလို့ ခေါ်ပါတယ်။ ဘီလူးကျွန်းက မိဘတွေနဲ့ အတူတူ ကုန် ရောင်းထွက်လာတာပါ . . . ကျွန်မကို ပြန်ပို့ပေးရင် ဟိုင်းကြီးကျွန်းကို ပို့ပေးပါ"

နှောင်ကြိုးဆိုသော ဒုက္ခသည်မလေးစကားကြောင့် ရွာသူကြီး အပါအဝင် ရွာသူရွာသားတွေအားလုံး နားရှုပ်ကုန်သည်။

"သမီး ဘာကိုဆိုလိုသလဲဆိုတာ ဦးတို့တော့ နားမလည်တော့ ဘူး ရှင်းပြပေးပါလား"

"သမီး နောက်တော့ ရှင်းပြပါ့မယ် . . . အခုလောလောဆယ် ဖေဖေနဲ့အမေကို ရှာချင်သေးတယ်။ ဝိုင်းရှာပေးကြပါလား ဦးလေးရယ်"

ကောင်မလေးရဲ့ရင်ထဲက ခံစားချက်ကို စာနာမိသဖြင့် ရွာလူကြီး



www.burmeseclassic.com

www.burmeseclassic.com



တ မေးမြန်းစူးစမ်းခြင်းကဏ္ဍကိုရပ်ပြီး အားပေးလိုက်သည်။

“ကောင်းပါပြီ သမီးရယ် . . . ဦးတို့လည်း ဝိုင်းရှာပေးပါ့မယ် လောလောဆယ် . . . ဦးတို့ အိမ်မှာပဲ သက်သောင့်သက်သာ နေပါ ဦးမိန်းမလည်းရှိတယ်၊ ဘာမှ အားမငယ်ပါနဲ့”

ရွာလူကြီးကပြောပြီး သူ့ဇနီးကို မေးငေါ့ပြလိုက်ရာ သူ့ဇနီးက ခေါင်းညိတ်ပြီး နှောင်ကြိုးရဲ့လက်ကို တွဲလိုက်သည်။

“လာ သမီး . . . ဘာမှ အားမငယ်နဲ့၊ အန်တီရှိတယ်၊ သမီး အဝတ်အစားတွေလဲပြီး နွေးနွေးထွေးထွေးနေလိုက်၊ အရမ်းချမ်းနေပြီ”

ကောင်မလေးက တုန်တုန်ရီရီနှင့် လက်လေးနှစ်ဖက်ပိုက်ပြီး ရွာလူကြီးကတော်ကို အားကိုးတကြီးကြည့်သည်။

ထို့နောက် ရွာသူရွာသားတွေဘက် တစ်ချက်ဝေ့ကြည့်ရာ သူမတို့ စူးစူးစိုက်စိုက်ကြည့်နေသော တယောပိုင်ရှင်နှင့် မျက်ဝန်းချင်းဆုံ သွားသည်။

သူမ မျက်လွှာကို အသာချပြီး ရွာလူကြီးကတော် ခေါ်ရာနောက် လိုက်ပါသွားတော့၏။

* * * * *



နှောင်ကြိုးဆိုသောကောင်မလေးက အဝတ်အစားတွေ လဲ၍သပ်ရပ်ရပ်နှင့် သေချာဖြီးလိမ်းပြင်ဆင်လိုက်သောအခါ စ,ရောက်ခါစ ကလို မဟုတ်တော့ဘဲ လှပပြီး ဆွဲဆောင်မှုရှိသည့် မိန်းကလေးဖြစ်မှန်း ရွာလူကြီးလင်မယားအပါအဝင် ချိုလိမ်တိုင်းရင်းသားတွေအားလုံး လက်ခံ လိုက်ကြလေ၏။

ဒါပေမယ့် သူမ မျက်နှာလေးကတော့ မလန်းဆန်းနိုင်ဘဲ ညှိုးနွမ်းလျက်သာနေသည်။ နေ့တိုင်း ပင်လယ်ကမ်းစပ်မှာ သူ့မိဘတွေကို မျှော်ရင်း ငိုကြွေးနေမြဲ။

ရွာကလူတွေလည်း သူမမိဘသတင်းကို ဝိုင်းစုံစမ်းပေးသော်ငြား သတင်းက အစအနပင် ရှာမရ။

တစ်ပတ်လောက်ကြာတော့ နှောင်ကြိုးရဲ့ အရေးကိစ္စအတွက် ပင်လယ်ကမ်းစပ်မှာ အစည်းအဝေးခေါ်ပြီး တိုင်ပင်ကြလေပြီ။

ပင်လယ်လေရဲ့ တစ်ဟူးဟူးတိုက်ခတ်မှုအောက်မှာ နှောင်ကြိုးရဲ့ ဆံပင်လေးတွေ လေနဲ့လွင့်နေ၏။ ကဗျာဆန်တဲ့ အလှလေးပါပဲ။

“တဲ သမီး . . . ဦးတို့လဲ သမီးမိဘတွေရဲ့ သတင်းကို အစွမ်းကုန်

www.burmeseclassic.com



စုံစမ်းပေးပြီးပြီ။ ဒါပေမယ့် သတင်းက ဘာမှ မထူးခြားဘူး။ ပင်လယ်ထဲမှာ သင်္ဘောတစ်စီး နစ်သွားတယ်ဆိုတဲ့သတင်းတောင် မကြားမိဘူး အဲဒီတော့ သမီးဘယ်လို ဖြစ်စေချင်လဲ”

ကောင်မလေးက သူမရဲ့ လွင့်နေသော ဆံပင်လေးတွေကို သပ်တင်လိုက်ရင်း အားငယ်နေသော မျက်ဝန်းလေးတွေနှင့် ပြောသည်။

“သမီးတို့ဘက်မှာ ကျွန်းသုံးကျွန်းရှိပါတယ် ဦး၊ မိန်းမလှကျွန်းရယ်၊ ဟိုင်းကြီးကျွန်းရယ်၊ ဘီလူးကျွန်းရယ်ပါ၊ အသက် ၁၆ နှစ်ကနေ ၂၅ နှစ် အရွယ်ကြား မိန်းကလေးတွေက မိန်းမလှကျွန်းမှာ နေကြရပါတယ်။ အသက် ၂၆ နှစ်ကနေ ၄၀ ကြား အမျိုးသမီးတွေကတော့ အရွယ်ဟိုင်းနေပြီဖြစ်လို့ ဟိုင်းကြီးကျွန်းမှာ နေကြရပါတယ်။ အသက် ၄၁ ကနေစပြီး ဘယ်အရွယ်ရောက်ရောက် ဘီလူးကျွန်းမှာပဲ ခေါင်းချရပါတယ်။ တစ်ကျွန်းနဲ့တစ်ကျွန်းက လှေနဲ့သွားရင် ရောက်ပါတယ်”

နှောင်ကြိုးရဲ့စကားကြောင့် အားလုံးအထူးအဆန်းဖြစ်နေသည်။

“သမီးပြောတဲ့ကျွန်းတွေ မြန်မာပြည်မြေပုံမှာတောင် မတွေ့ပါလား၊ ဘယ်အရပ်မှာရှိတာလဲ”

“ဒီကနေဆိုရင် တော်တော်ဝေးပါတယ်ဦး၊ မြန်မာပြည်မြေပုံထဲမှာ မရှိတာက တရားဝင်သတ်မှတ်ထားတာ မဟုတ်လို့ပါ။ သမီးတို့ မိန်းကလေးတွေ အသက် ၁၆ နှစ်ပြည့်တာနဲ့ ဘီလူးကျွန်းက မိဘတွေနဲ့ အတူနေလို့မရပါဘူး။ မိန်းမလှကျွန်းမှာ ကိုယ်နဲ့သက်တူရွယ်တူ မိန်းကလေးတွေနဲ့အတူနေပြီး ဘဝကို ရပ်တည်ရပါတယ်။ မိန်းမလှကျွန်းမှာ တစ်နှစ်တစ်ခါ ရေချိုးဆင်းပွဲဆိုတာ ရှိပါတယ်။ အဲဒီပွဲကျရင် အနီးအနားရွာက လူပျိုတွေ မိန်းမလှကျွန်းကို တရားဝင်လူပျိုလှည့်ခွင့်





ရှိပါတယ်။ အဲဒီမှာ ကိုယ်ကြိုက်တဲ့ မိန်းကလေးကို ရေလောင်းခွင့်ရှိပါတယ်၊ ရေလောင်းခံရတဲ့ မိန်းကလေးက ကိုယ့်ကိုလောင်းတဲ့သူကို ပြန်ကြိုက်လို့ရှိရင် ရေနဲ့ ပြန်တောက်ရပါတယ်။ အဲဒါဆို နှစ်ဦးနှစ်ဖက် တရားဝင် သမီးရည်းစားဖြစ်ပြီ။ ဘီလူးကျွန်းက မိန်းကလေးမိဘတွေဆီမှာ တောင်းရမ်းလက်ထပ်ယူရပါတယ်။ ပြီးရင် လင်မယားနှစ်ယောက် ဟိုင်းကြီးကျွန်းမှာ အခြေချပြီး ဘဝရပ်တည်ရပါတယ်။ အသက် ၄၀ ကျော်ရင် ဘီလူးကျွန်းမှာ ပြောင်းနေရပါတယ်။ ဒါ ကျွန်မတို့ ကျွန်းသုံးကျွန်းရဲ့ ဓလေ့ထုံးစံပါ”

“အရမ်းကို အံ့ဩစရာကောင်းတာပဲ သမီးရယ် . . . ဖြစ်နိုင်ရင် သမီးတို့ကျွန်းကို ဦး လာလည်ချင်သေးတယ်”

ရွာသူကြီးစကားကြောင့် သူ့ကတော်က ဗိုက်ခေါက်ကို လိမ်ဆွဲလိုက်၏။

“ရှင်က ဘာသွားလုပ်မလို့လဲ”

“အား . . . မဟုတ်ပါဘူးကွာ၊ မင်းနဲ့နှစ်ယောက်အတူ သွားလည်မယ်ပြောတာပါ၊ ဆန်းဆန်းကြီးမို့လို့”

ရွာသူရွာသားတွေအားလုံး သူကြီးလင်မယားကိုကြည့်ပြီး ပြုံးစိစိ ဖြစ်သွားကြသည်။

“ဒါနဲ့ . . . မင်းဘဝမှာရော ရေချိုးဆင်းပွဲမှာ ရေအလောင်းမခံဘူးလား”

အဲဒီမေးခွန်းကို မေးလိုက်သူက တစ်ချိန်လုံးငြိမ်ပြီး နားထောင်နေသော နွယ်ရှင် . . .

နှောင်ကြိုးက နွယ်ရှင်ကို တစ်ချက်မော့ကြည့်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအသက် ၁၈ နှစ်ရှိပါပြီ။ နှစ်နှစ်ဆက်တိုက် ကျွန်မတို့ ရေလာလောင်းတဲ့သူတွေ တော်တော်များပါတယ်။ ဒါပေမယ့် ကျွန်မ တစ်ယောက်မှ မကြိုက်လို့ . . . ရေနဲ့ ပြန်မလောင်းခဲ့ပါဘူး"

"ဪ"

အဲဒီအချိန်မှာ ရွာသားတစ်ယောက် ရေတစ်ပုံးဆွဲပြီး စကားဝိုင်းထဲ ဝင်လာရာ ရွာသူကြီးက အသည်းအသန် မေးသည်။

"ဟေ့ကောင် . . . ဒါဘာလုပ်ဖို့လဲ"

"ကျွန်တော်လည်း ရေလောင်းချင်လို့"

ရွာသူကြီးက သူ့ရွာသားကို ပျစ်ပျစ်နှစ်နှစ်ဆဲသည်။

"ခွေးကောင် . . . အရေးထဲ တကျော့ရှူးနေသေးတယ်။ ဒါ မိန်းမလှကျွန်း မဟုတ်ဘူးကွ၊ အရေးကြီးကိစ္စ ဆွေးနွေးနေတာ အနှောင့် အယှက် လာမပေးနဲ့"

သူကြီးစကားကြောင့် ရွာသား ကိုယ့်ရေပုံး ကိုယ်ဆွဲပြီး စိတ်ပျက် လက်ပျက်နဲ့ ပြန်ထွက်သွားသည်။

"ဒါဆို သမီးက မိန်းမလှကျွန်းကနေ ဘီလူးကျွန်းက မိဘတွေနဲ့အတူ တုန်ရောင်းထွက်လာရင်း လှေမှောက်တာပေါ့"

"ဟုတ်ပါတယ်ရှင် . . . ဟိုင်းကြီးကျွန်းမှာတော့ ကျွန်မရဲ့ အစ်မ လင်မယားရှိပါတယ်။ သူတို့ အဲဒီသတင်း မသိသေးပါဘူး။ ကျွန်မ ဟိုင်းကြီးကျွန်းကို ပြန်ချင်ပါတယ်"

"ကောင်းပြီလေ . . . ပြန်ရပါစေ့မယ် . . . ဒါပေမယ့် ရက် အနည်းငယ်တော့ စောင့်ပါဦး။ သမီးကို ပြန်ပို့ဖို့အတွက် စိတ်ချရတဲ့လူ ရှာရမယ်။ ပြီးတော့ ခရီးဝေးလည်း ဖြစ်ပြန်တော့ အစားအသောက်





ရိက္ခာနဲ့ သင်္ဘောလည်း ငှားရဦးမယ်ဆိုတော့"

"ဒါဆို ဒီလိုလုပ်ပါလား သူကြီး။ ကျွန်တော်ကိုယ်တိုင် သူ့ကို ပြန်ပို့ပေးလိုက်မယ်လေ။ သင်္ဘောကလည်း ကျွန်တော့်မှာ ရှိနေတာပဲ။ အစားအသောက်ရိက္ခာအတွက်ကလည်း ရွာသူရွာသားတွေ ပေးထားတဲ့ လက်ဆောင်တွေ ရှိနေတာပဲ။ တစ်လလောက် ကောင်းကောင်း စားလို့ ရပါတယ်။ ပြီးတော့ ကျွန်တော်လည်း အပန်းဖြေခရီး ထွက်ချင်နေတာနဲ့ အတော်ပဲ ဖြစ်နေတယ်"

နွယ်ရှင်ရဲ့ စကားကြောင့် ရွာသူကြီး ဝမ်းသာသွားသည်။

"ဟာ . . . ဒါဆို ရေကန်အသင့် ကြာအသင့်ပဲပေါ့၊ ကျေးဇူး တင်ပါတယ် နွယ်ရှင်၊ မောင်ရင် လိုအပ်တာပြောပါ။ ဦးတို့ဘက်က အဆင်သင့် ဆောင်ရွက်ပေးပါ့မယ်"

"ဒါဆို ကျွန်တော့်အတွက် သင်္ဘောမောင်းမယ့် ပဲ့ထိန်း တစ်ယောက်နဲ့ အလုပ်သမား ငါးယောက်သာပေးပါ။ ကောင်မလေးကို ဘေးမသီ ရန်မခစေဘဲ သူ့အရပ်ဒေသကို ပြန်ပို့ပေးလိုက်ပါ့မယ်"

နှောင်ကြီးက သူမကို ကူညီရန် အားတက်သရော ပြောလာသော နွယ်ရှင်ကို ရွှန်းရွှန်းစားစား ကြည့်လိုက်ပြီး

"ကျေးဇူးတင်ပါတယ်ရှင်"

* * * * *



www.burmeseclassic.com

www.burmeseclassic.com

(၉)

"နာမည်ပြောပါ"

"မချက်ပြီ"

"အမ်"

ဘောပင်နှင့်စာရွက်ကို ကိုင်ပြီး အမည်စာရင်းရေးရန် ဖြစ်နေသော စာရေးမလေး ကြောင်သွားသည်။

"ဘယ်လိုနာမည်ကြီးလဲ၊ ဆိုးလိုက်တာ၊ ငယ်နာမည်မေးတာ မဟုတ်ဘူးနော်၊ မှတ်ပုံတင်ထဲက နာမည်အရင်းကို မေးတာ"

"ကျွန်မနာမည်အရင်းက မချက်ပြီပါပဲရှင်"

စာရေးမ စိတ်မသက်မသာနှင့် ခေါင်းညိတ်ပြီး အမည်စာရင်းမှာ မချက်ပြီဟုပင် ဖြည့်လိုက်ရသည်။

သူမ တစ်သက်နှင့်တစ်ကိုယ် ဒီလောက်ဆိုးတဲ့ နာမည်မျိုး မကြားဖူးခဲ့။ ဘယ့်နှယ် ဒီခေတ်ကြီးမှာ မိန်းကလေးတွေ တစ်ယောက်နဲ့





တစ်ယောက်အပြိုင် နာမည်လှလှ ခေတ်ဆန်ဆန်လေးတွေ ရွေးပေးနေချိန်မှာ ဒေါက်တာရမ်းကုရဲ့ ဆေးခန်းကိုလာတဲ့ နောက်ဆုံးလူနာက ထူးထူးဆန်းဆန်း မချက်ပြီတဲ့။

စာရေးမ. . . လက်က နာရီကို တစ်ချက်ကြည့်ပြီး မချက်ပြီအတွက် နေရာပြလိုက်သည်။

"ဟိုနားက ထိုင်ခုံမှာ ထိုင်ပါ။ ရှေ့မှာ လူနာတစ်ယောက်ပဲ ကျန်တော့တာမို့လို့ ငါးမိနစ်လောက်နေရင် ခေါ်လိုက်ပါ့မယ်"

လူနဲ့နာမည် မလိုက်စွာ မချက်ပြီဆိုသော မိန်းမလှလေးက ထိုင်ခုံမှာ ဝင်ထိုင်ရင်း စောင့်နေလိုက်သည်။

ခဏအကြာ ဆရာဝန်အခန်းထဲမှ အမျိုးသမီးတစ်ယောက် အဝတ်အစားဖရိုဖရဲ ဆံပင်စုတ်ဖွားနှင့် ထဘီမနိုင်ပဝါမနိုင် ထွက်လာပြီး စာရေးမနားကပ်ကာ တိုးတိုးလေးပြောသည်။

"နာလိုက်တာဟယ်. . . ဒေါက်တာက တအားထိုးတာပဲ။ ကုတင်ပေါ်က ဆင်းတော့ ဖင်တွေတောင် နာတယ်"

စာရေးမ မျက်လုံးပြူးသွား၏။

"ရှင်! ဒေါက်တာနဲ့အစ်မ အဲဒီလောက်တောင် ဖြစ်ခဲ့ကြတာလား"

"အဲဒီထက်ဆိုးသေး. . . ဘာတွေ ပြောနေတာလဲ ဆေးထိုးတာပြောတာ၊ ဆေးထိုးခံရမှာ ကြောက်ပါတယ်ဆိုမှ အားဆေးထိုးပေးလိုက်လို့ ခင်တွေ နာနေပြီ ပြောတာ"

"ဪ မသိပါဘူး။ ဟုတ်ကဲ့ ဒေါက်တာက ဘာမှာလိုက်သေးလဲ"

"ဆေးပေးလိုက်ပါတဲ့"

"ဘယ်နေရာကိုလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ ခြေထောက်ကိုညစ်ပတ်နေလို့တဲ့"

"ရှင်"

စာရေးမ မျက်လုံးပြူးသွားပြန်သည်။

"တမင်တကာ ပြောနေတာဟော့၊ တကတည်း ဘာတွေ လျှောက်တွေးနေလဲ မသိဘူး၊ ဒီမှာ ဆေးစာ ရော့"

အမျိုးသမီးက စိတ်ဆိုး မာန်ဆိုးနှင့် ပြောရင်း စာရေးမလက်ထဲ ဆရာဝန် ရေးပေးလိုက်သည့် ဆေးစာရွက် ထည့်ပေးလိုက်သည်။

စာရေးမ ဆေးစပ်ပေးနေစဉ် ဆရာဝန်အခန်းထဲမှ လူခေါ် ဘဲလ်သံ ထွက်လာ၍ စာရေးမက သူမကို လှမ်းသတိပေးလိုက်၏။

"မချက်ပြို ဝင်လို့ရပါပြီ"

မချက်ပြိုက ဆရာဝန်အခန်းထဲကို လိုက်ကာလေး ဆွဲဖွင့်ပြီး ဝင်သွားသည်နှင့် တပြိုင်နက် ဒေါက်တာရမ်းကုက သူမကို ကုတင်ပေါ် လက်ညှိုးညွှန်ပြပြီး. . .

"ကုတင်ပေါ်မှာ ပက်လက်လှန်ပြီး မျက်လုံးလေးမှိတ်လိုက်ပါ ပြီးရင် ဆရာလာခဲ့မယ်"

"ရှင်၊ ဒေါက်တာ ကျွန်မ ဘာရောဂါဖြစ်တာလဲဆိုတာ မပြောရ သေးဘူးလေ"

"ဩော်. . . ဆောရီး. . . ဆရာက သွေးပေါင်ချိန်ပေးဖို့ ပြောလိုက်တာပါ။ ကဲ ဘာရောဂါ ဖြစ်တာလဲ ပြော"

မချက်ပြိုက မျက်လုံးလေးတွေ မှေးစင်းလိုက်ရင်း

"ကျွန်မ ညညဆို မျက်စိမမှိတ်ဘဲ အိပ်လို့မပျော်ဘူး ဆရာ။ မိုးလင်းရင်လည်း မျက်စိမဖွင့်ဘဲ ထ,လို့မရဘူး။ ပြီးတော့ တစ်နေကုန်





ဘာမှ မစားရတဲ့ ရက်တွေဆို အရမ်းဗိုက်ဆာတာပဲ။ စားလိုက်ရင်တော့ ဗိုက်တယ်ပြီး မထ,ချင်တော့ဘူး။ ရေချိုးရင်လည်း တစ်ကိုယ်လုံး ချွတ်ချိုးမှ အဆိုက်ပြေတယ်။ ရေမချိုးရတဲ့နေ့ဆိုရင် တစ်ကိုယ်လုံး ညှီစို့စို့နဲ့ အနံ့ အသက် မကောင်းတော့ဘူး"

မချက်ပြိုရဲ့ စကားကြောင့် ဒေါက်တာရမ်းကု ရယ်လိုက်ရင်း

"ဆရာ့ကို လာနောက်နေတာလား။ ဒါ ရောဂါမှ မဟုတ်ဘဲ လူ တစ်ယောက်ရဲ့ ပုံမှန်ဖြစ်ရိုးဖြစ်စဉ် ကိစ္စတွေပဲ"

"ဒါဆိုရင် ဖြစ်ရိုးဖြစ်စဉ် မဟုတ်တဲ့ကိစ္စကို ပြမယ်။ ဆရာ ကြည့် လေား"

"ဘာကိစ္စမို့လို့လဲ"

မချက်ပြိုက သူမရဲ့ အပေါ်အင်္ကျီကို ရုတ်တရက် ဆွဲချွတ်လိုက်ရာ ဒေါက်တာရမ်းကု မျက်လုံးပြူးသွား၏။

"ဟ. . . ဟ ဘာတွေ လာပြနေတာလဲ"

မချက်ပြိုက ရယ်လိုက်ရင်း

"ဆရာရယ် ကျွန်မ လုံလုံခြုံခြုံ ဝတ်ထားပါတယ်။ ချက်ကိုပဲ ပြတာပါ။ ကျွန်မချက်ကို ကြည့်လိုက်၊ ပုံမှန် မဟုတ်ဘူး မဟုတ်လား ဆရာ"

ဒေါက်တာရမ်းကု မချက်ပြိုရဲ့ ချက်ပေါ်အင်္ကျီကိုယ်ကျပ်လေးမှ တဆင့် သူမရဲ့ချက်ကို မရဲတရဲကြည့်ပြီး

"ဟုတ်ပ. . . လူနဲ့ မလိုက်ဘူးနော်၊ ရုပ်ကလေး လှသလောက် ချက်က ပြိုပြီးလန်နေတာပဲ။ ဘာ. . . ဘာဖြစ်တာလဲဟင်"

"ငယ်ငယ်တုန်းက ကောင်လေးတစ်ယောက်နဲ့ လစားရင်း အဲဒီ

www.burmeseclassic.com



ကောင်လေးက မှားပြီး ထိုးလိုက်လို့ ချက်ပေါက်ပြီး ပြသွားတာပါ"

"ဟင်. . . ဘာ. . . ဘာနဲ့ မှားပြီး ထိုးရတာတုန်း"

"ဒီလိုလေ ဆရာ. . . ကျွန်မက ငယ်ငယ်လေးတည်းက ချက်ထိုး ရတာ ဝါသနာပါတယ်။ အဲဒါ ကောင်လေးတစ်ယောက်ကို စိန်ခေါ်ပြီး ငါတို့နှစ်ယောက် ချက်ပြိုင်ထိုးမယ်၊ နိုင်တဲ့လူ ကုန်းပိုးစီးကြေးဆိုပြီး ပြောတုန်းပဲ ရှိသေးတယ်၊ စစ်တုရင်ခုံတောင် မယူရသေးဘူး။ အဲ ကောင်လေးက နားလည်မှုလွဲပြီး သူ့လက်ထဲမှာ ဆော့နေတဲ့ ဝါးချွန်နဲ့ ကျွန်မချက်ကို အပိပဲဆိုပြီး ထိုးလိုက်ရာက အခုလို ချက်ပြဲမဘဝ ရောက် တာပါပဲရှင်"

"ကျွတ်. . . ကျွတ် သနားစရာ၊ အဲဒီတော့ ဆရာ ဘာလုပ်ပေး မလဲဟင်"

"ကျွန်မချက်ကို လှလှပပလေး ပြန်ဖြစ်အောင် ကုသချင်တယ် ဆရာ ကုပေးလို့ရမလား"

ဒေါက်တာရမ်းကုက မချက်ပြဲရဲ့ချက်ကို ဂရုဏာသက်စွာ ကြည့်ပြီး ခေါင်းယမ်း၏။

"သမီးအနာက ငယ်ငယ်လေးထဲက ဖြစ်တာဆိုတော့ ကျက်ပြီး အသားကျနေပြီကွဲ့၊ ပြန်ကောင်းချင်ရင် ခွဲစိတ်ကုသမှရမယ်။ အန္တရာယ် များပါတယ်ကွယ်၊ လူ့အသက်ထက် ဘယ်ဟာမှ အရေးမကြီးဘူး။ ချက် တစ်ခုအတွက် စိတ်ဆင်းရဲမခံပါနဲ့"

"ဒါပေမယ့် ဆရာရယ်၊ ကျွန်မက မော်ဒယ်လုပ်ချင်သေးတယ် ခုခေတ်မော်ဒယ်တွေဆို စင်ပေါ်မှာ ရှိုးလျှောက်ရင် ချက်ကလေးဖော်ပြီး အလှပြတာ၊ အရမ်းကြည့်ကောင်းတာပဲ၊ ကျွန်မ သူတို့လိုမျိုး ချက်လှလှလေး

ဖြစ်ချင်တာပေါ့"

"အားမကျစမ်းပါနဲ့ သမီးရယ်။ သူတို့က လာဘ်ခေါ်ချင်လို့ ချက် ဖော်တာပါ။ မမြင်ဖူးမတွေ့ဖူးတဲ့ ယောကျ်ားတွေသာ သဘောကျချင် ကျမယ်၊ ဆရာတို့လို ယောကျ်ားတွေအတွက်ကတော့ သူတို့ချက်ဖော် ထားတာ မြင်ရင် ပန်းသီးစားချင်စိတ် ပျောက်သွားလို့ မဖော်ချင်ပါနဲ့ သမီးရယ်"

"ဆရာက မဖော်စေချင်မှတော့ မဖော်တော့ပါဘူးရှင်၊ ဒါပေမဲ့ တစ်ခုတော့ ဖော်ပါရစေနော်"

"ဘာဖော်မှာလဲဟင်"

"ဒီဟာ"

မချက်ပြဲက ပြောပြီး ပါးစပ်ဖြဲပြလိုက်ရာ ကြီးမားသော အစွယ် ကြီးတွေ ငေါထွက်လာ၏။

ဒေါက်တာရမ်းကု မချက်ပြဲပါးစပ်က ဘီလူးစွယ်တွေကို မြင်သော အခါ အကြောက်လွန်ပြီး မျက်လုံးကြီးပြူး၍ ကြက်သေ သေသွားလေသည်။

အဲဒီနောက်တော့. . . .

စာရေးမလေး ထဘီကို ခါးတောင်းကျိုက်၍ ဆေးခန်းအပြင်သို့ လုမျောပါး အော်ပြီး ပြေးထွက်လေသည်။

အဘယ့်ကြောင့်ဆိုသော် အထဲမှ အသံတွေ တိတ်သွား၍ တံခါးကိုဖွင့်ပြီး ချောင်းအကြည့်မှာ ဆံပင်ဖားလျားနှင့် ဘီလူးမ တောင် ဒေါက်တာရမ်းကု၏ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော ခန္ဓာ ကိုယ်ကြီးကို တစ်စစီ ကိုက်ဖဲ့စားသောက်နေသည်ကို သွေးအိုင်ထဲမှာ မြင်လိုက်ရ၍ ဖြစ်သည်။

www.burmeseclassic.com



ခဏအကြာ ဆေးခန်းထဲမှ ကြောက်မက်ဖွယ်ရာအသံကြီး ထွက်ပေါ်လာ၏။

“ဘီလူးမ ချက်ပြုံ တဲ့ဟေ့”

* * * * *



လက်ပံတောရွာတစ်ရွာလုံး အုတ်အော်သောင်းနင်း ဖြစ်ကုန်ပြီ။ ဘီလူးမချက်ပြုံရဲ့ သောင်းကျန်းမှုကြောင့် ညနေစောင်းပြီဆိုတာနဲ့ အိမ်ပြင်ထွက်ရဲတော့။ အိမ်တံခါးတွေ လုံခြုံအောင် ပိတ်ပြီး စောင်ခေါင်းမြီးခြုံအိပ်ကြလေ၏။

ကြာလာတော့ ဒီကိစ္စကို ရင်မဆိုင်ရဲတော့တဲ့အဆုံး တစ်ယောက်ပြီးတစ်ယောက် ရွာပြောင်းပြေးလိုက်ကြတာ နောက်ဆုံး လက်ပံတောရွာတစ်ခုလုံး သုသာန်တစပြင်ကဲ့သို့ ခြောက်သွေ့သွားတော့သည်။

လူတစ်ယောက်မှ မရှိတော့။

လူမရှိတော့ လူသားမစားရတဲ့ ဘီလူးမချက်ပြုံ ပင်လယ်ကမ်းစပ်ကိုသွားပြီး ငါးအစိမ်းတွေ ဖမ်းစား၊ တစ်ခါတလေ တောထဲဝင်ပြီး မျောက်သားငှက်သား၊ သမင်သား အစရှိသည့် တိရစ္ဆာန် အသားစိမ်း၊ ငါးစိမ်းတွေစားပြီးသာ ဘဝနေထိုင်မှု ပြုရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်ငြား လူသားလောက်တော့ အရသာမရှိသဖြင့် သူ ပိုင်သည့် ပိုက်နက်နယ်မြေထဲ လမ်းမှားရောက်လာမည့် လူသားကိုသာ မျှော်လင့်စောင့်စားရင်း ဘီလူးမချက်ပြု အချိန်တွေ တုန်လွန်ခဲ့လေပြီ။

* * * * *



(၁၀)

ပင်လယ်ပြင်ကျယ်ကြီးပေါ်မှာ တရွေ့ရွေ့ခုတ်မောင်းနေသော သင်္ဘောကြီးတစ်စင်းရဲ့ ထိပ်ဦးပိုင်းမှာ မတ်တတ်လေးရပ်ပြီး လေညှင်းခံ နေသူက ဒုက္ခသည်မလေး နှောင်ကြိုး။ အတွေးရေယာဉ်ကျောမှာ ပင်လယ် သိုင်းလုံးတွေနဲ့အတူ မျောနေမိစဉ်

"ဘာတွေ စဉ်းစားနေတာလဲ နှောင်ကြိုး"

ရုတ်တရက် အနားရောက်လာသော နွယ်ရှင်ရဲ့ မျက်နှာလေးတို့ မော့ကြည့်ပြီး

"ကျွန်မမိဘတွေ အသက်မှ ရှင်နိုင်ပါဦးမလားလို့ တွေးပြီး ဝမ်းနည်းနေတာပါ အစ်ကိုရယ်"

"ဒီလောက်လည်း စိတ်ဓာတ်မကျပါနဲ့ ညီမရယ်။ သတ္တဝါတိုင်းဟာ မွေးဖွားပြီးရင် သေဆုံးကြရမှာ ဓမ္မတာပဲလေ။ ညီမ မိဘတွေသာ အသက် ရှင်ဖို့က ရှိသေးရင်တော့ ပြန်တွေ့ကြမှာပါ"

www.burmeseclassic.com



နှောင်ကြိုးက ခေါင်းလေးညိတ်ပြီး

"ဟုတ်ကဲ့ပါ အစ်ကို. . . ညီမ သဘောပေါက်ပါတယ်။ လူတိုင်းဟာ တစ်နေ့ ခွဲခွာကြရမှာပါပဲ။ ဒါပေမဲ့ မခွဲခွာခင်ခဏလေးမှာတော့ ရစ်ပတ်မိတဲ့ သံယောဇဉ်နှောင်ကြိုးက ပူလောင်တယ် အစ်ကိုရယ်။ လောကဓံ ရှစ်ပါးကလည်း အနိမ့်အမြင့်အတက်အကျတွေနဲ့ ညီမတို့လို အားနွဲ့တဲ့ မိန်းမသားတွေအတွက်တော့ ခံနိုင်ရည်အားနည်းပါတယ်"

နွယ်ရှင် နှောင်ကြိုးအပေါ် ဂရုဏာသက်စွာ အားပေးစကား ပြောသည်။

"ဒါဆိုလည်း အစ်ကိုနဲ့ တွေ့တဲ့ခဏလေးမှာ အားငယ်တာတွေ စိတ်ပျက်တာတွေ ခဏမေ့ထား ဟုတ်ပြီလား။ အစ်ကိုက လူတိုင်းကို ပျော်နေ၊ စိတ်ချမ်းသာနေတာပဲ မြင်ချင်တယ်။ ညီမ ပျော်အောင် အစ်ကို ဘာလုပ်ပေးရမလဲ"

နှောင်ကြိုးက တစ်ချက်စဉ်းစားဟန်ပြုပြီး

"အင်း. . . ဒါဆို ညီမကို တယောထိုးပြ"

"တယောထိုးပြရမယ်"

"ဟုတ်တယ်လေ. . . အစ်ကို့မှာ ထူးဆန်းတဲ့ မှော်တယော ရှိတယ်လို့ ကြားတယ်။ အဲဒီတယောအစွမ်းနဲ့ပဲ လူရိုင်းတွေကို နှိမ်နင်းခဲ့သေးတယ်လေ။ ညီမ အစ်ကို့တယောသံကို နားထောင်ချင်တယ်"

"သိပ်ရတာပေါ့၊ ဘယ်တော့ထိုးပြရမလဲ အခုလား"

"အခုတော့ မထိုးပါနဲ့ဦး. . . ညီမ အဆင်သင့်မဖြစ်သေးဘူး"

"ဟင်. . . ဘာကို အဆင်သင့်မဖြစ်သေးတာလဲ"

"ဪ. . . ဒီလိုလေ။ အစ်ကို့တယောသံကို ညီမတစ်ယောက်တည်းတော့ နားမထောင်ချင်ဘူး။ ငှက်ကလေး၊ သမင်လေးတွေ လိပ်ပြာလေးတွေ ယုန်လေးတွေနဲ့အတူ နားထောင်ချင်တာ။ ညီမက တိရစ္ဆာန်လေးတွေ ချစ်တတ်တယ်လေ။ အစ်ကို့တယောသံကြားရင် တိရစ္ဆာန်လေးတွေတောင် မနေနိုင်လို့ လာနားထောင်တယ်ဆို"

"အင်း. . . ဒါတော့ ဟုတ်တယ်။ ဒါပေမဲ့ ဒီပင်လယ်ထဲမှာတ ဖင်ယော်တွေ၊ ရေထဲက ငါးတွေလောက်ပဲ ရှိတာလေ ညီမရဲ့"

"ဪ. . . လွယ်ပါတယ် အစ်ကိုရယ်။ ဟိုင်းကြီးကျွန်းကို ရောက်ဖို့ကလည်း လိုသေးတယ်ဆိုတော့ အနီးအနားမှာ တွေ့ရတဲ့ ကျွန်းတစ်ကျွန်းမှာ ခဏလောက် သင်္ဘောရပ်ပြီး နားကြတာပေါ့။ အဲဒီကျမှ ထိုးပြလေ။ ပြီးတော့ ညီမမိဘတွေရဲ့ သတင်းလည်း စုံစမ်းရင်းနဲ့ပေါ့"

မျှော်လင့်ချက်မျက်နှာလေးနဲ့ တောင်းဆိုနေသော နှောင်ကြိုးရဲ့ မျက်နှာကို ဂရုဏာသက်စွာကြည့်ပြီး နွယ်ရှင် ခေါင်းညိတ်လိုက်ပါသည်။

"ညီမ သဘောပါပဲကွယ်"

တဖြည်းဖြည်းနှင့် ဆည်းဆာချိန် တိမ်တောက်လာတော့ နေမင်းကြီး အနောက်ဘက် မိုးကုတ်စက်ဝိုင်းထဲဝင်ရန် အရှိန်ယူနေပြီ။

အဲဒီအချိန်မှာ မှန်ဘီလူးတစ်လက်ဖြင့် ဟိုဟိုဒီဒီ ကြည့်နေသော ရွက်လိမ်သမားတစ်ယောက် သတင်းလာပို့သည်။

"ဆရာနွယ်ရှင် အရှေ့မှာ ကျွန်းတစ်ကျွန်း တွေ့တယ်။ ကျွန်တော်တို့ အဲဒီမှာ နားကြမလား"

နွယ်ရှင်က ထိုသူ့လက်ထဲမှ မှန်ဘီလူးကို တောင်း၍ ကြည့်လိုက်ပြီး

"ကောင်းပြီလေ. . . အားလုံးလည်း မနက်မိုးလင်းထဲက ခွတ်ဘာရတော့ ပင်ပန်းနေမှာပေါ့၊ သင်္ဘောကို ကမ်းကပ်လိုက်"

* * * * *







www.burmeseclassic.com

www.burmeseclassic.com

အချိန်က ညနေ နေဝင်ရီတရော။

ကမ်းစပ်မှာ မီးပုံလေးဖိုပြီး နွယ်ရှင်နှင့်အတူ အားလုံး ဝိုင်းထိုင်လိုက်ကြသည်။

နှောင်ကြိုးက ဝိုင်ပုလင်းလေး တစ်လုံးကိုင်ပြီး တစ်ယောက်တစ်ခွက်စီငှဲ့ပေး၍ အလယ်မှာ ကြက်ကြော်ပန်းကန်ကြီး ချပေးလိုက်သည်။

"ကိုနွယ်ရှင် တငယောမထိုးခင် နှောင်ကြိုးကိုယ်တိုင် ပြင်ပေးထားတဲ့ ကြက်ကြော်နဲ့ စပျစ်ဝိုင် သုံးဆောင်ကြပါဦးနော်၊ ပြီးမှ ဂီတသံစနားထောင်ကြတာပေါ့"

အားလုံးက နှောင်ကြိုးကို နှစ်လိုဖွယ် မျက်ဝန်းများဖြင့် ကြည့်လိုက်သလို နွယ်ရှင်ကလည်း ကျေးဇူးစကားဆိုသည်။

"အလိုက်သိလိုက်တာကွယ်. . . ဗိုက်ဆာနေတာနဲ့ အတော်ပဲ။ ကျေးဇူးတင်ပါတယ် ညီမ. . . ညီမပါ တစ်ခါတည်း ဝင်စားလိုက်ပါ"





နှောင်ကြိုးက လက်ကလေးကာပြပြီး. . .

"ညီမ မဆာသေးပါဘူး အစ်ကို၊ ပြီးတော့ မိန်းမလှကျွန်းသူတွေဟာ သူစိမ်းယောကျ်ားလေးနဲ့အတူ တစ်ဝိုင်းတည်း လက်ဆုံစားခွင့်မရှိပါဘူး။ နောက်ပြီး လောလောဆယ် ညီမ ဝိတ်လျှော့နေတာမို့ ညနေစာမစားပါဘူး"

"အိုကွယ်. . . ဒီလောက်ပိန်တဲ့ခန္ဓာကိုယ်လေးက ဝိတ်လျှော့သေးတဲ့လား။ ပြားကပ်ကပ် ဖြစ်သွားမှာပေါ့"

အားလုံး၏ ထင်မြင်ယူဆချက်ဖြစ်သည်။

"မိန်းမလှကျွန်းသူမှန်ရင် ပြားကပ်ကပ် စလင်းဘော်ဒီကို ထိန်းရပါတယ်ရှင်။ အဲဒီလိုမှမဟုတ်ဘဲ ဝ,လာရင် စောစောစီးစီး ဘီလူးကျွန်းပို့ခံရလို့ပါ"

"ဩော်. . . မိန်းမလှကျွန်းရဲ့ စည်းကမ်းဟာ တော်တော်လည်း တင်းကြပ်ပါလားကွယ်"

"ဒါကြောင့်မို့လည်း အခြားအရပ်က လူကုံထံအသိုင်းအဝိုင်းတွေက မိန်းမလှကျွန်းသူတွေကိုသာ ရမယ်ဆိုရင် သူတို့ခန္ဓာကိုယ်အလေးချိန်နဲ့ ညီမျှတဲ့ ရွှေပိဿာချိန်နဲ့ တင်တောင်းရ တင်တောင်းရဆိုပြီး မက်မောနေကြတာပေါ့ရှင်။ မိန်းမလှကျွန်းသူတွေဟာ ပြစ်မျိုးမဲ့မထင်တောင်းခြင်းငါးဖြာနဲ့ ပြည့်စုံတဲ့ နတ်မိမယ်တမျှ အလှပဂေးတွေ ဖြစ်ကြပါတယ်"

နှောင်ကြိုး၏ အညွှန်းကောင်းမှုကြောင့် မိန်းမလှကျွန်းတို့ သွားချင်သူတွေ ရှုပိုးထိုးလာကြသည်။

"အဲဒီကျွန်းကို ရောက်ဖို့ ဘယ်လောက်လိုသေးလဲ ညီမလေး"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်မဝေးတော့ပါဘူးရှင်"

"ရောက်ရင်. . . ညီမလေးရဲ့ မိတ်ဆွေတွေနဲ့ အစ်ကိုတို့ကို မိတ်ဆက်ပေးနော်"

"မိတ်ဆက်ပေးမှာပေါ့ရှင်။ လောလောဆယ် ညီမကိုယ်တိုင် ဖြင့်ပေးထားတဲ့ ကြက်ကြော်နဲ့ ဝိုင်လေး မြည်းကြည့်ပါဦး"

နှောင်ကြိုးက သတိပေးလိုက်ရာ အားလုံးက သူတို့ထက် အသက်ကြီး ပါဝါကြီးသော နွယ်ရှင်ကို ကြက်ကြော်တစ်ဖဲ့ဦးချ၍ ဝေသာလီပြည် ဘီလူးကျသလို အမုန်းဆွဲကြတော့သည်။

သူတို့ အားရပါးရ စားသောက်နေသည်ကို ကြည့်၍ နှောင်ကြိုးက စူးစူးနစ်နစ် ပြုံးလိုက်သည်။

ပြီးနောက်. . .

. . . ♫ . . . ♫ . . . ♫ . . .

နားထဲမှာ ရုတ်တရက် ကြားလိုက်ရသော ဂီတသံကြောင့် ဆိတ်တစ်ကောင်ကို ဖမ်းစားနေသော ဘီလူးမချက်ပြီ အာရုံတွေ ပျံ့လွင့်သွားသည်။ သက်ရှိလူသားတစ်ဦးတလေမှ မရောက်လာတာ ကြာပြီဖြစ်သော ဒီကျွန်းပေါ်မှာ ဂီတသံဖန်တီးနေသူမှာ အဘယ်သူနည်း။

စားလက်စ ဆိတ်သားအရှင် လက်ထဲမှ လွတ်ကျသွားသည်အထိ သူမရဲ့ နှလုံးသားတစ်စုံကို ညှို့ငင်သိမ်းပိုက်လိုက်သည့်အရာမှာ ဘယ်အရာနည်း။

တစ်သက်နဲ့တစ်ကိုယ် ဒီလောက်သာယာနာပျော်ဖွယ်ကောင်းပြီး ဆွဲဆောင်မှုရှိသည့် ဂီတသံမျိုး မကြားဖူးခဲ့။

ဘီလူးမချက်ပြီ အသံလာရာဘက်ဆီ မှန်းဆပြီး ခြေလှမ်းကျဲကြီး





တွေဖြင့် တစ်လှမ်းချင်း လျှောက်လှမ်းသွားလိုက်သည်။

. . . ♫ . . . ♫ . . . ♫ . . .

နွယ်ရှင်ရဲ့ ဘေးနားမှာ တိရစ္ဆာန်လေးတွေ ဝိုင်းလာသည်။ သမင်လေးတွေ၊ ဒရယ်လေးတွေက အနားမှာ ဒူးထောက်ပြီး နားထောင်နေသလို လိပ်ပြာလေးတွေက နွယ်ရှင်ရဲ့ တယောမှာ လာနားသည်။

ငှက်ကလေးတွေကလည်း နွယ်ရှင်ရဲ့ ပခုံးပေါ်မှာ ရပ်သူရပ် အတောင်ပံလေးဖြန့်ပြီး ကျောက်တုံးပေါ်မှာ အားပေးသူက အားပေးနှင့် ခရီးသတ်စုံလင်လှသော ဂီတဖျော်ဖြေပွဲကြီးတစ်ခု ဖြစ်လို့နေသည်။

အဲဒီမြင်ကွင်းကို ဘီလူးမချက်ပြီ ကျောက်တောင်ကြီးတစ်ခု အကွယ်အပေါ်စီးမှ လှမ်းမြင်လိုက်ရသောအခါ

"အလိုလေးလေး. . . အင်မတန် ထူးခြားလိုက်တဲ့ မြင်ကွင်းပါလား။ နုနယ်ပျိုမြစ်ပြီး ယောကျာ်းပီသတဲ့ ပုရိသတစ်ယောက်ရဲ့ တယောသံကို လူတွေ မပြောနဲ့။ တိရစ္ဆာန်လေးတွေတောင် လာပြီး နားဆင်နေရတယ်။ ဘယ်လိုလူသားမျိုးပါလိမ့်"

ထူးဆန်းအံ့ဩမှုနှင့်အတူ ဘီလူးမချက်ပြီရင်ထဲ ဝင်ရောက်လာသည်က သိမ်မွေ့နူးညံ့သော ခံစားမှုတစ်ခု

"ဘုရားရေ. . . ငါ. . . ငါ့စိတ်တွေ ဘာဖြစ်သွားတာလဲ။ လူသားစားရတာကြာပြီမို့လို့ လူသားကို မြင်မြင်ချင်း အာသာပြင်းပြင်းနဲ့ စားချင်စိတ်တွေ ဖြစ်ရမယ့်အစား သူ့တယောသံလေးကို နားထောင်ပြီး ကြည်နူးတဲ့စိတ်၊ သာယာတဲ့စိတ်၊ တပ်မက်စွဲလမ်းစိတ်တွေ ဖြစ်သွားပါပေါ့လား။ တယောထိုးနေတဲ့ သူ့ရုပ်သွင်က မြင်နေကျ လူသားတွေနဲ့မတူ ပတတိ တည်ငြိမ်ပြီး ခန့်ညားလိုက်တာ။ မဟာပုရိသတို့ရဲ့လက္ခဏာနဲ့ ဘုန်းရှင်တစ်ရှင်



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်ပဲ"

ဘီလူးမချက်ပြုတစ်ယောက် နွယ်ရှင်ကို ကြည့်ပြီး တစ်ခါမှ မဖြစ်ပေါ်ဖူးတဲ့ ရင်ခုန်သံတွေ မြန်ဆန်လာသည်။

"အိုး. . . ရင်တွေ တဒိတ်ဒိတ်နဲ့ ဘာဖြစ်တာလဲ။ ငါ. . . ငါသူ့ကို ချစ်မိသွားတာများလား"

အတွေးနဲ့အတူ သူမရဲ့ ဘယ်ဘက်ရင်အုံကို ဖိထားရင်း ဘီလူးမချက်ပြုတစ်ယောက် ဟတ်ထိသွားခဲ့လေပြီ။

. . . ♬ . . . ♬ . . . ♬ . . .

"ကောင်းလိုက်တဲ့ တယောသံ၊ သာယာနာပျော်ဖွယ် ရှိလိုက်ပါဘိ။ ငါ သူနဲ့ ရင်းနှီးအောင် ဘယ်လို မိတ်ဖွဲ့ရင် ကောင်းမလဲ။ အင်း. . . သူ့ရဲ့ ပရိသတ်တစ်ယောက်အနေနဲ့ အော်တိုသွားထိုးခိုင်းရင် ကောင်းမယ်။ အဲ ဒီပုံစံကြီးနဲ့တော့ မဖြစ်ဘူး။ လန့်ပြီး ထွက်ပြေးသွားလိမ့်မယ်။ သူကြိုက်အောင်လို့ ချောချောလှလှလေး ဖန်ဆင်းပြီး အော်တိုသွားရေးခိုင်းမှပဲ၊ ဟုတ်ပြီ"

ဘီလူးမချက်ပြု ကျောက်တုံးကြီးနောက်မှာပင် သူ့ကိုယ်သူ မိန်းမလှလေးအသွင်သို့ ပြောင်းလဲဖန်ဆင်းလိုက်သည်။

ခေါင်းအစခြေအဆုံး ပြောစရာမရှိ။ ဆံနွယ်လေးတွေက ဖယောင်းသွင်းစရာ မလိုဘဲ ပျော့ပျောင်းနေသည့် မဟော်ဂနီရောင်တောသာ၊ မျက်နှာလေးက ပြစ်မျိုးမဲ့မထင် ချစ်စဖွယ်ဟန် အသွင်ရှိသည့် အမူအရာ၊ အသားအရေက ရွှေသွင်းစရာမလို၊ မဝင်းမောင် ရှုံးလောက်သည့် ဖြူဝင်းပပ ဘော်ငွေစန္ဒာ၊ ခြေချောင်းလက်ချောင်းလေးတွေက နူးညံ့သွယ်ပျောင်း ဒေါင်းမလေး တကြိုးဆင်တော့မယ့်ဟန်ပမာ





ကြံသကာတွေ မစားဘဲ ချိုမြနေသည့် အပြုံးလေးဖြင့် နွယ်ရှင့်ထံ သွားမည်ဆန်ပြင်ပြီးမှ

"အဲ. . . နေဦး၊ တစ်ကိုယ်လုံးတော့ လှအောင် ဖန်ဆင်းလိုက်ပါရဲ့၊ ဒါပေမဲ့ အရေးအကြီးဆုံး မေ့နေတယ်။ ငါ အဝတ်အစား မဖန်ဆင်းရသေးဘူး။ တော်ကြာ အော်တိုမထိုးပေးဘဲ ဟိ. . . ဟိ ရှက်ပြီး ထွက်ပြေးသွားဦးမယ်"

ဘီလူးမချက်ပြု ဒီနေ့ခေတ် မော်ဒယ်မင်းသမီးတွေ ပွဲတက်လျှင်ဝတ်သည့်ဝတ်စုံ ဖန်ဆင်းဆင်မြန်းလိုက်ပါသည်။

တစ်ဘက်လူ အသက်ရှူမှားစေမည့် ဒီဇိုင်း။

"ဒီဇိုင်းကတော့ လန်းသွားပြီ။ သူ့ဆီ လက်ချည်း သက်သက်သွားတာထက် နှင်းဆီပန်းလေးတစ်ပွင့်ပေးပြီး အော်တိုရေးခိုင်းတာ ပိုဘဝျာဆန်မယ် ထင်တယ်။ ဟုတ်တယ်။ ဒါဆိုရင် အောင်စေတီ အနောက်ဘက် ရေကန်နားက နှင်းဆီပင်တွေရှိတဲ့ဆီ ပြန်သွားပြီး တစ်ပွင့်လောက်ခူးလိုက်ဦးမှ၊ ငါ ပြန်လာမယ့်အချိန်နဲ့ သူ တယောထိုးပြီးတဲ့အချိန် ကွက်တိယောက်ပဲ။ ချက်ချင်းကြီး သွားလိုက်ရင် တယောထိုး ပျက်သွားဦးမယ်"

ဘီလူးမချက်ပြု သူ့အတွေးနှင့်သူ နွယ်ရှင်ဆီ ချက်ချင်း မသွားသေးဘဲ နှင်းဆီပန်း သွားပြန်ခူးနေသည့်အချိန်

. . . ♬ . . . ♬ . . . ♬ . . .

နွယ်ရှင် တယောထိုးတဲ့ လက်တွေ လေးလံလာသလို မျက်လုံးတွေလည်း ပြာဝေလာသည်။ ရင်ထဲမှာ ပူလာကာ ခေါင်းတွေလည်း မူးလာသည်။ သူတင်ပဲလားဆိုတော့ သူ့အဖွဲ့သားတွေအားလုံးလည်း မျက်စိဖျက်ချက်နှာပျက် ဖြစ်နေပြီဆိုတာ သိသောကြောင့် နွယ်ရှင် တယောစုံတစ်ခုတို

www.burmeseclassic.com



စိုးရိမ်သွားပြီး တယောထိုးခြင်းကို ရပ်လိုက်မိ၏။

အဲဒီအချိန် နှောင်ကြိုးက နွယ်ရှင်ကို မျက်နှာငယ်လေးနှင့် ကြည့်ပြီး

"ခွင့်လွှတ်ပါ အစ်ကို"

နွယ်ရှင် နှောင်ကြိုးအပေါ် မသင်္ကာဖြစ်ပြီး အထိတ်တလန့် မေးခွန်းထုတ်၏။

"မင်း. . . မင်း ဘာလုပ်ထားတာလဲ နှောင်ကြိုး"

"ကျွန်မ ရှင်တို့အားလုံး စားတဲ့ အစားအသောက်တွေထဲမှာ အဆိပ် ခတ်လိုက်ပါပြီ"

နှောင်ကြိုးရဲ့ စကားကြောင့် ချိုလိမ်ရွှာသားတွေ ပါးစပ် အဟောင်းသားနှင့် အံ့သြကုန်သည်။

"နှောင်ကြိုး. . . မင်း သစ္စာဖောက်မ၊ ငါတို့ မင်းကို ကယ်ခဲ့တဲ့ ကျေးဇူးကိုမှ မထောက်၊ ဘာသဘောနဲ့ ဒီလိုလုပ်တာလဲ"

"တကယ်တော့ ကျွန်မက သဘောပျက်ပြီး ဒုက္ခရောက်လာတဲ့ ဒုက္ခသည်မဟုတ်ပါဘူးရှင်။ လူရိုင်းတွေ လွှတ်လိုက်တဲ့ သူလျှိုပါ။ ကျွန်မရဲ့ ရည်ရွယ်ချက်က ကိုနွယ်ရှင်ရဲ့ တယောကို ရအောင်ယူပြီး သူတို့ဆီ အပ်ဖို့ပါ။ တာဝန်နဲ့ ဝတ္တရားအရ လုပ်ရတာမို့လို့ ကျွန်မတို့ နားလည်ပေးကြပါရှင်"

"နှောင်ကြိုး. . . မင်းကို ယုံတာ ငါတို့ သိပ်မှားသွားပြီ။ ဒါကြောင့် မြွေနှစ်ချောင်းနဲ့ နားရွက်ကို မကယ်ကောင်းဘူးလို့ လူကြီးတွေ ဆုံးမခဲ့ တာတိုး"

နွယ်ရှင်ရဲ့ နာကြည်းစွာ ပြောသည့် အပြောကို နှောင်ကြိုးက





ငိုမလို မျက်နှာပေးလေးနှင့် တောင်းပန်သည်။

"အစ်ကို စိတ်ကျေနပ်သလိုသာ ပြောပါတော့ရှင်။ ကျွန်မ တာဝန် အရ အခုလို လုပ်လိုက်ရပေမယ့် အစ်ကို့တယောသံကို နားထောင်ပြီး နောက်ပိုင်း ကျွန်မစိတ်တွေ ပြောင်းလဲသွားပါတယ်။ အစ်ကိုတို့ အားလုံးကို သတ်ချင်စိတ် မရှိတော့ပါဘူး အစ်ကို ဒါပေမဲ့ နောက်ကျသွားပါ ပြီရှင်. . . ဟင့်"

နှောင်ကြိုးရဲ့စကား ဆုံးသောအခါ နွယ်ရှင်တို့အားလုံး သည်ချောင်းဝတလျှောက် ပူဆင်းလာပြီး ပြိုင်တူလိုလိုပင် စားထားသော အစာတွေနှင့်အတူ သွေးပါ အန်ထွက်လေသည်။

"ဝေါ့"

"အစ်ကို"

နှောင်ကြိုး စိုးရိမ်သွားပြီး နွယ်ရှင်ကို ပြေးပွေ့မည်ပြုရာ နွယ်ရှင်က နှောင်ကြိုးရဲ့လက်ကို ပုတ်ထုတ်လိုက်၏။

"သွားစမ်း. . . မိစ္ဆာမ၊ ခုမှ လာပြီး ဟန်ဆောင်မနေနဲ့။ ငါ့စေတနာကို ဖော်ကားတဲ့ မိန်းမယုတ်. . . အ"

နွယ်ရှင်တစ်ယောက် စကားပင် ဆက်မပြောနိုင်ဘဲ အသိစိတ်တွေ အမှောင်တိုက်ကြီးထဲကို ဝင်သွားသည်နှင့်အတူ သူ့အဖော်တွေလည်း အတုံးအရုန်း လဲကျကုန်သည်။

နှောင်ကြိုးရဲ့ ပါးပြင်ပေါ် မျက်ရည်စီးချောင်းလေးတွေ ဖြတ်စီး သွားပြီး နွယ်ရှင်ရဲ့ မျက်နှာလေးကို လက်လေးနှစ်ဖက်နှင့် ပွတ်သပ်၍ ဆိုးတိုးလေး နှုတ်ဆက်၏။

"ညီမကို ခွင့်လွှတ်ပါတော့ အစ်ကို၊ တာဝန်အရ အခုလို လုပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတာပါ။ အစ်ကို့ကို သချင်တဲ့စိတ် ညီမမှာ မရှိပါဘူး။ အထူးသဖြင့် အစ်ကို့တယောသံကို နားထောင်လိုက်ချိန်မှာ ညီမရင်ထဲ အရမ်းကို နူးည့် သိမ်မွေ့သွားတယ် အစ်ကိုရယ်။ ဒါပေမဲ့ မမှီတော့ဘူး။ ညီမ ခတ်လိုက်တဲ့ အဆိပ်က သိပ်ပြင်းတယ်။ နတ်ဆေးတမျှ စွမ်းတဲ့ ဖြေဆေးမျိုးမှ ကုလို့ ရနိုင်မယ်။ အဲဒီဖြေဆေးမျိုး ညီမမှာလည်း မရှိဘူး။ အဲဒီတော့ ဒီကျွန်း ပေါ်မှာပဲ နေခဲ့ပါတော့ အစ်ကို၊ ညီမ နှုတ်ဆက်လိုက်ပါတယ်။ အစ်ကို ကောင်းရာဘုံဘဝ ရောက်ပါစေ”

နှောင်ကြိုးက ဆုမွန်ကောင်း တောင်းပေးပြီး နွယ်ရှင်ရဲ့ ဘေးနားမှာ ပြုတ်ကျနေသော တယောအိုးနှင့် ထိုးတံကို ယူ၍ မျက်ရည်တွေ သုတ်ကာ ကမ်းစပ်မှာ ရပ်ထားသော သင်္ဘောဆီသို့ ထွက်ခွာသွား တော့သည်။

BURMESE CLASSIC

* * * * *



(၁၁)

မိန်းမလှလေးတစ်ယောက် အနီရောင်ဖက်ရှင်လေးနှင့် အနီရဲရဲ နှင်းတစ်ပွင့်ကို ကိုင်ပြီး ပင်လယ်ကမ်းစပ်ဆီ ကဗျာဆန်စွာ လျှောက်လှမ်း လာသည်။ သူမရဲ့ရည်ရွယ်ချက်က တယောကိုကိုအတွက် ပိုးကြေးပန်းကြေး ပန်းပေးဖို့။

“အသည်းလေးရေ. . . ရှင့်အတွက် ကြည်ပြာ ပန်းခူးလာတယ်။ ရှင့်ရဲ့ဂီတပရိသတ် နောက်တစ်ယောက်တိုးပြီ မှတ်လိုက်တော့”

အတွေးနဲ့အတူ ဘီလူးမချက်ပြီ ရင်ခုန်နေစဉ် ရုတ်တရက် မြင်လိုက်ရသော မြင်ကွင်းကြောင့် ခြေလှမ်းတွေ ရပ်တန့်သွားသည်။

“ဟင်. . . ဒါ ဘယ်လိုဖြစ်တာလဲ၊ အသည်းလေးနဲ့ သူ့အဖော် တွေ သောင်ပြင်မှာ ပက်လက်လန်တဲ့သူလန်၊ မှောက်ရက်လဲတဲ့သူ လဲနဲ့ သစ်ခုခု ဖြစ်နေပုံပဲ။ ဒုက္ခများ ရောက်နေပြီလား. . . ဘုရား ဘုရား”

* * * * *

www.burmeseclassic.com

www.burmeseclassic.com

မျက်ခွံတွေ တဖြည်းဖြည်း ပွင့်လာသောအခါ အရင်ဆုံး မြင်လိုက် ရတာက ခေါင်မိုးမျက်နှာကျက်တစ်ခု။

သူ့ကိုယ်သူ မသေသေးဘူးဆိုတာ သိလိုက်ပြီး ဝမ်းသာအားရနှ ထ,လိုက်သောအခါ ပိုးဖဲကတ္တီပါသား ခင်းထားသော ညောင်စောင် ထက်က မွေ့ရာလေး တွန့်သွားသည်။

"ငါ ဘယ်ရောက်နေပါလိမ့်"

ဟိုဟိုဒီဒီ စူးစမ်းလိုက်သောအခါ သူရောက်နေတဲ့ နေရာက ဇရ အိုကြီး တစ်ခု။

ဇရပ်ဆိုသော်လည်း ရှေးဆန်သည့် လက်ရာများနှင့် အတော် ကြီးကျယ်ခမ်းနားလှသည့် နန်းဆန်ဆန် ဇရပ်။ ဒါပေမဲ့ လူမနေတာ ကြာ ဖြစ်တဲ့အတွက် သစ်ပင် ခြုံနွယ်များက ဇရပ်တိုင်လုံးတွေပေါ် တွယ်တက် ရှုပ်ထွေးနေသည်။





သူက အဲဒီဇရပ်ထဲက နှစ်ယောက်အိပ် ဖဲမွေ့ရာ ကုတင်ကြီး ပေါ် ရောက်နေခြင်း ဖြစ်သည်။ ဘယ်လို ဘယ်လို ရောက်လာတာလဲတု တွေးနေမိစဉ်. . .

"အသည်းလေး. . . နိုးလာပြီလား"

တစ်ခါမြင်လိုက်ရရုံနှင့် မူးမေ့သွားလောက်သည့် မိန်းမလှလေး တစ်ယောက် စားစရာသောက်စရာတွေ ငွေဖလားထဲထည့်ပြီး သူ့ဆီ ရောက်လာသည်။

ရုတ်တရက်ဆိုတော့ လူမှ-ဟုတ်ရဲ့လားဟုပင် နွယ်ရှင် ထင်သွား မိ၏။

"မင်း. . . မင်းက ဘယ်သူလဲ"

"နာမည်အရင်းက မလှပါဘူးရှင်၊ မချက်ပြာလို့ ခေါ်ပါတယ်။ ဒါပေမဲ့ အသည်းလေးခေါ်ဖို့အတွက် သီးသန့်နာမည် ရှိတယ်။ ကြည်ပြာတဲ့။ အသည်းလေးရဲ့ဘေးမှာ ကြည်လင်ချိုမြတဲ့ အပြုံးတွေနဲ့အတူ အပြာရောင် အချစ်ညလေး ဖန်တီးပေးမယ့် ကြည်ပြာပါရှင်"

ညို့ချက်ပြင်းထန်လှသော မျက်လုံးတွေနဲ့အတူ ပြုံးပြုံးလေး ပြောနေရှာသော ဒီကောင်မလေးရဲ့ အမူအရာတွေက လိုတာထက် ပိုပြီး နွဲ့ဆင်းလွန်းနေသောကြောင့် နွယ်ရှင် သိပ်သဘောမကျချင်။

"ကဲ. . . မကြည်ပြာ၊ ကျုပ် ဒီကို ဘယ်လိုရောက်နေတာလဲဆိုတာ ပြောပါဦး၊ ကျုပ်အဖော်တွေရော"

"ရှိပါတယ်ရှင်. . . သူတို့ အားလုံးကိုလည်း ကြည်ပြာရဲ့ နတ် ဆေးပင် ရှုခိုင်းပြီး အသက်ပြန်ရှင်အောင် လုပ်ပေးထားပါတယ်။ ဒဏ်ဆိပ်တွေပြေပြီး ခုလောက်ဆိုရင် ကမ်းစပ်မှာ အသည်းလေးကို လိုက်ရှာ



www.burmeseclassic.com

www.burmeseclassic.com



နေလောက်ရောပေါ့ရှင်”

“ဒါဆို. . . ငါတို့ကို ကယ်လိုက်တာ မင်းပေါ့၊ ကျေးဇူးတင်ပါတယ်”

“ကျေးဇူးတင်စရာ မလိုပါဘူးရှင်. . . ကြည်ပြာ့အနားက ဘယ်မှ မသွားဘဲ ထာဝရ အဖော်အဖြစ်နေပေးရင် ကျေနပ်ပါပြီ”

“ဟာ. . . ဘယ်ဖြစ်မလဲ၊ ငါ့မှာ လုပ်စရာတွေ ရှိသေးတယ်။ ငါ့ အဖော်တွေနဲ့ တွေ့မှ ဖြစ်မှာပေါ့၊ ငါ သွားပါရစေ”

ကောင်မလေးရဲ့မျက်နှာ တင်းမာခက်ထန်သွားပြီး မျက်လုံးတွေ ရဲလာကာ

“အသည်းလေး. . . ဘယ်မှ မသွားရဘူးလို့ ပြောနေတယ်နော်။ သွားမယ်ဆိုရင် သူတို့အားလုံးကို သတ်ပစ်မယ်။ မသွားဘူးဆိုရင် သူတို့ ကောင်းကောင်းမွန်မွန် ကိုယ့်တိုင်းပြည်ပြန်လို့ရအောင် လှေတစ်စင်းပါ ပေးလိုက်မယ်”

“မင်း. . . မင်း ဘာယ်လိုမိန်းကလေးမျိုးလဲ၊ ငါက ဘာလို့ မင်းနဲ့ အတူနေရမှာလဲ”

“အသည်းလေးကို ချစ်လို့ပေါ့ရှင်”

နွယ်ရှင် အဲဒီမိန်းကလေးကို နည်းနည်းရှိန်သွားသည်။ ဒီလို စကားမျိုး မိန်းကလေးဘက်က စ,ပြောသည်ကို တစ်ခါမှ မတွေ့ဖူးခဲ့။

ထို့ကြောင့် သူမကို တစ်ချက်စိုက်ကြည့်ပြီး မျက်နှာလွှဲလိုက်သည်။

“ရှက်သွားလားဟင်. . . မရှက်ပါနဲ့ အသည်းလေးရယ်။ ကြည်ပြာက ဟန်မဆောင်တတ်လို့ပါ။ စိတ်မဆိုးနဲ့နော် အသည်းလေး”

အသည်းလေးတွေ များလာသောအခါ နွယ်ရှင် နားပင် ရှက်





လာ၏။

“ဒီမှာ. . . မင်း ငါ့ကို အသည်းလေး အသည်းလေးနဲ့ မခေါ်ပါနဲ့။ သူကြားလို့ မကောင်းဘူး”

“ဒါဆို ဘယ်လို ခေါ်ရမှာလဲဟင်။ ပူတူတူလေး၊ အချစ်ဆုံးလေးလို့ ခေါ်ရမှာလား၊ အသည်းထဲက နင့်နေအောင် ချစ်လို့ အသည်းလေးလို့ ခေါ်တာပါ. . . အသည်းလေးလို့ မခေါ်စေချင်ရင် ဘယ်လို ခေါ်ရမှာလဲ”

“ငါ့မှာ နာမည်ရှိတယ်. . . ငါ့နာမည် နွယ်ရှင်”

“နွယ်ရှင်”

ဘီလူးမချက်ပြက တိုးတိုးလေးရေရွတ်ပြီး နှုတ်ခမ်းလေးတွေ ပွင့်အာလာကာ

*♬ အမှတ်တမဲ့နဲ့ ကြည့်လိုက်တဲ့ မင်းရဲ့*
*မျက်ဝန်းလေးဟာ ××× ကိုယ့်အတွက်တော့ အမှတ်တရ*
*တွေ ဖြစ်မိပြီကွယ် ××× နှလုံးသားကို ရစ်ပတ်နှောင်ဖွဲ့*
*ဖြတ်ဖို့ရာ မကြိုးစားချင်ခဲ့ ××× နွယ်ဆိုတာ ရစ်ဖွဲ့တဲ့*
*သဘောပဲ ××× ဘယ်လောက်ထိအောင် ချစ်ခဲ့ပြီလဲ*
*မမေးစမ်းပါနဲ့ကွယ် ကိုယ့်ဘဝမှာ မနက်ဖြန်ဆိုတာ*
*မရှိလောက်အောင်ပဲ ××× လှမ်းကြည့်ရာ ရှစ်ရပ်ခွင်ထဲ*
*ပြိုးစဟန်နွဲ့နွဲ့ ရင်ထဲ နွယ်တစ်နွယ်လို ရစ်ဖွဲ့နှောင်*
*ခဲ့ပြီ ♬*

ဘယ်သူမှ မတောင်းဆိုဘဲ ဘေးနားမှာ သီချင်းလာဆိုပြပြီး ဘ နေသည့် ဘီလူးမချက်ပြကို နွယ်ရှင် တစ်ချက်ကြည့်လိုက် မျက်နှာလွှဲ လိုက်ဖြင့် ထိုင်ရမလို ထ,ရမလို ဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



♫ ကူးဖြတ်ခဲ့နေ့တွေ အညတရညတွေထဲ
ပြောပြရင် မင်း ယုံမှာလား ××× မင်းအကြောင်းကို
မတွေးဘဲနဲ့ အိပ်ခဲ့တဲ့ညတွေ ကိုယ့်ဘဝမှာ တကယ်
တကယ် မရှိပါ ××× ချစ်တဲ့သူရယ် ချစ်တဲ့သူရယ် နွယ်
ဆိုတာ ရစ်ဖွဲ့တဲ့သဘောပဲ ×××♫

ဘီလူးမချက်ပြီရဲ့ သီချင်းသံက ဇရပ်လေးထဲမှာ သာယာနေ
ပျော်ဖွယ် ပုံ့လွင့်နေ၏။

♫ ဘယ်လောက်ထိအောင် ချစ်ခဲ့ပြီလဲ မမေး
စမ်းပါနဲ့ကွယ် ××× ကိုယ့်ဘဝမှာ မနက်ဖြန်ဆိုတာ မရှိ
လောက်အောင်ပဲ ××× လှမ်းကြည့်ရာ ရှစ်ရပ်ခွင်ထဲ
ပြုံးစဟန်နွဲ့နွဲ့ ရင်ထဲ နွယ်တစ်နွယ်လို ရစ်ဖွဲ့နှောင်ခဲ့ပြီ
ကူးဖြတ်ခဲ့နေ့တွေ အညတရညတွေထဲ ××× ပြောပြရင်
မင်းယုံမှာလား ××× မင်းအကြောင်းကို မတွေးဘဲနဲ့
အိပ်ခဲ့တဲ့ညတွေ ကိုယ့်ဘဝမှာ တကယ် တကယ် မရှိပါ
××× ချစ်တဲ့သူရယ် ချစ်တဲ့သူရယ် နွယ်ဆိုတာ ရစ်ဖွဲ့တဲ့
သဘောပဲ ××× နွယ်ဆိုတာ ရစ်ဖွဲ့တဲ့သဘောပဲ ×××
နွယ်ဆိုတာ ရစ်ဖွဲ့တဲ့သဘောပဲ ♫

* * * * *



ညအမှောင်ကြီးထဲမှာ လှေငယ်လေးတစ်စင်း ပင်လယ်ထဲ
ရွေ့ရွေ့ သွားနေသည်။

လှေထဲမှာ ပါလာတဲ့သူတွေ အားလုံးရဲ့မျက်နှာမှာ ထိတ်လန့်
ကြောက်ရွံ့နေဟန်က အထင်းသား။

သူတို့တစ်စုံတစ်ခုကို အကြီးအကျယ် သွေးပျက်နေတာ သေချာ
သည်။

အခြားမဟုတ်။ အဆိပ်တွေပြေပြီး သတိပြန်ရလာတဲ့အချိန်
သူတို့နှင့် ဆုံခဲ့သော မိန်းကလေးတစ်ယောက်ကြောင့် ဖြစ်သည်။

လက်ညှိုးငေါက်ငေါက်ထိုးပြီး သူမ ပြောခဲ့တဲ့ စကားများကို
အထဲမှ မထွက်ကြ။

"နင်တို့အားလုံးကို အဆိပ်ပြေအောင် ငါ ကယ်ခဲ့ပြီးပြီ လှေ
တစ်စီးလည်း ပေးထားပြီးပြီ။ ဒီနေ့ကစပြီး ဒီကျွန်းပေါ်မှာ နင်တို့ကို မမြင်

www.burmeseclassic.com



ချင်ဘူး။ အဝေးဆုံးကို ထွက်သွားကြ။ နောက်တစ်ခါ ဒီကျွန်းပေါ်ကို ရောက်လာမယ်ဆိုရင် တစ်ယောက်မှ အလွတ်မပေးဘူး"

"တို့ကိုကယ်တဲ့အတွက်တော့ ကျေးဇူးတင်ပါတယ် မိန်းကလေး ဒါပေမဲ့ မင်းပြောတဲ့စကားတွေက သိပ်သဘာဝမကျဘူး။ ဒီကျွန်းပေါ် ဘာကြောင့် မလာစေချင်ရတာလဲ။ ပြီးတော့ ဆရာနွယ်ရှင်၊ သူ့ မတွေ့ဘူး။ သူ့ကို ရှာရမယ်။ သူမပါဘဲ ငါတို့ ဘယ်မှ မသွားနိုင်ဘူး"

"တိတ်စမ်း. . . ငါ့ကိုကိုကို နင်တို့ခေါ်သွားဖို့ မစဉ်းစားနဲ့။ သူ ငါ နှစ်ယောက်တည်း ဒီကျွန်းပေါ်မှာ အချစ်ဘုံလေး တည်ဆောက်မှာ နင်တို့ကိုတောင် သူ့မျက်နှာနဲ့ ကယ်လိုက်တာ။ မဟုတ်လို့ကတော့ အကုန် အလောင်းပါ ရှာမရပဲ ဖြစ်သွားမယ်"

"ဒီမှာ မိန်းကလေး. . . မင်းစကားတွေက သိပ်ကြမ်းနေပြ ဆရာနွယ်ရှင်ဟာ ငါတို့ရဲ့ ကျေးဇူးရှင်။ မင်း သူ့ကို ဘာကြောင့်ပဲခေါ်ထား ခေါ်ထား၊ ငါတို့ သူနဲ့တွေ့ပြီး စကားပြောမှ ဖြစ်မယ်"

"ဩော် ဒီလိုလား. . . ဒီလောက်တောင် ပြောမရတာ။ ငါ ဘာကောင်မလဲဆိုတာ သိအောင် ပြရသေးတာပေါ့"

မိန်းမပျိုလေးက ပြောပြီး တဖြည်းဖြည်း သူမ့ရုပ်သွင် ဖန်ဆင်းပြလိုက်ရာ ဝါးနှစ်ပြန်ခန့် အရပ်ရှိသော ကြီးမားသည့် အစွယ်ဖြ ဘီလူးမကြီးအသွင် ပြောင်းလဲသွားသည်။

ချိုလိမ်ရွာသားတွေ အားလုံး မျက်လုံးပြူး မျက်ဆံပြူး ခေါင်းမွေးတွေ ထောင်တက်သွားကြသည်။

ကမ်းစပ်မှာ အသင့်ကြိုးချည်ထားသော လှေကို ဆွဲဖြုတ်၍ ကျွန်း ဝေးရာကို ကမန်းကတန်း လှော်ခတ်ပြီး သေလုမျောပါး ထွက်ပြေး





လေ၏။

"မှတ်ထားဟေ့. . . ငါ့နာမည် ဘီလူးမချက်ပြီတဲ့။ အစားမခံချင်ရင် ဒီကို ဘယ်တော့မှ ပြန်မလာနဲ့။ ဒီကျွန်းက ငါ ပိုင်တဲ့ ကျွန်း၊ ငါချစ်တဲ့သူက ငြိပြီး ဘယ်သူမှ အသက်ရှင်ခွင့်မပေးဘူး. . . ဟား. . . ဟား. . . ဟား. . . ဟား"

* * * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၂)

နံနက်ခင်းနေရောင်ခြည်က ဇရပ်ဘေးပတ်ချာလည်မှာ ပေါ် နေသော ခြုံနွယ်သစ်ရွက်တွေမှတဆင့် မျက်နှာပေါ် နေပြောက်ထိုးလာ သောအခါ နွယ်ရှင် အိပ်ရာမှ နိုးလာသည်။

နိုးနိုးချင်း ဘေးဘီဝဲယာကို ကြည့်လိုက်ရာ ကုတင်ဘေးမှာ သ မေးထောက်ပြီး တရှိုက်မက်မက် စိုက်ကြည့်နေသော မျက်ဝန်းတစ်စုံ တွေ့လိုက်ရ၏။

"မင်္ဂလာပါရှင်. . . အိပ်ရာက နိုးလာပြီဆိုတော့ မျက်နှာသ သွားတိုက်လိုက်ပါဦး. . . ကြည်ပြာ မနက်စာ ပြင်ထားပါတယ်။ ပြီးရ အတူစားကြတာပေါ့"

ဘီလူးမချက်ပြုက သွားတိုက်ဆေးနှင့် သွားပွတ်တံအပြင် ရေ အဆင်သင့်ခပ်ပေးထားပြီး နွယ်ရှင် မျက်နှာသစ်ပြီးမယ့်အချိန်ကို တဘ ကလေး ပခုံးပေါ်တင်ရင်း စောင့်နေသည်။





ပြီးသည်နှင့် လက်ထဲ အဆင်သင့်ထည့်ပေးပြီး ကုတင်ဘေးမှ စားပွဲဝိုင်းကို ပြင်လိုက်သည်။

စားပွဲပေါ်မှာ ပန်းသီး၊ ငှက်ပျောသီး၊ နွားနို့၊ ကြက်ဥ စုံလင်လှ ဘလို လတ်လတ်ဆတ်ဆတ် ကြက်ကြော်နံ့လေးကလည်း သင်းပျံ့နေ၏။

နွယ်ရှင် ဘီလူးမချက်ပြု ပြင်ပေးထားသော ထိုင်ခုံမှာ ဝင်ထိုင်ရင်း တားစ,လိုက်သည်။

"ဒါတွေအားလုံး မင်းပြင်ထားတာလား"

"ဒါပေါ့ မောင်ရဲ့. . . ဒီကျွန်းပေါ်မှာ မောင်နဲ့ကြည်ပြာ နှစ်ယောက်တည်း ရှိတဲ့ဟာ၊ ကြည်ပြာ မပြင်လို့ ဘယ်သူပြင်ရမှာလဲ။ ဘာလဲ မောင်က ကြည်ပြာ ခုလို လုပ်ပေးထားတော့ အိမ်ရှင်မက သ ခင်ပွန်းကို မယားဝတ္တရားငါးပါးနဲ့အညီ ပြုစုဆောင်ရွက်ပေးတာနဲ့ တူတယ်လို့ ထင်နေလို့လား"

နွယ်ရှင် မျက်ခုံးကိုပင့်၍ မဲ့ပြုလိုက်သည်။

"ကဲပါ. . . အဲဒါတွေ အသာထား. . . အစားအသောက်တွေ အရင်စားလိုက်ပါဦး၊ မောင့်အတွက် အားရှိမယ့် အစားအသောက်တွေခဲ ထုပ်ပေးထားတယ်။ အားပြည့်အောင် စားလိုက်နော်၊ ပြီးရင်တော့"

ဆက်မပြောဘဲ ညုတုတုလုပ်နေရာ နွယ်ရှင် အထိတ်တလန့် မေးခွန်းပြန်ထုတ်သည်။

"ပြီးရင်. . . ပြီးရင် ဘာဖြစ်လဲ"

"ပြီးရင်. . . ပြီးသွားတာပေါ့ မောင်ရယ်. . . ကဲပါ မေးခွန်းတွေဘာ ဖွားလိုက်တာ စားလိုက်ပါဦး"

နွယ်ရှင် ဘာမှ ဆက်မပြောတော့ဘဲ ဘီလူးမချက်ပြု ပြင်ပေးထား



www.burmeseclassic.com

www.burmeseclassic.com



သော အစားအသောက်တွေသာ အဝစားလိုက်သည်။ လောလောဆယ် သူမရဲ့ဆန္ဒအတိုင်း အလိုက်အထိုက်နေပေးလိုက်တာ အကောင်းဆုံး ဖြစ်မည်ဟု ယူဆမိသောကြောင့်ပင်။

သူမရဲ့ မျက်ဝန်းတွေကို ကြည့်ရတာ သာမန်ထက် စူးရဲပြင်းထ နေသောကြောင့် စိတ်ထဲမှာ သိပ်တော့မသက်သာ။ ဒီကျွန်းပေါ်မှာလည် ဘယ်လောက်ကြာကြာ နေရမည်မှန်း မသိသေးသောကြောင့် သူမရဲ့ ဇစ်မြစ်ကို ဖြည်းဖြည်းချင်း စုံစမ်းမည်ဟု စိတ်ထဲ တွေးထားလိုက်သည်။

စားသောက်ပြီးသော်

"အားပြည့်သွားပြီလား မောင်"

နွယ်ရှင် ခေါင်းညိတ်ပြီး

"ဘာလုပ်မလို့လဲ"

"သွားအိပ်ကြမယ်လေ"

နွယ်ရှင် မျက်လုံးပြူးသွား၏။

"ဟမ်. . . စောစောလေးကတင် အိပ်ရာက ထလာတာလေ မနက်စာ စားပြီး ပြန်အိပ်ရအောင် ငါက ကာလနဂါးမှ မဟုတ်တာ"

ဘီလူးမချက်ပြာက မျှင်းမျှင်းကလေးရယ်ရင်း

"ဟင်း. . . ဟင်း မောင်ရယ် ယောကျ်ားဖြစ်ပြီး နုံလိုက်တာ ညက တစ်ညလုံး မောင့်အတွက် ကြည်ပြာ စားစရာသောက်စရာ သွားရှာပြီး မောင် အိပ်ရာကနိုးတဲ့အထိ စောင့်နေတာ မောင့်ကို အားပြည် လန်းဆန်းစေချင်လို့ သိရဲ့လား။ အိပ်ရေးဝပြီးသားကြီးကို ထပ်မအိပ် ခိုင်းပါဘူး"

"ဒါဖြင့်ရင်. . . ဘာအတွက်လဲ။ မင်း. . . ရှုတ်ရှုတ် ရှုတ်ရှုတ်တော





မလုပ်နဲ့နော်။ ကျွန်းပေါ်မှာ နှစ်ယောက်တည်းရှိတယ်ဆိုပြီး ငါ့ကို လာမြူ ဆွယ်နဲ့ ငါ အဲလိုယောကျ်ားမဟုတ်ဘူး"

"မူမနေပါနဲ့ အသည်းလေးရယ်။ ယောကျ်ားတိုင်းဟာ ဒီပုပ်ထဲတာ ဒီပဲချည်းပါပဲ။ အထူးသဖြင့် ဒီလို လူတစ်ယောက်မှ မရှိတဲ့ နေရာမျိုးမှာဆို ပိုဆိုးတယ်. . . လာပါ"

ပြောပြီး ဘီလူးမချက်ပြာက နွယ်ရှင်ရဲ့လက်ကို ဆွဲရာ နွယ်ရှင် အလန့်တကြား ပုတ်ထုတ်သည်။

"မင်း. . . မင်း ငါ့အသားကို မထိနဲ့။ ယောကျ်ားတစ်ယောက်ကို ဒီလို စိတ်လာဆွပေးတာ မကောင်းဘူးနော်၊ မင်း ဘယ်လို မိန်းကလေး မျိုးလဲ"

"အဲလို မပြောပါနဲ့ မောင်ရယ်. . . ကျွန်မဘဝမှာ ဘယ် ယောကျ်ားကိုမှ ဒီလိုအခွင့်အရေးမပေးခဲ့ဖူးပါဘူး။ မောင့်ရဲ့ တယောသံ လေးကို ကြားပြီး မောင့်မျက်နှာလေးကို မြင်လိုက်ရတဲ့ အခိုက်အတန့်လေး ကမှ ရင်ထဲမှာ ပန်းတွေ ပွင့်ကုန်တာပါ မောင်ရယ်။ မောင်ဟာ ကြည်ပြာ ဘဝရဲ့ပထမဆုံး ရင်ခုန်သံပါပဲ"

အရမ်းကို ကဗျာဆန်သွားသော ဘီလူးမချက်ပြာက နွယ်ရှင့်ကို အမှန်အကန် ကြွေပြနေလေသည်။

"ကဲ. . . ဒါဆိုလည်း အေးအေးဆေးဆေး ပြောရအောင်ကွာ။ မင်း ဘာဖြစ်ချင်တာလဲ ပြော"

"ဘာမှ မဖြစ်ချင်ပါဘူး မောင်ရယ်. . . မောင်သာ ကြည်ပြာ့ကို ပြန်ချစ်မယ်ဆိုရင် အရာအားလုံး ပြည့်စုံပါပြီ။ စားဖို့ မပူရဘူး။ နေဖို့ ပူရဘူး။ နေစရိတ် စားစရိတ် ငြိမ်းမယ့်အပြင် ကျွန်မဘဝတစ်ခုလုံးကိုပါ



www.burmeseclassic.com

www.burmeseclassic.com



မောင့်အတွက် ပေးဆပ်မှာပါ။ မောင်လုပ်ပေးရမှာ တစ်ခုတည်း. . . ကြည်ပြာ့ကို မငြိုငြင်ဘဲ ပြန်ချစ်ပေးပါနော်"

ဘီလူးမချက်ပြီရဲ့အဖြစ်က သနားစရာတောင် ကောင်းသေးတော့ နွယ်ရှင် စိတ်စမ်းလိုက်သည်။

"တကယ်လို ပြန်မချစ်ဘူးဆိုရင် ဘာဖြစ်မလဲ"

အဲဒီအမေးက ဘီလူးမချက်ပြီရဲ့ နှလုံးသားကို ဆုပ်ကိုင်လိုက်သလို ခံစားသွားရစေသည်။

ချက်ချင်း မျက်နှာတင်းမာခက်ထန်သွားပြီး

"ဟောဒီ ကွန်းကြီးတစ်ခုလုံး မီးလောင်တိုက် သွင်းပစ်လိုက်မယ်။ ဒီဇရပ်ပေါ်ကနေလည်း တဖဝါးမှ ခွာဖို့ စိတ်မကူးနဲ့"

မျက်ထောင့်နီနီကြီးနှင့် ကြိမ်းဝါးလိုက်သောကြောင့် နွယ်ရှင် ကြက်သီးမွေးညှင်းတွေပင် ထ,သွားသည်။

သူမရဲ့အသံက အချစ်ဆိပ်တွေ တက်နေလျှင် နူးညံ့ပျော့ပျောင်းသလောက် ဒေါသထွက်လာလျှင် ကြားရသူအား နားဝမှတဆင့် ကျောရိုးထိအောင် စိမ့်ပြီး ထိတ်လန့်သွားစေသည်။ ဒီမိန်းကလေးဟာ သာမန်မိန်းကလေးတော့ မဟုတ်တန်ရာ။ သူမနှင့် ကဏ္ဍကောစလုပ်လျှင် မျက်လုံးအကြည့် တစ်ချက်နှင့်ပင် သွေးလေချောက်ချားနိုင်သည်မို့ နွယ်ရှင် အလိုက်သင့်နေရန် စိတ်ဆုံးဖြတ်လိုက်သည်။

"ဘယ်လိုလဲ အသည်းလေး။ ကြည်ပြာ့ကို ပြန်ချစ်မယ် မဟုတ်လားဟင်"

နွယ်ရှင် ကြည်ပြာရဲ့ မျက်နှာကို တစ်ချက်ကြည့်လိုက်ရာ မျှော်လင့်ခြင်း မျက်ဝန်းမှာ အကြင်နာရောင်ခြည်တို့ လင်းလက်လျှက်





"ပြောလေ. . . ချစ်မှာလားလို့ မချစ်ရင် ငိုလိုက်မှာနော်"

တစ်ခါတရံ သူမသည် ဘီလူးတစ်ကောင်လို အမျက်ဒေါသကြီး၏။

တစ်ခါတရံ သူမသည် ကလေးငယ်တစ်ယောက်လို လိုချင်တာကို ပူဆာတတ်၏။

တစ်ခါတရံ အိမ်ထောင်ရှင်မလိုလည်း ခင်ပွန်းသည်ကို မူနွဲ့တတ်၏။

ဘာပဲဖြစ်ဖြစ် သေချာတာကတော့ သူမသည် သူ့အတွက်ဆိုလျှင် အားထွက်ဆိုးကျိုးမရှိသော အချစ်တွေဖြင့် ရင်ခွင်နန်းတော်ကြီး တည်ဆောက်ပေးမှာ အမှန်ပင်။

"မောင် ဖြေလေ. . . ကြည်ပြာ့ကို ချစ်လားလို့"

နွယ်ရှင် ပြုံး၍ ခေါင်းညိတ်လိုက်သောအခါ

"အမလေး. . . ဝမ်းသာလိုက်တာ အသည်းလေးရယ်. . . ဒီနေ့ဟာ ကြည်ပြာ့အတွက် happy valentine ပါပဲ။ ပြည့်စုံသွားပြီ။ မောင်တုံ့ပြန်တဲ့ အချစ်တွေအတွက် thank you ပါ"

ပြောပြီး ဘီလူးမချက်ပြီက နှုတ်ခမ်းလေးစူ၍ နွယ်ရှင်ရဲ့ ပိရိသေသပ်သော နှုတ်ခမ်းတစ်စုံကို ထိရုံလေး နမ်းလိုက်ရာ နွယ်ရှင် ဖျားချင်သလိုလို ဖြစ်သွားသည်။

ဒါတင်မကသေး။ သူ့ရဲ့ ပခုံးနှစ်ခုပေါ် လက်လေးနှစ်ဖက် အသာတင်၍ သူမကိုယ်ပေါ်မှာ လွှမ်းထားသော အပေါ်ယံခြုံပဝါပါးလေးတို ဆွဲရှားလိုက်ရာ ပကတိအလှကြောင့် သွေးပေါင်တွေ ကျချင်သလိုလို ဖြစ်သွားသည်။

ပြီးနောက် သူ့ရဲ့ ခါးတစ်ဖက်ကို သိမ်းဖက်ပြီး ဖဲမွေ့ရာပေါ် ဆွဲလှဲချလိုက်ရာ နှလုံးခုန်သံတွေ မူမမှန်တော့ဘဲ heart shock ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ဇရပ်ပေါ်မှာ နားနေသည့် ငှက်ကလေးတွေကတော့ ရှက်လို့ ထင်သည်။ ဆက်မနားတော့ဘဲ မြူမှိုးတွေဝေနေသည့် တောင်တန်းတွေဘက်ကို ချစ်သူပျောက်ရှာရန် အတောင်ပံဖြန့် ထွက်ခွာသွားတော့သည်။

* * * * *



(၁၃)

ချိုလိမ်ရွာသားတွေရဲ့အလယ်မှာ နှောင်ကြိုးတစ်ပယောက် ဒူးလေး ထောက်ပြီး တယောကို ပိုက်ကာ ငိုကြွေးနေသည်။

တကယ်တော့ သူမ နွယ်ရှင်တို့ကို လုပ်ကြံပြီး သဘော်ပေါ် ၏အတက်မှာ စိတ်ပြောင်းပြီး လူရိုင်းတွေဆီ ပြန်မသွားတော့ဘဲ ချိုလိမ် ဆောင်ကို ပြန်လာကာ သူမအပြစ်တွေအတွက် အယူခံလာဝင်ခြင်း ဖြစ်သည်။

နွယ်ရှင်အပေါ်ထားသော မေတ္တာက ကာယကံရှင်မရှိတော့ သော်လည်း သစ္စာမပျက်ကြောင်း သူ့ပတ်ဝန်းကျင်ကို သက်သေပြရမည်။

သူမ ပါးပေါ်က မျက်ရည်စများက အပြစ်စီရင်ချက်ချမည့် ရွာသားများအား နောက်ဆုံးအယူခံဝင်ခြင်းပင် ဖြစ်ပေလိမ့်မည်။

"ကျွန်မကို ကြိုက်သလိုသာ အပြစ်ပေးပါတော့ရှင်။ သတ်မယ် ဆိုလည်း သေဝံ့ပါတယ်။ ကျွန်မ အခုအပြစ်တွေ လာဝန်ခံတာ တို့နွယ်ရှင်



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာ ဖြစ်သွားခဲ့မိတဲ့မေတ္တာတရားကြောင့်ပါ။ သေတဲ့သူ အသက် ပြန်မရှင်လာနိုင်တော့ပေမယ့် အသက်ရှင်နေတဲ့ ရွာသားတွေအတွက် ကျွန်မ လူရိုင်းတွေကို သစ္စာဖောက်ပြီး ရှင်တို့ဆီမှာ သစ္စာခံပါမယ်။ ဒီလူမျိုးတွေကြောင့် ဘေးအန္တရာယ် တစ်စုံတစ်ရာ မကျရောက်စေရပါဘူး။ ဒါ ကျွန်မ ကိုနွယ်ရှင်အတွက် ပြန်လည်ပေးဆပ်တာပါရှင်”

“ငါတို့ မင်းကို ဘယ်လိုယုံရမှာလဲ မိန်းမ၊ ငါတို့တိုင်းရင်းသားတွေကို ကယ်တင်လိုက်တဲ့ နွယ်ရှင်ကိုလည်း မင်းသတ်လိုက်ပြီ။ သူနဲ့ ပါသွားတဲ့ ငါတို့ရွာသားတွေလည်း သေပြီ။ ဒါတောင်မှ မင်းက မင်းရဲ့အဖွဲ့ကို သစ္စာဖောက်ပြီး ငါတို့နဲ့ ပူးပေါင်းမယ်ဆိုတော့ မင်းကို ဘယ်လို ယုံကြည်ရမှာလဲ။ ငါတို့ရွာသားတွေကိုလည်း သစ္စာဖောက်ပြီး အချိန်မရွေး အနိုင်ကျင့် လုပ်ကြံနိုင်တာပဲ။ ငါတို့ မင်းကို သိပ်ကြောက်သွားပြီ မိန်းမ”

“ဟုတ်တယ်. . . မင်းဟာ ဆရာနွယ်ရှင်ကို သတ်ပြီး ငါတို့လူမျိုးတွေကို လုပ်ကြံဖို့ တိုင်းတပါးက ရောက်လာတဲ့ သူလျှို၊ အဲဒီတော့ ဘယ်လို ယုံကြည်လို့ မရဘူး။ ငါတို့ မင်းကို မယုံဘူး”

“ဒီမိန်းမ သတ်ပစ်လိုက်တာ အေးပါတယ်ကွာ. . . ဒါမှ ဆရာနွယ်ရှင်အတွက် ကလဲ့စားပြန်ချေရာ ရောက်မှာ”

“ဟုတ်တယ် သတ်ပစ်”

“သတ်”

အားလုံး တစ်ယောက်တစ်ပေါက် ဝိုင်းအော်နေကြရာ ရွာလူကြီးက လက်တာပြပြီး လှမ်းဟန့်သည်။

“ဟေ့. . . ဟေ့ နေကြဦး၊ အဲဒီလို တစ်ဖက်သတ်မဆုံးဖြတ်နဲ့။ တကယ်လို့ သူသာ ငါတို့ကို ဒုက္ခပေးချင်ရင် ခုလောက်ဆို လူရိုင်းသတော်





တွေနဲ့ လာတိုက်နေလောက်ပြီ။ နွယ်ရှင်လည်း မရှိတော့ဘူး။ တယောလည်း သူတို့လက်ထဲမှာဆိုတော့ စိတ်ကြိုက်ဖန်တီးလို့ ရတယ်။ ဒါပေမဲ့ သူ့အပြစ်တွေ ဝန်ခံပြီး တစ်ယောက်တည်းပြန်လာတယ်ဆိုတော့ တကယ် စိတ်ပြောင်းသွားတာ ဖြစ်မယ်. . . စွတ်မလုပ်ကြပါနဲ့”

ရွာလူကြီးပြောမှ လူအုပ်ကြီး ပြန်ငြိမ်သွား၏။

“ကဲ သမီး မျက်ရည်တွေ သုတ်ပြီး. . . အမှန်အတိုင်း ပြောပါ။ ဒီတာ ရွာသားတွေ ကျေနပ်လောက်စေမယ့် အဖြေတစ်ခုခုပေါ့”

နှောင်ကြိုးက သူမပါးပေါ်က မျက်ရည်တွေကို လက်ချောင်းလေးတွေနှင့် ပွတ်လိုက်ရင်း

“တကယ်တော့ ကျွန်မက လူရိုင်းအမျိုးသမီး မဟုတ်ပါဘူးရှင်။ မိဘနှစ်ပါးလုံးက မြန်မာစစ်စစ်တွေပါ။ အဖေဆုံးပြီး ရွာကို လူရိုင်းတွေ ဝင်စီးတယ်။ အမေ့ကိုလည်း သူတို့ခေါင်းဆောင်က သိမ်းပိုက် လိုက်တယ်။ အခုကိစ္စမှာလည်း ပထွေးဖြစ်တဲ့ လူရိုင်းခေါင်းဆောင်က အတင်းအဓမ္မ ခိုင်းစေလို့ ဒီသူလျှိုအဲလုပ်ကို လက်ခံလိုက်တာပါ။ ကျွန်မ အမေ့တို့နဲ့တွက်ပြီး ဒီတာဝန်ကို ယူခဲ့ပေမယ့် အခု ဘာကိုမှ မလုပ်ချင်တော့ပါဘူးရှင်။ ကိုနွယ်ရှင်ရဲ့ တယောသံလေးကို ပြန်ကြားချင်တယ်။ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ သူ့တယောသံကို နားထောင်ပြီး ကျွန်မ ကျွန်မ သိပ်ချစ်သွားလို့ပါ. . . ဟင့်”

နှောင်ကြိုးက တယောအိုးလေးကို သူမလက်ချောင်းလေးတွေနှင့် ပွတ်သပ်ပြီး နွယ်ရှင်ကို တမ်းတလိုက်သည်။

“ဒါနဲ့များကွာ. . . ဘာလို့ သူတို့အားလုံးကို အဆိပ်ခတ်ပစ်အောင် ခတ်လိုက်တာလဲ”



www.burmeseclassic.com

www.burmeseclassic.com



ရွာသားတစ်ယောက်က မကျေမနပ် ဝင်ပြောသည်။

"အချိန်နှောင်းသွားလို့ပါရှင်. . . သူတယောက သိပ်စွမ်းတယ်လို့ ကြားထားတော့ တယောသံနားထောင်ပြီးမှ စိတ်ပြောင်းသွားမှာစိုးလို့ တယောမထိုးခင် ကြိုခတ်လိုက်တာပါ။ အဲဒီအဆိပ်ဖြေဆေးလည်း ကျွန်မဆီမှာ မရှိပါဘူး။ ကျွန်မ. . . ကျွန်မ မှားသွားပါပြီ. . . ဟင့်"

ရွာသူကြီးကတော်က နှောင်ကြိုးကို သနားသဖြင့် ရွာလူကြီးကို နားချသည်။

"အခုမှတော့ ဘာမှ မတတ်နိုင်တော့ပါဘူးရှင်၊ သူ့ကို တစ်ခုခုလုပ်လိုက်လည်း ပြဿနာက ငြိမ်းသွားမှာမှ မဟုတ်တာ။ သူလည်း အပြစ်တွေဝန်ခံပြီး ဒီရွာသားတွေနဲ့ ပူးပေါင်းမယ်ပြောနေတာပဲ၊ လက်ခံလိုက်ပါ။ သူ့ကိုယ်ထဲမှာ စီးဆင်းနေတဲ့ သွေးတွေက မြန်မာသွေးစစ်စစ်နော်"

ကိုယ့်လူမျိုး အချင်းချင်းဟူသော အသိစိတ်ကြောင့် ရွာလူကြီးအပါအဝင် ချိုလိမ်တိုင်းရင်းသားတွေလည်း အနည်းငယ် စိတ်လျှော့လိုက်ကြသည်။

"ကဲ. . . ဒါဖြင့်ရင်လည်း သူ့ကို ခဏတော့ အကျယ်ချုပ်နဲ့ ထိန်းသိမ်းထားရမယ်။ နောက်မှ အခြေအနေအရ ခွင့်လွှတ်ပြီး ဒီရွာသူအဖြစ် လက်ခံရင်လည်း လက်ခံမယ်။ လောလောဆယ်တော့ သူ့ကို လုံခြုံရေးအပြည့်နဲ့ အိမ်လွတ်တစ်အိမ်မှာ နေရာချပေးလိုက်"

ရွာသူရွာသားတွေလည်း သူကြီးရဲ့ ဆုံးဖြတ်ချက်ကို ကျေကျေနပ်နပ် လက်ခံလိုက်ကြသည်။

နှောင်ကြိုးက အားလုံးကို မော့ကြည့်ပြီး

"ကျေးဇူးတင်ပါတယ်ရှင်"





သူမရဲ့အသံမှာ ဝမ်းနည်းမှုတွေ ပါဝင်နေလေသည်။ ရွာသူကြီးကတော်က နှောင်ကြိုးကို ဂရုဏာသက်စွာဖြင့် လက်ကလေး တမ်းပေးလိုက်သည်။

"လာ. . . သမီး ဘာမှ အားမငယ်နဲ့၊ အကျယ်ချုပ်ဆိုတာ သမီးကိုဘုရင့်သမီးတော်လို ကောင်းကောင်းကျွေးမွေး စောင့်ရှောက်ထားမှာ အန္တရာယ်တောင် ကင်းသေး"

နှောင်ကြိုးက သူကြီးကတော်ရဲ့လက်ကို တွဲပြီး မတ်တတ် ထ,ရပ်လိုက်သည်။

ရွာသူကြီးရဲ့အတွေးထဲမှာတော့

"အင်း. . . တို့လူမျိုးတွေဟာ သူတပါးနိုင်ငံကို ကျူးကျော်စော်ကားလိုစိတ် မရှိပါဘူး။ ကိုယ့်တိုင်းပြည်ကိုလာပြီး ရန်ပြုရင်တော့ အစွမ်းကုန်ပြန်တိုက်ရမှာပဲ။ ဒါပေမဲ့ ရန်သူတောင် လက်နက်ချရင် ချေအေးရသေးတာမို့ မင်းရဲ့ အပြစ်တွေကိုလည်း ငါတို့ ခွင့်လွှတ်ပါဆယ်လေ။ နောက်တစ်ခါ ထပ်ပြီး စော်ကားရင်သာ"

* * * * *



www.burmeseclassic.com

www.burmeseclassic.com

“နို့သောက်ပါရှင်”

အနားမှာ လာချပေးသော နို့ခွက်ပူပူကို ကြည့်၍ နွယ်ရှင် ဖုံး[illegible]
သွားသည်။

“ဒါ ဘယ်က ရတာလဲ။ ဒီကျွန်းပေါ်မှာ နွားတစ်ကောင်မှ မတွေ့[illegible]
ပါလား”

“မတွေ့မိဆို ဒီကျွန်းပေါ်မှာ နွားမှ မရှိတာ။ ဒါ နွားနို့ မဟုတ်ဘူး[illegible]

“ဟင်. . . ဒါဖြင့်ရင်”

နွယ်ရှင်က ဘီလူးမချက်ပြုံရဲ့ ရင်ဘတ်ကို လက်ညှိုးထိုး[illegible]
မျက်လုံးလေးပြူးပြောရာ သူမက လက်ဖြင့် ကာရင်း

“ဘာတွေ ပြောနေတာလဲ။ ဒါ ဆိတ်နို့ရှင့်။ တောထဲက ဆိ[illegible]
တစ်ကောင်ကို နို့ဖမ်းညှစ်ပြီး မောင့်အတွက် ကျိုထားတာ”

“ဩော်. . . ဒီလိုလား။ အလိုက်သိလိုက်တာ ကျေးဇူး[illegible]





ကိုယ်လည်း တစ်နေ့တစ်နေ့ အိပ်လိုက် စားလိုက်နဲ့ဆိုတော့ အားဖြတ်
နေတာနဲ့ အတော်ပဲ”

“အလိုက်သိရမှာပေါ့ရှင်။ မောင့်ရဲ့ ချစ်ဇနီးပဲဟာ။ နို့သောက်ပြီးရင်
ရေတံခွန်ဘက် သွားမယ်နော်။ အဲဒီမှာ ရေချိုးကြမယ်”

“အင်း. . . အတော်ပဲ ကိုယ်လည်း ရေတံခွန်မှာ ရေချိုးချင်
နေတာ။ ဒီကျွန်းပေါ်က ရေတံခွန်က လှလား”

“လှသလားတော့ မမေးနဲ့၊ မောင် အဲဒီကို ရောက်ရင် မပြန်ချင်ဘဲ
ဖြစ်သွားမယ်”

ဘီလူးမချက်ပြုံရဲ့ ဦးဆောင်မှုဖြင့် ရေတံခွန်ကို ရောက်သွားကြ
သောအခါ အတော်ပင် သာယာလှပပြီး စွဲမက်ဖွယ်ကောင်းသောကြောင့်
ဝင်ပန်းနေသော စိတ်တွေပင် လန်းဆန်းသွားသည်။

ထူးဆန်းသည်မှာ ရေတံခွန်ရောက်ဖို့ သုံးနာရီလောက် လမ်း
လျှောက်ရသဖြင့် နွယ်ရှင်မောနေသော်လည်း ဘီလူးမချက်ပြုံက ချွေးပင်
မစို။

အံ့ဩမှုကို အသာထားပြီး ရေတံခွန်ရဲ့ အေးမြမှုက လွှမ်းမိုးသွား
သောကြောင့် နွယ်ရှင် အပေါ်အင်္ကျီကို ချွတ်ချပြီး ရေတံခွန် အောက်ထဲ
ဝင်သွားလိုက်သည်။

ဘီလူးမချက်ပြုံကလည်း အပေါ်က ခြုံပဝါလေးကို ချွတ်ချပြီး
သူနှင့်အတူ လိုက်ဝင်၏။

ရေတံခွန်မှာ စိတ်ကြိုက်ရေချိုးပြီး ချမ်းလာသောအခါ ရေတံခွန်
နောက်မှ ဂူထဲ ခေါ်သွားပြီး အချမ်းပြေ မီးလှုံရန် ဘီလူးမချက်ပြုံကိုယ်တိုင်
မီးဖိုပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသည်မှာ ရေတံခွန်က ရေရဲ့အေးစိမ့်မှုက နွယ်ရှင်အစို့ ခိုက်ခိုက်တုန်နေသော်လည်း ဘီလူးမချက်ပြက ကြက်သီးပင်မထ။

တော်တော်မာသည့် မိန်းကလေးပဲဟု နွယ်ရှင် မှတ်ချက်ပြု လိုက်သည်။

မီးလှုံပြီး ဂူထဲမှာ ခဏထိုင်ရင်း နွယ်ရှင် သူမအကြောင်း စပ်စု မိသည်။

“ကြည်ပြာ မင်းက ဒီကျွန်းပေါ်မှာ ဘယ်လိုဖြစ်ပြီး တစ်ယောက် တည်း ရောက်နေတာလဲ။ ပြီးတော့ ဒီကျွန်းပေါ်မှာ အိမ်အို အိမ်ဟောင်း တွေ ခြုံနွယ်တွေတက်နေတဲ့ အိမ်တွေ မြင်ရပြီး ဘာလို့ လူ တစ်ယောက်မှ မရှိရတာလဲ။ ဒီကျွန်းကို ကြည့်ရတာ လွန်ခဲ့တဲ့ နှစ်ပေါင်း များစွာက လူမနေဘဲ စွန့်ခွာသွားတဲ့ ရွာဟောင်းကြီးနဲ့ တူနေသလိုပဲ။ အဲဒါ ဘာဖြစ်လို့လဲ”

“အဲဒါတွေ ဘာလို့ သိချင်နေရတာလဲ မောင်ရယ်။ အဲဒါတွေက အရေးမကြီးပါဘူး။ အရေးကြီးတာ မောင်နဲ့ကြည်ပြာ တစ်သက်လုံး မခွဲ ရဖို့ပဲ မဟုတ်လား”

သူမရဲ့အဖြေကို နွယ်ရှင် အလိုမကျ ခေါင်းခါယမ်းလိုက်သည်။

“မဟုတ်သေးဘူး ကြည်ပြာ။ ခုဆို မင်းနဲ့ကိုယ်က လင်မယားတွေ တောင် ဖြစ်နေပြီ မဟုတ်လား။ လင်မယားဆိုတာ တစ်ယောက်နဲ့ တစ်ယောက် မကွယ်ဝှက်ဘဲ တစ်ယောက်အကြောင်း တစ်ယောက် သိရ မှာပေါ့ မဟုတ်ဘူးလား”

ဘီလူးမချက်ပြက နွယ်ရှင့်မျက်နှာလေးကို ရီဝေစွာ စိုက်ကြည့်ပြီး

“မောင်ရယ်. . . ကြည်ပြာရဲ့ ဘဝမှန်ကို မောင် သိရင် စွန့်ခွာ





သွားမှာမို့လို့ မမေးသင့်တဲ့ မေးခွန်းတွေ မမေးပါနဲ့။ အခုချိန်မှာ အရေး ကြီးဆုံးက ပျော်ပျော်နေဖို့ပဲ မဟုတ်လား”

“ကိုယ်ရထားတဲ့ မိန်းမရဲ့ မျိုးရိုးဇာတိ၊ ဇစ်မြစ်ကို မသိရဘဲနဲ့တော့ ကိုယ်ပျော်မှာ မဟုတ်ဘူး ကြည်ပြာ။ မင်းအကြောင်း ဘာမှ မသိဘဲ အခြေအနေအရ လင်မယားဖြစ်သွားတာ။ ဒီအချိန်မှာတော့ ပြောသင့်ပြီ ထင်ပါတယ်။ မင်းမှာ လျှို့ဝှက်ချက်တွေ သိပ်များတယ်။ တစ်ခါတလေ တစ်ယောက်တည်း ထွက်သွားပြီး အစားအစာတွေ သွားရှာတယ်။ ငါ လိုက်မယ်ဆိုတော့ မင်းက လက်မခံဘူး။ ပြန်လာရင်လည်း အသားငါး အသီး စုံနေတာပဲ။ မိန်းကလေးတစ်ယောက်အနေနဲ့ တောထဲ အခဲ လိုက်သွားဖို့ဆိုတာ မဖြစ်နိုင်ဘူးနော်။ မင်း အဲဒါတွေ ဘယ်လို ရတာလဲ”

ဘီလူးမ မျက်နှာလေး ညှိုးငယ်သွားပြီး

“မမေးပါနဲ့ မောင်ရယ်။ သိလို့လည်း မောင့်အတွက် ဘာမှ အကျိုးမထူးပါဘူး။ ကြည်ပြာ့ကို စိတ်မဆင်းရဲစေချင်ရင် မမေးပါနဲ့နော်”

အခုလို အသနားခံ တောင်းပန်နေပြန်တော့လည်း နွယ်ရှင် မေးရက်တော့။ ဒါပေမဲ့ စိတ်ထဲမှာတော့ မကျေနပ်တာ အမှန်ပင်။

အောင့်သက်သက်နှင့်ပင် ဇရပ်ကို ပြန်ကြတော့ လမ်းမှာ ထူးခြားမှု တစ်ခုကို သတိပြုမိပြီး နွယ်ရှင် အံ့ဩထိတ်လန့်သွားသည်။

သူတို့နှစ်ယောက် နေပူထဲမှာ ဖြတ်သွားတဲ့အချိန် နွယ်ရှင်ရဲ့ အရိပ်က မြေကြီးပေါ် ကျနေပေမယ့် သူမကတော့ အရိပ် လုံးဝမထွက်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၄)

ချိုလိမ်တောင်မှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားလေသည်။ နှောင်ကြိုး
တိုက်တဲ့ အဆိပ်ကြောင့် သေပြီဟု အားလုံးက ယူဆထားခဲ့သော ရွာသား
ငါးယောက် လှေတစ်စီးဖြင့် ပြန်ရောက်လာ၍ ဖြစ်သည်။

ပထမတော့ သရဲခြောက်သည်ဟု ယူဆပြီး အလုအယက် ထွက်
ပြေးကြသော်လည်း ရွာလူကြီးနှင့် တွေ့ဆုံပြီး သေချာရှင်းပြလိုက်မှ
အဖြစ်မှန်ကို နားလည်သွားကြ၏။

နွယ်ရှင် မသေသေးဘူးဆိုတာနဲ့တင် မျှော်လင့်ချက်ရောင်ခြည်
သန်းသွားပြီ။ နွယ်ရှင်ကို ကယ်ထုတ်ရန် ဝိုင်းစဉ်းစားကြသည်။

အဲဒီကျွန်းနဲ့ ပတ်သက်ပြီး အရင်ဆုံး မေးမြန်းစုံစမ်းကြည့်ရ
ရွာမှာ အသက်ကြီးဆုံးဖြစ်သော ဘွားဒေါ်စံကျူးထံမှ အချက်အလက်
တချို့ ရခဲ့ပါသည်။

"စာပေကျမ်းဂန်မှာ မရှိပေမယ့် လွန်ခဲ့တဲ့ နှစ်ပေါင်းငါးရာလောက်က





ဒီနေရာကနေ မိုင် ၁၀၀၀ လောက် ဝေးတဲ့ ကျွန်းတစ်ကျွန်းမှာ ဘီလူးတွေ
ချည်းပဲ နေခဲ့ဖူးတယ်။ သက်ရှိလူသား တစ်ယောက်မှ မရှိခဲ့ဘူး။ အဲဒီဘီလူး
တွေဟာ ကျွန်းပေါ်က ဘုရားစေတီတစ်ဆူမှာ အစောင့်အဖြစ်နဲ့ နေပြီး
ဘုရားဥပနာတွေကို စောင့်ရှောက်ခဲ့ကြတယ်။ အဲဒီဘီလူးတွေဟာ
သက်တမ်းစေ့လို့ အားလုံးသေပြီးတဲ့နောက် နောက်ဆုံးမျိုးဆက်အဖြစ်
ဘီလူးမ မကြည်ပြာဆိုတာ ကျန်ခဲ့တယ်။ အချိန်တွေကြာတော့ လူတွေဟာ
အဲဒီကျွန်းမှာ ရွာတည်ပြီး နေကြတယ်။ တစ်နေ့တော့ လူတစ်ယောက်ဟာ
တောနက်ထဲ မျက်စိလည်လမ်းမှားရင်း ဘီလူးမကြည်ပြာနဲ့ တွေ့တဲ့အခါ
ဘီလူးမက သတ်စားလိုက်တယ်။ အဲဒီလူက ကြောက်ကြောက်လန့်လန့်နဲ့
ခြိမ်းခုခံလို့ ဘီလူးမကြည်ပြာချက်မှာလည်း ဒဏ်ရာရပြီး ချက်ကွဲသွားရာ
ကနေ ဘီလူးမ ချက်ပြလို့ ဖြစ်လာတယ်။ အဲဒီမှာ လူသားအရသာကို
စွဲပ်ကြိုက်သွားပြီး ဘီလူးမချက်ပြ လူယောင်ဖန်ဆင်းလို့ ရွာထဲထိ
သောင်းကျန်းတာကနေ တစ်ရွာလုံး မနေရဲတော့ဘဲ အဲဒီကျွန်းက ခွာပြေး
ကြတယ်။ အဲဒီကစလို့ တောင်သုံးလုံးကျွန်းမှာ လူတစ်ယောက်မှ မနေ
တော့တာ ခုထိပဲ။ ဒါဆိုရင် နွယ်ရှင်ဟာ အဲဒီဘီလူးမချက်ပြလက်ထဲ
ရောက်နေတာဖြစ်မယ်"

"ဘုရား. . . ဘုရား ဒါဆို ကိုနွယ်ရှင်ကို အဲဒီဘီလူးမက စားမှား
စားလိုက်ပြီလား"

နှောင်ကြိုးက ရင်ဘတ်လေးဖိပြီး စိုးရိမ်တကြီး ပြောသည်။

"အဲဒီလောက်လည်း မစိုးရိမ်ပါနဲ့ နှောင်ကြိုး၊ ဘီလူးမချက်ပြသာ
အကယ်စားချင်ရင် အဲဒီကတည်းက ငါတို့ ငါးယောက်လုံးကို စားလိုက်လို့
ရတယ်။ ဒါပေမဲ့ သူက မစားဘဲ ကယ်တဲ့အပြင် ဒီကျွန်းပေါ်ကို နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက် ထပ်မလာဖို့ ကြိမ်းပြီး ပြန်လွှတ်လိုက်တယ်ဆိုတော့ ဆရာ နွယ်ရှင် မသေလောက်သေးပါဘူး"

နှောင်ကြိုးရဲ့ အဆိပ်မိခဲ့သော ငါးယောက်ထဲမှ တစ်ယောက်က ပြောခြင်းဖြစ်သည်။ သူတို့လည်း နှောင်ကြိုးအပေါ် နားလည်ခွင့်လွှတ် ပေးခဲ့ပြီပဲ။

"ဒီကိစ္စ အထက်ကို အကြောင်းကြားပြီး နွယ်ရှင့်ကို ကယ်တင်ဖို့ စဉ်းစားရမယ်"

ရွာလူကြီးရဲ့ အဆိုပြုချက်ကို အားလုံး ခေါင်းညိတ်ပြီး ထောက်ခံ လိုက်ကြ၏။

"ဒါဆို ကျွန်မကိုပါ အဲဒီကျွန်းကို လိုက်ခွင့်ပြုပါရှင်၊ ကိုနွယ်ရှင်ကို တယ်ဖို့ကိစ္စမှာ ကျွန်မ ရှေ့ဆုံးက ပါ,ပါရစေ"

နှောင်ကြိုးရဲ့ တောင်းဆိုချက်ကို အားလုံးက စိုးရိမ်နေသည်။

"မဖြစ်ဘူးထင်တယ်။ ဘီလူးစောင့်တဲ့ကျွန်းကို မိန်းကလေး တစ်ယောက်အနေနဲ့ သွားတာ အန္တရာယ်များတယ်။ ယောကျ်ားတွေချည်း ပဲတောင် သေချာ နည်းလမ်းစဉ်းစားပြီးမှ သတိဝီရိယနဲ့ သွားမှာ။ သမီး ဒီမှာပဲနေခဲ့ပါ"

နှောင်ကြိုးအပေါ် သံယောဇဉ်တွယ်မိနေပြီဖြစ်သော သူကြီး ကတော်ကလည်း ဖျောင်းဖျပေမယ့် နှောင်ကြိုး ခေါင်းလေးကို အသာယမ်း လိုက်ရင်း

"အန္တရာယ်မဖြစ်စေရပါဘူးရှင်။ ကိုနွယ်ရှင်အပေါ် ပြုမိခဲ့တဲ့ အမှု အတွက် ကျွန်မ ပြန်ပေးဆပ်ဖို့ အချိန်ရောက်ပါပြီ။ အဲဒါမှ သူ ကျွန်မ အပေါ် ပြန်နားလည်မှာမို့ ခွင့်ပြုပါရှင်။ ယောကျ်ားတွေဟာ ခွန်အား





အရာမှာ သာချင်သာမယ်။ ဉာဏ်နီဉာဏ်နက်မှာတော့ မိန်းမသားတွေကို မမှီပါဘူး။ အဲဒါကြောင့် တောင်သုံးလုံးကျွန်းကို ကျွန်မ တစ်ယောက်တည်း အရင်သွားပါရစေရှင်။ ပြီးမှ နည်းလမ်းရှာပြီး အစိုးရအဖွဲ့နဲ့အတူ ဒီဘီလူးမ ချက်ပြီကို နှိမ်နင်းပါရစေ"

ရွာလူကြီးက အားလုံးထဲမှာ ခေါင်းဆောင်ပီပီ သေချာစဉ်းစား ချင့်ချိန်လိုက်ပြီး

"ကဲ... ဒါဖြင့်ရင် ဒီလိုလုပ်... သမီးတစ်ယောက်တည်း သွားနဲ့။ သမီးနဲ့အတူ သဘော်သား ငါးယောက်လည်း ထည့်ပေး လိုက်မယ်။ အဲဒါမှ နွယ်ရှင်နဲ့ တွေ့တဲ့အခါ သူတို့ပါ ဝိုင်းရှင်းပြမှ သမီး အပေါ် ယုံကြည်မှာပေါ့။ မဟုတ်ရင် မသေသေးလို့ လာထပ်လုပ်ကြ တာလားဆိုပြီး သံသယဝင်နေဦးမယ်"

ရွာလူကြီး၏ ယူဆချက်မှာ မှန်ကန်နေသဖြင့် နှောင်ကြိုး ခေါင်းညိတ်လက်ခံလိုက်၏။

သူမနှင့်အတူ လိုက်မည့် ငါးယောက်ထဲမှ တစ်ယောက်က နှောင်ကြိုးကို စ,လိုက်သည်။

"ဟဲ့ ကောင်မလေး... ဒီတစ်ခါ အဆိပ်ထပ်မခပ်နဲ့တော့နော်"

အားလုံး ရင်ပူနေတဲ့ကြားမှ ခဏတာ ဟွက်ပေါက်ပေးသည့် အနေဖြင့် ရယ်မောလိုက်ကြသည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့တော့ သူမ သွားရာနောက် နွယ်ရှင် တိတ်တိတ်လေး လိုက်ချောင်းလေသည်။

အိပ်ချင်ယောင်ဆောင်နေသော သူ့ကို အာဘွားတစ်ချက်ပေးပြီး "မောင်. . . မောင့်အတွက် အစာ သွားရှာလိုက်ဦးမယ်. . . ခဏစောင့်" ဆိုပြီး ထွက်သွားရာ နွယ်ရှင် နောက်မှ သူမ မသိအောင် ကပ်လိုက်လာခြင်းပင်။

တောစပ်ရောက်သောအခါ မိန်းမချော မိန်းမလှလေးအသွင်မှ တဖြည်းဖြည်း ခန္ဓာကိုယ်ကြီးထွားလာပြီး ဝါးနှစ်ပြန်ခန့် အရပ်ရှိသည့် ဘီလူးမကြီးအသွင် ပြောင်းလဲသွားရာ နွယ်ရှင် သစ်ပင်အကွယ်မှ ချောင်းကြည့်ရင်း သွေးပျက်နေ၏။

သူရထားတဲ့ မိန်းမက လူသားစစ်စစ်မဟုတ်။ ဥစ္စာစောင့်ဆိုလျှင် ဖြေသာပါသေးသည်။ နတ်သမီးဆိုလျှင် နှစ်သိမ့်နိုင်ပါသေးသည်။ သူ





ယောင်မယ်ဆိုလျှင်လည်း ကျေနပ်နိုင်ပါသေးသည်။

ခုတော့ ကြောက်မက်ဖွယ် ကြမ်းတမ်းခက်ထန်သော ဘီလူးမဆိုတာ သိလိုက်ရသောအခါ နွယ်ရှင် အနောက်သို့ ဆက်မလိုက်သွားရဲတော့ဘဲ ဇရပ်ဆီ ပြန်ပြေး၍ စောင်ခေါင်းမြီးခြုံကွေးနေလိုက်၏။

နာရီဝက်ခန့်အကြာ ဇရပ်ပေါ်ကို သူတက်လာသည့် ခြေသံတွေကြားရပြီး ပခုံးကို လာကိုင်သည်။

"မောင်"

"အမယ်လေး"

နွယ်ရှင် တုန်တက်သွားရာ သူမက ရယ်လိုက်ပြီး

"ဘာဖြစ်နေတာလဲ. . . ကျွန်မပါ မောင်ရဲ့"

အဲဒီကျွန်မကိုပဲ ကြောက်နေတာဟု စိတ်ထဲမှာတော့ ပြောလိုက်သည်။

"မောင်. . . စောင်ကြီး ဖယ်ပါဦး. . . ချမ်းလည်း မချမ်းဘဲနဲ့"

ပြောပြီး စောင်ကို ဆွဲဖယ်လိုက်ရာ နွယ်ရှင်ရဲ့ ကြောက်လန့်နေသော မျက်နှာကို မြင်ပြီး ဘီလူးမချက်ပြီ မျက်နှာကြီး တင်းမာခက်ထန်သွားသည်။

"မောင်. . . မျက်နှာက ဘာဖြစ်နေတာလဲ။ မောင့်ကို ဘယ်သူ ဒီလိုဖြစ်အောင်လုပ်တာလဲ ပြော. . . ကြည့်ပြာနဲ့ တွေ့မယ်"

နွယ်ရှင်က ခေါင်းယမ်းလိုက်ပြီး

"ငါ့ကို ဒီလိုဖြစ်အောင် ဘယ်သူမှ မလုပ်ဘူး. . . မင်း အခု ဘယ်က ပြန်လာတာလဲ ပြော"

နွယ်ရှင် အသံတွေ တုန်ရီနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင့်အတွက် အစားအသောက် သွားရှာတာလေ မောင်ရဲ့ ချက်ရ ပြုတ်ရ ကင်ရ ဦးမယ်။ ဘာဖြစ်လို့လဲ"

"ဒါဆိုရင် မင်းပါးစပ်မှာ စွန်းနေတဲ့ သွေးစက ဘာတွေလဲ"

ဘီလူးမချက်ပြီ သူမနှုတ်ခမ်းထောင့်က လတ်လတ်ဆတ်ဆတ် သွေးစတွေကို သုတ်လိုက်ရင်း

"တောထဲမှာ သားကောင်ရှာရင်း သစ်ပင်နဲ့ ခိုက်မိလို့ သွေးထွက် သွားတာပါ မောင်ရယ်။ ဘာမှ မဖြစ်ပါဘူး။ မောင်က ကြည်ပြာအတွက် စိုးရိမ်ပေးသားပဲ။ ကျေးဇူးတင်ပါတယ်ရှင်"

"အပိုတွေ မပြောနဲ့၊ အဲဒီသွေးတွေက မင်း သားစိမ်းငါးစိမ်း စားလာတာ မဟုတ်လား"

ဒက်ထိအမေးကြောင့် ဘီလူးမချက်ပြီ အံ့သြသွားသလို မျက်နှာ လည်း ပျက်သွားသည်။

"မောင် ဘာတွေ ပြောနေတာလဲ"

"ဟန်ဆောင်မနေပါနဲ့တော့။ မင်းရဲ့ ဇာတိရုပ်ကို ငါ မြင်ပြီးသွားပြီ မင်း လူမဟုတ်ဘူး"

ဘီလူးမချက်ပြီ မျက်ဝန်းတွေ စူးရဲတောက်ပသွား၏။

"မောင် သိသွားပြီဆိုတော့လည်း မငြင်းတော့ပါဘူး။ ဘာလဲ လူမဟုတ်လို့ မောင်က မချစ်တော့ဘူးလား"

"အချစ်ဆိုတာ မျိုးနွယ်တူချင်းပဲ ဖြစ်လို့ရပါတယ်။ မင်းနဲ့ငါဟာ လူနဲ့ဘီလူး၊ လူနဲ့ဘီလူးဆိုတာ ဘီလူးက အချိန်မရွေး လူကို စားပစ်နိုင်တယ်။ ငါ မင်းကို ကြောက်တယ်"

ဘီလူးမချက်ပြီ မျက်နှာ အနည်းငယ် ပျော့ပျောင်းသွားသည်။





"မောင်ရယ် . . . အဓိပ္ပာယ်မရှိတာ။ စားချင်မှတော့ မောင့်ကို တွေ့ကတည်းက ကြည်ပြာ စားလိုက်ပြီပေါ့။ ဒီအချိန်ထိ အပင်ပန်းခံပြီး ဘာလို့ ပိုးမွေးသလို မွေးထားမှာလဲ။ ပြီးတော့ လူနဲ့ဘီလူး မချစ်ရဘူးလို့ ဘုရားလည်း မဟောခဲ့ပါဘူး။ အရင်တည်းက ဘီလူးမနဲ့ လူယောကျ်ား ချစ်ခဲ့တဲ့ သာဓကတွေ ရှိပါတယ်။ ကြည်ပြာလည်း အဲဒီထဲက တစ်ယောက်ပဲ မောင်၊ မောင့်ကို ချစ်မိတဲ့ အချစ်တွေက သွားတိုက်ဆေးတစ်တောင့်လုံးကို ညှစ်ထုတ်လိုက်သလို လက်လွှန်သွားပြီ။ ဘယ်လိုမှ ပြန်ထည့်လို့ မရ တော့ဘူး"

နွယ်ရှင် ကြောက်စိတ်တွေ နည်းနည်းတော့ ပြေသွားသည်။ ဘီလူးမချက်ပြီ ကြည့်ရတာ သူ့ကို တော်တော်ကြွေနေပုံပဲ။ အဲဒီကြွေနေတဲ့ မျက်နှာလှလှလေးကို သေချာစိုက်ကြည့်ပြီး

"မင်း . . . ကိုယ့်ကို တကယ်ချစ်တာလား ကြည်ပြာ"

ဘီလူးမချက်ပြီ ရင်ဘတ်ကို လက်လေးနှင့်ဖိပြီး

"ဘယ်လိုပြောလိုက်တာလဲ မောင်ရယ် . . . ကမ္ဘာလောကကြီး တစ်ခုလုံး ချာချာလည်သွားလောက်အောင်ကို ချစ်တယ်။ ကျွန်မဘဝမှာ နောက်ဖြန်ဆိုတာ မရှိဘူး . . . မောင်ပဲ ရှိတယ်"

"ဒါဆိုရင် ကိုယ့်ကို အိမ်ပြန်ခွင့် ပေးပါလား ကြည်ပြာ။ ကိုယ့် ဆွေမျိုးအပေါင်းအသင်းတွေက ကိုယ့်ကို စိတ်ပူနေကြလိမ့်မယ်။ သူတို့ကို ကိုယ် သာကြောင်းမာကြောင်း ဇနီးချောလေး ရနေပြီဖြစ်ကြောင်း ပြောပြီး ပြန်လာခဲ့ပါ့မယ်"

ဘီလူးမချက်ပြီ ခေါင်းကို ခါယမ်းလိုက်သည်။

"ဒါတော့ မဖြစ်ဘူး မောင်၊ မောင်နဲ့ တစ်ရက်ခွဲရရင် ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပြိုသလို ခံစားရလိမ့်မယ်။ ပြီးတော့ မောင်က ပြန်မလာဘူးဆိုရင် ကျွန်မပဲ ရူးမှာ။ ကျွန်မကို သတ်ရင် သတ်သွားပါ မောင်။ သေကွဲပဲ အကွဲခံမယ်။ ရှင်ကွဲတော့ မကွဲပါရစေနဲ့"

ဩော်. . . ဘီလူးတန်မဲ့ အဲဒီလောက်တောင် အချစ်ကြီးသတဲ့လား မိန်းကလေးရယ်။ မင်းရဲ့အချစ်ကို ရ,ထားတာ ကိုယ်ကံဆိုးတာ ပဲလား၊ ကံကောင်းတာပဲလား။

နွယ်ရှင် ဘီလူးမချက်ပြီကို ပရိယာယ်သုံးမှ ဖြစ်မည်ဟု တွေးလိုက်မိပြီး

"ဒါဆိုရင် မင်းရဲ့ မူလရုပ်သွင်ကို ဘယ်တော့မှ ပြန်မဖန်ဆင်းပါဘူးလို့ ကတိပေးပါ ကြည်ပြာ။ အစားအသောက်ရှာချင်ရင် သာမန်လူသားတွေလို ချက်ပြုတ်ကြော်လှော်ပြီး ကိုယ်နဲ့အတူ စားရမယ်။ တကယ်လို့ ဒီကျွန်းပေါ်ကို လူသားတစ်ယောက်တလေ ရောက်လာရင်လည်း မင်း စားခွင့်မရှိဘူး။ အိုကွာ. . . ကုန်ကုန်ပြောရရင် ဒီနေ့ဒီအချိန်ကစပြီး မင်းဟာ ဘီလူးမချက်ပြီ မဟုတ်တော့ဘူးလို့ သဘောထားလိုက်။ ပြီးရင် တစ်ပတ် တစ်ခါ သက်သတ်လွတ် စားရမယ်။ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်ရမယ်။ တစ်နေ့ကို တစ်နာရီ တရားထိုင်ရမယ်။ အဲဒီအချက်တွေကို လိုက်လျှောရင် ကိုယ် ဒီနေရာကနေ ဘယ်မှ မသွားဘူးလို့ ကတိပေးတယ်"

"မောင်ပြောတာတွေက ကျွန်မအတွက်တော့ ဆန့်ကျင်ဘက်တွေချည်းပါပဲ။ ဘီလူးမက သားစိမ်းငါးစိမ်း အရှင်မစားဘဲ လူသားတွေလို ချက်ပြုတ်ကြော်လှော် စားရမယ်ဆိုရင် တဖြည်းဖြည်းအားပြတ်ပြီး ခွန်အားအစွမ်းတွေ ယုတ်လျော့သွားလိမ့်မယ်။ ပြီးတော့ သက်သတ်လွတ် စားရမယ့်





နေ့ဆို ကျွန်မ ဘာအာဟာရမှ ဖြစ်မှာ မဟုတ်ဘူး။ ဒီကြားထဲ ဥပုသ်ပါစောင့်ရဦးမယ်။ ပိုဆိုးတာက တစ်နေ့ တစ်နာရီ တရားထိုင်ဖို့ဆိုတာ တစ်သက်နဲ့တစ်ကိုယ် စိတ်ကူးတောင် မယဉ်ခဲ့ဖူးဘူး။ ကျွန်မ အသက်ရှင်လာတာ နှစ်ပေါင်း ငါးရာကျော်ပြီ။ မောင်နဲ့တွေ့မှ ယောဂီဘီလူးဖြစ်ရတာပဲ"

"ဒါဆို ကိုယ်ပြောတာကို မင်း မလိုက်လျှောနိုင်ဘူးပေါ့"

ဘီလူးမချက်ပြီက နွယ်ရှင်ကို တရှိုက်မက်မက်ကြည့်ပြီး

"မောင်သာ ကျွန်မအနားက မသွားဘူးဆိုရင် အားလုံးကို ကျွန်မကြိုးစားပြီး စွမ်းဆောင်ပေးပါမယ် မောင်. . . မောင့်ရဲ့အချစ်ကိုသာ ဘ၀ရပိုင်ခိုင်ရမယ်ဆိုရင် မောင် သေဆိုသေ ရှင်ဆိုရှင်၊ အားပြတ်ပြီး အိပ်ရာထဲ ဘုန်းဘုန်းလဲသွားရင်တောင် စာမဖွဲ့ပါဘူး။ ကျွန်မ ပြုံးပြုံးလေးနဲ့ မောင့်ရင်ခွင်ထဲမှာ အသေခံသွားပါ့မယ်"

နွယ်ရှင် ဘီလူးမချက်ပြီအပေါ် သနားဂရုဏာသက်စွာဖြင့် ပခုံးလေးကို ဖက်ပြီး နှစ်သိမ့်လိုက်၏။

"ကြည်ပြာရယ်. . . ကိုယ်က မင်းကို ဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်စေချင်လို့ပါ"

ဘီလူးမချက်ပြီ နွယ်ရှင့်ပခုံးပေါ် အလိုက်သင့် ခေါင်းလေး မှီပြီး ပြုံးလိုက်သည်။

"ကျေနပ်ပါတယ် မောင်. . . မောင့်ဆီက ဒီလို အကြင်နာလေးတွေသာ အမြဲရမယ်ဆို ကျွန်မ သာမန်မိန်းကလေးတစ်ယောက်ပဲ ဖြစ်ချင်တယ်။ ဒီနေ့ကစပြီး ကျွန်မ ဘုရားမှာ ဆုတောင်းတော့မယ်။ ဘ၀ဆက်တိုင်း မောင်ကြောက်ရတဲ့ ဘီလူးမအဖြစ်မျိုး ဘယ်တော့မှ မရောက်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



မောင်ချစ်ရတဲ့ မောင့်ဇနီးအဖြစ် နောက်ဆုံးထွက်သက်ထိ ဘဝအဆက်ဆ
ပါရမီဖြည့်ပါရစေလို့”

* * * * *



အောင်စေတီရင်ပြင်ပေါ်မှာ ဘီလူးမချက်ပြတ်စ်ယောက် တရား ိုင်ရင်း ဝင်သက်ထွက်သက် ရှုနေသည်။

ဒါပေမဲ့ ထိုင်စ,မရှိလို့လား မသိ။ အာရုံတွေကို စုစည်းလို့မရ။

နှာသီးဖျားမှ လေဝင်လေထွက်ကို မှတ်နေရင်း စိတ်တွေက ယ်ရှင်ဆီ ရောက်ရောက်သွားသည်။

နွယ်ရှင်က သူမအား ဝိပဿနာ ကမ္မဋ္ဌာန်းမရှုမီ အရင်ဆုံး စိတ် ည်ငြိမ်မှုရအောင် သမထကို ပွားများဟု ပြောပုံ

သမထမရဘဲ စိတ်တွေက ဟိုလွင့်ဒီလွင့် ဖြစ်နေလျှင် အဲဒီ လွင့် သော စိတ်ကို လွင့်တယ် လွင့်တယ်ဟု မှတ်ခိုင်းပုံ၊ သူမက နွယ်ရှင် ခွင်ထဲ ကလေးတစ်ယောက်လို ခေါင်းတိုးပြီး ချစ်တယ် ချစ်တယ်ဟု နေပုံ၊ ရေတံခွန်မှာ ရေချိုးရင်း တစ်ယောက်နဲ့တစ်ယောက် ကလူ စယ်နေပုံတွေကို မြင်ယောင်ပြီး ပြုံးလိုက်မိသည်။

www.burmeseclassic.com



စိတ်ကူးကောင်းနေစဉ် မလှုပ်မယှက် ထိုင်နေရသောကြောင့် ဒူးတွေ တင်းလာပြီး ချက်ချင်း ထ,ပြေးချင်စိတ် ပေါက်မိသော်လည်း နွယ်ရှင်က တစ်နာရီပြည့်အောင် ထိုင်ဟု သေချာ မှာသွားသည်ကို တွေးကာ မျက်နှာ ရှုံ့မဲ့၍ တင်းခံနေလိုက်သည်။

"ချစ်သမီး ယက္ခဒေဝီ"

မေတ္တာဓာတ်ခြုံလွှမ်းထားသော ချိုမြသည့်အသံကြောင့် ဘီလူးမ ချက်ပြီ မျက်လုံးဖွင့်ကြည့်လိုက်ရာ သူမရှေ့တည့်တည့်မှာ တရေးရေး ပေါ်လာသည့် တောင်စောင့်နတ်မင်း။

"ထူးထူးဆန်းဆန်း တရားတွေ ဘာတွေတောင် ထိုင်လို့ပါလား အရင်က သူများအသက် မသတ်ဖို့ ဘုရားသာသနာနဲ့ ကြုံတုန်း တရား နာဖို့ ဘယ်လိုပြောပြော မရတဲ့ သမီးတော်က အခု သာမန်လူ ယောကျ်ား တစ်ယောက်နဲ့ တွေ့မှ ကျွတ်တမ်းဝင်ပြီပေါ့"

ဘီလူးမချက်ပြီ အနေအထားမပျက် မျက်လွှာလေးချ၍ ဖြေသည်။

"သမီး သူ့ကို သိပ်ချစ်သွားလို့ပါ ဘဘတောင်စောင့်နတ်မင်း"

တောင်စောင့်နတ်မင်းက သံဝေဂရစွာ ခေါင်းညိတ်လိုက်၏။

"အင်း. . . အရင်က တောင်စောင့်နတ်တောင် မနိုင်လို့ လွှတ်ပေး ထားရတဲ့ သမီးတော်က ဘုန်းကံကြီးတဲ့ ယောကျ်ားတစ်ယောက်နဲ့အတွေ့မှာ သက်သတ်လွတ်တောင် စားရတဲ့ ဘဝရောက်သွားပါလား။ အချစ်. . . အချစ် တယ်လည်း ကြောက်စရာကောင်းတာပဲ"

"သူ့အတွက်သာဆိုရင် သမီးတော် အသက်နဲ့ခန္ဓာ စွန့်ရလည်း ဝန်မလေးပါဘူး ဘဘ။ လူသားစားရတဲ့ အရသာထက် လူသား တစ်ယောက်ကို ချစ်ရတဲ့အရသာဟာ အဆ ရာထောင်သောင်းမက





သာမှန်း သမီးတော် သဘောပေါက်သွားပါပြီ။ သူ့ကို ချစ်မိတဲ့ ဇကျာခိုင်း ပြီး သမီးတော်ဟာ ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ် မဟုတ်တော့ပါဘူး။ ကိုယ့်ကိုယ် ဖြစ်သွားပါပြီ။ သူဖြစ်စေချင်တာကို ဘာမဆိုဖြည့်ဆည်းမယ် အသင့်ပါပဲ"

"ဒါဆိုလည်း သမီးတော်ရယ်. . . , သူ့ကို လွတ်လပ်ခွင့်ပေးလိုက် ပါလား။ ဇီကျွန်းပေါ်မှာ တစ်သက်လုံး သူ့ဘဝကို မြုပ်နှံသွားတာ သမီး တော်က မြင်ချင်လို့လား"

"ဒါတော့ မဖြစ်ပါဘူး ဘဘ။ သူ့ကို ဇီကျွန်းပေါ်က သွားခွင့် ပြုမယ့်အစား သမီးရဲ့ ရင်ဘတ်ကို ခွဲပြီး နှလုံးသားကို ထုတ်ယူသွားတာမှ သက်သာပါဦးမယ်။ အဲဒီတစ်ခုကလွဲပြီး ဘာမဆို သူ့အတွက် ဖြည့်ဆည်း ပေးဖို့ အဆင်သင့်ပါပဲ"

တောင်စောင့်နတ်က စိတ်မသက်မသာ ခေါင်းကို ခါယမ်း လိုက်သည်။

"တယ်လည်း အချစ်ကြီးတဲ့ ဘီလူးမလေးပါလား။ အဲဒီလောက် စွဲလမ်းဖို့ မလိုပါဘူး သမီး။ တစ်စုံတစ်ယောက်ကို တဏှာပေမကြီးမားစွာနဲ့ တမ်းတမ်းတတ ချစ်မိသူဟာ တစ်ဖက်လူအတွက် အကျိုးတစ်စုံတရာ မသက်ရောက်ဘူး။ ချစ်မိတဲ့သူပဲ ပူလောင်ရတယ်။ သူ့ကို ဆုံးရှုံးမှာ ကြောက်တဲ့ စိုးရိမ်သောက ဖြစ်ရတယ်။ သူနဲ့ ဝေးတဲ့အခါ ကိုယ်ပဲ ပရိဒေဝ လောင်မြိုက်ပြီး ဝမ်းနည်းပူဆွေးရတယ်။ ဘဘက သမီး ခံစားရမှာစိုးလို့ ပြောတာပါ"

"အဲဒီလို မဖြစ်ရအောင် သမီးတော် အစွမ်းကုန်ကြိုးစားပါ့မယ် ဘဘ။ သူ ဘယ်မှ ထွက်မသွားစေရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ဘယ်လိုပဲ အစွမ်းတွေနဲ့ တားတား၊ သမီးတို့ ဒူးဇော်ကိဟာ နောက်ဆုံးတစ်နေ့ကျရင် မုချကွေကွင်းရမှာပဲလေ။ သမီး နှမ်းဟုတ်ပါဘူး။ ၃၁ ဘုံမှာ ကျင်လည်နေကြတဲ့ သတ္တဝါအားလုံးဟာ ၊ဂက်ဆုံးတစ်နေ့မှာတော့ ကေန်မုချ ကွေကွင်းကြရမှာပါပဲ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာကြီးသုံးပါးကို ရှောင်လွှဲလို့ မရနိုင်ပါဘူး။ တရားနှလုံးသွင်းပါ သမီး"

"အချစ်က အရာရာကို ဆင်ခြင်နိုင်စွမ်း မဲ့စေပါတယ် ဘဘ။ အချစ်သာ အားကြီးနေရင် အနိစ္စလည်း မမြင်ပါဘူး။ ဒုက္ခလည်း မသိပါဘူး။ အနတ္တလည်း မတွေ့ပါဘူး။ မနက်ဖြန်ဆိုတာလည်း မရှိပါဘူး။ ရင်ထဲမှာ သူပဲ ရှိပါတယ်"

တောင်စောင့်နတ်မင်း စိတ်ပျက်သွားသည်။

"တယ်ခက်တဲ့ သမီးတော်ပဲ။ အေးလေ၊ သမီးက အမှန်ကို မမြင်နိုင်သေးတော့ ဒီအချိန်မှာ ဘဘဆုံးမလည်း အလကားပါပဲ။ ဒါပေမဲ့ တစ်ခုတော့ သတိပေးလိုက်မယ်။ အဆိပ်ပင်ကို ရေမလောင်းမိပါစေနဲ့ သမီး၊ သမီးရင်ထဲမှာ စွဲကပ်နေတဲ့ အချစ်ဟာ တဏှာရာဂဆိုတဲ့ အဆိပ်ပင်ပါပဲ၊ အဲဒီအဆိပ်ပင် တဖြည်းဖြည်း ကြီးလာရင် သမီးပဲ ဒုက္ခရောက်ရလိမ့်မယ်၊ ပြီးတော့ ဘဘရဲ့ အာရုံထဲမှာ မြင်နေတာက သမီး မကြာခင် သက်တမ်းကုန်တော့မယ်။ သက်တမ်းမကုန်ခင်မှာ ကိလေသာတွေ လျော့ပါးအောင် လုပ်ပြီး အပယ်လေးဘုံက လွတ်ဖို့ ကြိုးစားပါ သမီး၊ ဘဘ ဒီလောက်ပဲ ပြောတော့မယ်။ ကဲ ဘဘ သွားပြီ"

တောင်စောင့်နတ် မြင်ကွင်းက ပျောက်ကွယ်သွားချိန်မှာတော့ ယက္ခဒေဝီ တရားသိမ်းပြီး ဘုရားကို ဦးသုံးကြိမ်ချလိုက်သည်။





ပြီးနောက် ကမန်းကတမ်း ထ,ပြီး ဘုရားရင်ပြင်တော်ကို တောခိုင်းလိုက်၏။

"မြန်မြန်သွားမှပဲ. . . တော်ကြာ မောင် မျှော်နေတော့မယ်"

* * * * *



www.burmeseclassic.com

www.burmeseclassic.com



နှောင်ကြိုး ခေါင်းညိတ်လိုက်၏။

တဖြည်းဖြည်းနှင့် မှောင်တောင် မှောင်လာသည်။

* * * * *



(၁၅)

တောင်သုံးလုံးကျွန်းနဲ့ ခပ်လှမ်းလှမ်းမှာ သင်္ဘောတစ်စီး ရပ်နေသည်။ သင်္ဘောထဲမှာ နှောင်ကြိုးနဲ့ အဖော်ငါးယောက်။

သူတို့ထဲက တစ်ယောက်က တောင်သုံးလုံးကျွန်းဘက်ကို မှန်ဘီလူးနဲ့ ကြည့်နေပြီး အခြေအနေကို အကဲခတ်နေ၏။

“ဘာထူးခြားသေးလဲဟင်”

“အခုထိတော့ ဘာမှ မထူးခြားသေးဘူး နှောင်ကြိုး... တမ်းစပ်မှာ လူအရိပ်အယောင်လည်း မတွေ့သေးဘူး”

“ကျွန်မ ကျွန်းပေါ် တက်ပြီး ရှာရင် ကောင်းမလား မသိဘူး”

နှောင်ကြိုးရဲ့ အကြံကို အားလုံး ကန့်ကွက်ကြ၏။

“မလုပ်နဲ့... မလုပ်နဲ့ မတော်တဆ ဘီလူးမနဲ့ တွေ့ရင် အကုန်လုံး အရိုးတခြား အသားတခြား ဖြစ်ကုန်မယ်။ တစ်ချက် စောင့်ကြည့်ပါဦး”



www.burmeseclassic.com

www.burmeseclassic.com

"ဒီနေ့ရော တရားထိုင်ရတာ ဘယ်လိုနေလဲ ကြည်ပြာ"

"အင်း. . . အရင်နေ့ကထက်စာရင်တော့ နည်းနည်း တော်
သလိုပဲ။ ဒါပေမဲ့ ထိုင်စ,မရှိလို့လား မသိဘူး။ အရမ်းပင်ပန်းတယ် မောင်ရေ
နာရီဝက်ကျော်လောက်ရောက်ရင် ထ,ပြေးချင်စိတ်ပေါက်တယ်"

"အစပိုင်းဆိုတော့ ဒီလိုပဲပေါ့ ကြည်ပြာရယ်. . . တရားစခန်း
ဆို တစ်နေ့ ကိုးကြိမ်လောက် ထိုင်ရတာ။ ကိုယ်က ကြည်ပြာကို သက်သာ
ညှာညှာ တစ်ခါပဲ ထိုင်ခိုင်းတာ"

ဘီလူးမချက်ပြု ပြုံးလိုက်ရင်း

"အဲဒီလို သက်ညှာတယ်ဆိုတာလေးနဲ့တင် ကြည်ပြာ စိတ်ချ
သာပါတယ် မောင်ရယ်။ မောင်က အကြင်နာတရားရှိတဲ့သူပါ။ နောက်
တွေလည်း မောင့် စိတ်တိုင်းကျ ထိုင်ပါ့မယ်"

"ထိုင်ရုံနဲ့ မပြီးသေးဘူးနော်။ မနက်ဖြန် ဘာနေ့လဲ သိလား"





"ချစ်သူများနေ့လား မောင်"

"ဘယ်က ချစ်သူများနေ့ရမှာလဲ။ မနက်ဖြန် ဥပုသ်နေ့ ဥပုသ်
စောင့်ရမယ်နော်"

"စောင့်မှာပေါ့ မောင်ရယ်။ ပြီးရင် ရှစ်ပါးသီလပါ ထိန်းမယ်။
အမွှေးနံ့သာ မလိမ်းခြယ်ရဘူး။ သီဆိုတီးမှုတ် ကခုန်ခြင်း မပြုရဘူး။
နေ့လွဲညစာ မစားရဘူး။ မေထုန်မမှီဝဲရဘူး။ ဟုတ်တယ် မဟုတ်လား. . .
မောင် သင်ပေးထားတာလေ"

"တော်လိုက်တာ ကြည်ပြာရယ်. . . မောင်က အဲဒီလို မောင့်
တား နားထောင်မှ ချစ်တာ"

ဘီလူးမချက်ပြု နွယ်ရှင့်ကို မျက်ခုံးလေးပင့်၍ ကြည့်ပြီး

"တကယ်ပြောတာလား မောင်"

"တကယ်ပြောတာပေါ့. . . ဘာသာရေးဆိုတာ စိတ်ကို နူးညံ့
ပျော့ပျောင်းလာစေတဲ့အရာတစ်ခုပဲ။ ကိုယ်က ကြည်ပြာ့ကို လူသားအစစ်လို
သိမ်သိမ်မွေ့မွေ့လေး ဖြစ်စေချင်တာပါ"

"ဟင်း. . . ဒါဆို ကြည်ပြာ့ကို အာဘွားပေး"

"ဟင်. . . ဘာမှလည်း မဆိုင်ဘူး"

"ဆိုင်ဆိုင် မဆိုင်ဆိုင်ကွာ. . . ချစ်တယ်ဆို အာဘွားပေးရမယ်"

နွယ်ရှင် တစ်ချက်ရယ်ပြီး သူမရဲ့ပါးပြင်လေးကို နမ်းလိုက်ရာ
န်းသွေးရောင်တွေ လွှမ်းသွားသည်။ မချစ်သော်လည်း အောင့်ကာ
မ်းရဦးမည်ပေါ့ ဘီလူးမချက်ပြုရေ။ သူမကတော့ ဘာမှမသိ။

အဲဒီအနမ်းတစ်ချက်နှင့်ပင် သေမယ်ဆို သေလို့ရအောင်
င်ထဲမှာ လှိုက်ခနဲ ဖြစ်သွားပါသည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



ချင်သေးတယ်။ ပြီးမှ ရှင်တို့က နောက်ကနေ သဘော်နဲ့ လိုက်လာခဲ့"

"ဒါဆို မင်းက ဘာနဲ့ သွားမှာလဲ"

နှောင်ကြိုးက ပင်လယ်ထဲ လက်ညှိုးထိုးပြပြီး

"ကျွန်မက ရေထဲမှာ ကြီးလာတဲ့ ပင်လယ်ဖျံပါ. . . သဘော် မောင်းကျွမ်းသလို ရေကူးလည်း ချန်ပီယံပါပဲ"

"ဒါဆို"

နှောင်ကြိုးက သူ့အဖော်တွေကို လက်ကာပြပြီး ဘာမပြော ညာမပြောနှင့် သဘော်ဦးပေါ်မှ ရေထဲကို ဒိုင်ဗင်ပစ်ဆင်းလိုက်သည်။

"ဗွမ်း"

အားလုံး ပါးစပ်အဟောင်းသား ဖြစ်နေကြစဉ် နှောင်ကြိုး တစ်တော့ နွယ်ရှင်ရှိနေသည့် ကျွန်းစပ်ကို ရေထဲမှတဆင့် ရွှေငါးမလေးကဲ့သို့ လှပစွာ ကူးခတ်သွားလေပြီ။

* * * * *



(၁၆)

တရေးရေးနှင့် မှန်ဘီလူးမြင်ကွင်းထဲမှာ ပေါ်လာသော ပုံရိပ်ကြောင့် အိပ်ချင်နေသော လှေထိုးသားရဲ့ မျက်လုံးတွေ ပြူးကျယ်လာသည်။ သေချာအောင် မျက်စိနှစ်လုံးပွတ်ပြီး ပြန်ကြည့်ရာ

"ဟာ. . . နှောင်ကြိုးရေ နွယ်ရှင်ကို တွေ့ပြီ သူ မသေသေးဘူး"

နှောင်ကြိုး လှေထိုးသားထံမှ မှန်ဘီလူးကို ဆွဲယူပြီး ကြည့်ရာ သူ့မျှော်လင့်တောင့်တနေသော နွယ်ရှင်ကို ထင်ထင်ရှားရှား တွေ့လိုက်ရသဖြင့် ဝမ်းသာသွားသည်။

"တစ်ညလုံး အိပ်ရေးပျက်ခံပြီး စောင့်လိုက်ရတာ မိုးလင်းမှပဲ ဆန္ဒတွေ ပြည့်တော့တယ်"

"ဘယ်လိုလဲ နှောင်ကြိုး လှေကို ကမ်းကပ်တော့မလား"

နှောင်ကြိုးက တစ်ချက်စဉ်းစားပြီး

"ခဏနေဦး. . . ကျွန်မ အရင် သူ့ကို စိတ်လှုပ်ရှားအောင် လုပ်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်မှာ တိမ်ထူထပ်နေသည်။ လေနုအေးရဲ့ တိုက်ခတ်မှုကို အေးမြစွာ ခံစားရင်း နွယ်ရှင် ကမ်းစပ်မှာ မီးမွှေးနေ၏။ ဘီလူးမ ချက်ပြု အစာရှာပြီး ပြန်လာလျှင် အဆင်သင့် ဖုတ်ကင်စားရအောင် ကြိုတင်ပြင်ဆင်ထားခြင်းပင်။

မီးတောက်ပြီဆိုသောအခါ အရင်ဆုံး ရေနွေးကျိုရန် ရေဗူးလွတ်ကို ကိုင်၍ ပင်လယ်ဘက် ထွက်ခဲ့လိုက်၏။

အဲဒီအချိန်မှာ။

မထင်မှတ်တဲ့မြင်ကွင်း။

တစ်ကိုယ်လုံး ရွှဲရွှဲစိုနေသည့် မိန်းကလေးတစ်ယောက် ဆံပင်ဖားလျားလေးဖြင့် ပင်လယ်ဘက်ကို မျက်နှာမူပြီး ကျောက်တုံးပေါ်မှာ ကျောပေးထိုင်နေသည်။

နွယ်ရှင် အံ့ဩသွားရာ ရေမခပ်သေးဘဲ လမ်းကြောင်းပြောင်း၍





အဲဒီမိန်းကလေး ထိုင်နေသည့် ကျောက်တုံးဘက်ကို ခြေသံဖွဖွနင်းပြီး တိတ်တိတ်လေး လျှောက်သွားလိုက်သည်။

သူဘယ်သူလဲ။ ရေသူမများလား။

ရေသူမဆိုရင်တော့ ရေထဲပြန်မဆင်းနိုင်အောင် ဖမ်းချုပ်ပြီး အင်တာဗျူး လုပ်ရဦးမယ်။

တဖြည်းဖြည်း သူမနှင့် အနီးဆုံးကို ရောက်လာသည်။ ရောက်လာသောအခါ ထွက်မပြေးနိုင်အောင် အနောက်မှ သိုင်း၍ ဖက်လိုက်၏။

"ဟိတ်. . . မပြေးနဲ့"

ရုတ်တရက်မို့ ကောင်မလေး လန့်သွားရမည်ဖြစ်သော်လည်း ထွက်လာသည့် အသံက

"မပြေးပါဘူးရှင်"

"ဟင်"

ပြောပြီး ကောင်မလေးက နွယ်ရှင်ဘက် မျက်နှာလှည့်လိုက်ရာ

"ဟာ"

နွယ်ရှင် ရုတ်တရက် သိုင်းဖက်ထားသည့် လက်ကို လွှတ်ချလိုက်သည်။ သူ လုံးဝ မထင်မှတ်သည့် မိန်းကလေး။

"နှောင်ကြိုး"

"ဟုတ်ပါတယ်ရှင်. . . နှောင်ကြိုးပါ။ မလိမ္မာ တစ်ခါမိုက်ဆိုသလို အစ်ကို့ကို မှားယွင်းစွာ လုပ်ကြံမိခဲ့တဲ့ နှောင်ကြိုးပါ"

နွယ်ရှင် နှောင်ကြိုးကို စူးစူးရဲရဲ နာကြည်းစွာ ကြည့်လိုက်၏။

"မင်း. . . ဒီကို ဘာပြန်လာလုပ်တာလဲ. . . ငါ မသေသေးလို့ သတင်းရလို့ နောက်တစ်ခါ ထပ်ကြိုးစားမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



နှောင်ကြိုးက ခေါင်းခါလိုက်ပြီး

"အဲဒီလို မဟုတ်ရပါဘူးရှင်. . . အစ်ကိုပေးတဲ့ အပြစ်ကို ခံယူဖို့ လာတာပါ။ ပြီးတော့ အစ်ကို့ကို ကယ်တင်ဖို့ ညီမ ချိုလိမ်ရွာသားတွေနဲ့ ပူးပေါင်းလိုက်ပါပြီ"

"ဘာ. . . ငါ့ကို ကယ်မယ်. . . သေစေချင်လို့ လုပ်ကြံတဲ့ မိန်းမက ငါ့ကို အသက်ရှင်လျက် တွေ့မှ ကယ်မယ်ဆိုတော့ သူခိုးပြေးမှ ထိုးကွင်း ထ,တာလား. . . ဒါမှမဟုတ် မရောင်ရာ ဆီလူးတာလား"

"အစ်ကို အထင်လွဲနေမယ်ဆိုတာ သိလို့ ကျွန်မရဲ့ အပြစ်တွေကို လာဆေးကြောတာပါ။ အစ်ကို့ကို ကယ်ချင်တဲ့စိတ်မရှိဘဲနဲ့ ဒီဘီလူး စောင့်တဲ့ ကျွန်းကို မိုက်ရူးရဲဆန်ပြီး ပြန်မလာပါဘူး အစ်ကို"

"အေး. . . ဘီလူးစောင့်တဲ့ကျွန်းပေမယ့် ဘီလူးမက ငါ့ကို မင်းလို ဒုက္ခမပေးဘူးကွ။ မင်းတိုက်လိုက်တဲ့ အဆိပ်ကြောင့် သေမလို ဖြစ်နေတဲ့ ငါ့ကို နတ်ဆေးပင်နဲ့ ကယ်ခဲ့တာလည်း အဲဒီဘီလူးမပဲ။ သူက ငါ့ရဲ့ အသက်သခင်ကျေးဇူးရှင်၊ မင်းက လူသတ်မိစ္ဆာမ"

"ပြောပါ အစ်ကို. . . အစ်ကို ကျေနပ်သလိုသာပြောပါ။ ညီမဘက်ကလည်း တာဝန်အရ လုပ်ရတာမို့လို့ ခွင့်လွှတ်ပါလို့ပဲ ပြောနိုင်ပါတယ်။ တစ်ခုတော့ အစ်ကို့ကို မေးချင်တယ်။ အစ်ကို ညီမကို မုန်းနေတယ်ဆိုလည်း ကြိုက်သလို လုပ်လို့ရပါတယ်။ ဒါပေမဲ့ အစ်ကို ဒီကျွန်းပေါ်မှာပဲ တစ်သက်လုံးနေပြီး ဘီလူးမချက်ပြကိုပဲ ကျေးဇူးပြန်ဆပ်တော့မှာလား"

နှောင်ကြိုးရဲ့ စကားကြောင့် နွယ်ရှင်တွေဝေသွားပြီး ကျေးဇူးတရားနှင့် လွတ်လပ်ခွင့်ကို ရောထွေးလို့မရ။





သူ့ကျေးဇူးကိုဆပ်ဖို့ ကိုယ့်ဘဝတစ်ခုလုံးကို အညွန့်တုံးအောင် မြေမြုပ်ပစ်လို့မရ။ ကျေးဇူးဆိုတာ ထိုက်တန်သော နည်းလမ်းနှင့်ပင် ဆပ်ရပေမည်။

နွယ်ရှင် ခေါင်းကို ခါယမ်းလိုက်ပြီး

"ဒီမှာတော့ တစ်သက်လုံးနေလို့ မဖြစ်ဘူး"

နှောင်ကြိုးက နွယ်ရှင်ရဲ့ပခုံးပေါ် လက်လေးတစ်ဖက် တင်လိုက်ပြီး

"ဒါဆိုလည်း ညီမတို့နဲ့ ပြန်လိုက်ခဲ့ပါ အစ်ကို. . . အစ်ကို့မိတ်ဆွေတွေလည်း ပါလာပါတယ်။ အစ်ကို့ကို ပြန်ခေါ်ဖို့ ရောက်လာတာပါ"

အဲဒီအချိန်မှာ သင်္ဘောတစ်စီး ကမ်းစပ်နားကို တဖြည်းဖြည်း ခုတ်မောင်းလာသည်။

သင်္ဘောပေါ်မှ ချိုလိမ်ရွာသားတွေ နွယ်ရှင်ကို ဝိုင်းပြီး လက်ပြနှုတ်ဆက်လိုက်ကြ၏။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

ဘီလူးမချက်ပြီ ယုန်တစ်ကောင်ကို လက်ကဆွဲပြီး ပြန်လာချ နွယ်ရှင် ကမ်းစပ်က ခြေရာများကို ခြေထောက်နှင့် ယက်ပြီး ဖျက်နေ

"မောင်. . . ဒါ ဘာလုပ်နေတာလဲ"

နွယ်ရှင်က ဟန်မပျက်ပင်။

"ဩော်. . . ဘာမှ မဟုတ်ပါဘူး။ ကြည်ပြာ မလာသေးလို့ ဖျ နေတာနဲ့ ခြေဆော့လက်ဆော့ လုပ်နေတာပါ"

ဘီလူးမချက်ပြီက ရယ်ပြီး

"အစ်ကို့အတွက် ယုန်တစ်ကောင် ဆွဲလာတယ်. . . အဲဒါလေး ကင်ပြီး နှစ်ယောက်အတူ စားလိုက်ရအောင်"

"ဒီယုန်က ဘယ်ကရလာတာလဲ။ သူများအသက် သတ်လာပြ ပြီလား"





"မဟုတ်ရပါဘူး မောင်ရယ်. . . ကြည်ပြာ မောင့်စကားကို ဘယ်တုန်းက ပယ်ရှားဖူးလို့လဲ။ ပုံသကူသားပါ။ ယုန်တွေက အသည်းငယ်တယ် မောင်ရဲ့။ ကြည်ပြာက သူ့ကို စ,ချင်လို့ မာဂဓောဘာသာစကားနဲ့ တိုးတိုးလေး ပြောလိုက်တာကို နှလုံးသွေးရပ်ပြီး သေသွားတယ်လေ"

"ဟင်. . . ဘယ်လိုပြောလိုက်လို့လဲ"

"မင်းကတော့ အေးရာအေးကြောင်း သစ်ပင်အောက်မှာ မုန်လာဥစားနေ၊ မင်းရည်းစား ယုန်မလေးက တခြားယုန်ထီးနဲ့ ပါသွားပြီလို့ ပြောလိုက်တာလေ"

နွယ်ရှင် ကိုယ့်နဖူး ကိုယ်ရိုက်လိုက်သည်။

"ဖြစ်မှ ဖြစ်ရလေ ကြည်ပြာရယ်။ ပုံသကူသားကလည်း မင်းယောဂ မကင်းပါလား"

"ကြည်ပြာက စ,ရုံလေးပါ။ မောင့်စကားကို မပယ်ရှားချင်လို့ မူလရုပ်သွင် ပြန်မဖန်ဆင်းဘူးလေ။ အဲဒီတော့ အရင်က တောထဲမှာ သားကောင်ရှာရင် ခြေတစ်လှမ်း နှစ်လှမ်း လှမ်းလိုက်ရုံနဲ့ ရပေမယ့် အခု လူသားအသွင်နဲ့ဆိုတော့ ခြေလှမ်း ၁၀၀ လောက် လှမ်းတာတောင် ပုံသကူသား မတွေ့ဘူး မောင်၊ အဲဒါနဲ့ ဘာလုပ်ရမှန်း မသိဘဲ ယုန်ထီးလေးကို နောက်လိုက်မိတာ။ တိုက်ဆိုင်တော့ ပုံသကူသား ဖြစ်သွားတယ်။ အဲဒါပဲ မောင်။ အချစ်နဲ့ပတ်သက်လာရင် တိရစ္ဆာန်လေးတွေလည်း အသည်းငယ်တယ်။ ယုန်မှ မဟုတ်ပါဘူး။ သတ္တဝါအားလုံးဟာ ချစ်ခြင်းမေတ္တာနဲ့ ရှင်သန်နေတာပါ။ အချစ်မရှိရင် ဘဝကြီးဟာ မပြည့်စုံပါဘူး"

"ကဲ. . . ကဲ ဟုတ်ပါပြီ။ ဒါဆိုလည်း အဲဒီပုံသကူသားပဲ စားကြတာပေါ့. . . ကိုယ် မီးမွှေးပြီးသွားပြီ"

www.burmeseclassic.com



"နေဦး မောင်"

"ဘာဖြစ်လို့လဲ"

ဘီလူးမချက်ပြု အသက်ကို ဝဝရှူလိုက်ရင်း. . .

"ကြည်ပြာ့နှာခေါင်းထဲမှာ လူသားအနံ့ ရနေတယ်"

"ဩော်. . . ဒါများ မင်းရှေ့မှာ ရပ်နေတဲ့ ကိုယ်က လူသား မဟုတ်လို့ ဘာလဲ"

"မဟုတ်ဘူး မောင်၊ . . မောင့်အနံ့ကို ကြည်ပြာ ခွဲနေပြီ။ ဒါ လူစိမ်းအနံ့၊ မောင့်ကိုယ်မှာ ရှတယ်။ မှန်မှန်ပြော မောင်၊ ဒီကျွန်းကို ဘယ်သူ လာသေးလဲ"

နွယ်ရှင် မျက်နှာ တစ်ချက်ပျက်သွားသော်လည်း ဟန်မပျက် ပြန်၍ ဣန္ဒြေထိန်းလိုက်ရင်း

"ဘယ်သူမှ မလာပါဘူး ကြည်ပြာရဲ့။ စိတ်ထင်လို့ပါ။ ဒီကျွန်းပေါ်မှာ ကိုယ်တို့နှစ်ယောက်ကလွဲပြီး ဘယ်သူရှိလို့လဲ"

ဘီလူးမချက်ပြုက နွယ်ရှင်ကို မျက်စောင်းလှလှလေး ထိုးလိုက်သည်။

"ဟင်းနော်. . . ရှုတ်ရှုတ် ရှုတ်ရှုတ်တော့ မလုပ်နဲ့၊ ကျွန်းပေါ်ကို လူစိမ်းတွေ ရောက်လာရင်လည်း ပြော။ ကြည်ပြာက အန္တရာယ်မပေး ဘူးလို့ ကတိပေးပြီးသား။ ဒါပေမဲ့ မောင့်ကို ကြည်ပြာနဲ့ ဝေးရာ ခေါ်ထုတ် သွားမယ့်သူဆိုရင်တော့ အလွတ်မပေးဘူး"

"ကဲပါကွာ. . . ဘယ်သူမှ မလာပါဘူးလို့ ပြောနေမှပဲ။ မီးတွေ လည်း တောက်နေပြီ. . . ကင်လိုက်ရအောင် လာ"

နွယ်ရှင်က ဘီလူးမချက်ပြု ပခုံးကိုဖက်ပြီး မီးဖိုနားဆွဲခေါ်သွားရာ အရှိုင်းလေးမို့ ပျော့ဆင်းပြီး ပါသွားပါသည်။

* * * * *



(၁၇)

ည ၇း၀၀ နာရီ။

အမှောင်ကြီးစိုးစ ပြုလာသည့်အချိန်။

ကျောက်ဆောင်အကွယ်မှာ ရပ်ထားသော သင်္ဘောပေါ်မှ သက်ကယ်လှေကို ရေပေါ်ချပြီး ရွာသားငါးယောက် တက်လိုက်ကြသည်။

နှောင်ကြိုး မပါသဖြင့် သူတို့တွေ စိတ်တော့ သိပ်မချ။

"ဖြစ်နိုင်ရင် နင်ပါ လိုက်ခဲ့ပါလား နှောင်ကြိုးရယ်။ ဒီနေရာက အန္တရာယ်များတယ်။ ငါတို့ နင့်ကို စိတ်မချဘူး"

နှောင်ကြိုးက ခေါင်းခါလိုက်ပြီး

"အစ်ကို မပါဘဲနဲ့တော့ ကျွန်မ ဘယ်ကိုမှ ပြန်မလိုက်နိုင်ပါဘူး။ အစ်ကိုနဲ့အတူ အဖော်လုပ်ပြီး နေခဲ့မယ်။ ဘာမှ မစိုးရိမ်ပါနဲ့"

နွယ်ရှင်က နှောင်ကြိုးပခုံးလေးကို ကိုင်ပြီး ဖျောင်းဖျလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အခုနေ ကိုယ်ပါ ဒီကျွန်းပေါ်က ထွက်ပြေးရင် အနေးနဲ့အမြန် သူသိသွားမှာပဲ နှောင်ကြိုး။ ဘုရားပေါ်မှာ တရားထိုင်ပြီး ပြန်လာတာနဲ့ ကိုယ့်ကို မတွေ့ရင် သူ သောင်းကျန်းလိမ့်မယ်။ သူ့ရဲ့အစွမ်းက ဒီပင်လယ် ပြင်ကြီးကိုလည်း လက်ပစ်ကူးပြီး လိုက်လာနိုင်တယ်။ ကိုယ်တို့ သင်္ဘောနဲ့ ပြေးရင်တောင် သူ လက်ပစ်ကူးလိုက်ရင် ခဏလေးနဲ့ မိနိုင်တယ်။ အဲဒါ ကြောင့် သူ့ကို အစာအာဟာရ ခြိုးခြံခိုင်းပြီး အားပြတ်မယ့်အချိန်ကို စောင့် နေတာ။ အဲဒီအချိန်မှာ သင်္ဘောလည်း ရှိနေပြီဆိုတော့ ပြေးရင် လွတ်နိုင် တယ်။ နှောင်ကြိုး ဒီကျွန်းပေါ်မှာ ကိုယ်နဲ့အတူ ရှိနေလည်း ဘာမှတော့ ထူးခြားမှာ မဟုတ်ဘူး။ သူလစ်တဲ့ ခဏပဲ ခိုးတွေ့လို့ ရမှာ။ ဒါတောင် သူ မမြင်နိုင်တဲ့နေရာမှာ နှောင်ကြိုးကို သေချာပုန်းခိုင်းမှ။ သူက အရမ်း ပါးတယ်။ အန္တရာယ်များလို့ ပြန်လိုက်သွားပါ နှောင်ကြိုးရယ်. . . နော်။ ကိုယ် ပြန်လာမှာပါ စိတ်မပူပါနဲ့"

နှောင်ကြိုးက လက်မခံ။

"ဘယ်လောက် အန္တရာယ်များများ၊ နှောင်ကြိုး မကြောက်ဘူး အစ်ကို။ အစ်ကို ဒီကျွန်းပေါ်ကို ရောက်လာတာ နှောင်ကြိုးကြောင့်။ အဲဒီတော့ ဖြစ်လာသမျှ အန္တရာယ်ကို အတူတူ ရင်ဆိုင်ဖြေရှင်းကြတာပေါ့"

နွယ်ရှင်က ပြောရခက်သည့် နှောင်ကြိုးရဲ့ မျက်နှာလေးကို ဂရုဏာ သက်စွာ စိုက်ကြည့်လိုက်သည်။

သူမရဲ့ မျက်ဝန်းမှာ အကြင်နာရိပ်ငွေ့တွေ ယှက်သန်းလို့။

"တဲ. . . ဒါဆိုလည်း ကိုယ် မတားတော့ဘူး နှောင်ကြိုး။ နှောင်ကြိုးအတွက် ပုန်းလို့ အဆင်ပြေမယ့်နေရာ ကိုယ်ရှာပေးမယ်။ သူတို့ ကိုတော့ ပြန်လွှတ်လိုက်တာပေါ့"





နှောင်ကြိုး ပြုံးပြီး ခေါင်းညိတ်လိုက်သောအခါ နွယ်ရှင်တာ လှေကို အဆင်သင့်ပြင်ထားသော ရွာသားတွေဘက် လှည့်လိုက်ပြီး

"ကဲ. . . မိတ်ဆွေတို့ ဘာမှ စိုးရိမ်ကြောင့်ကြမှုမရှိဘဲ ဒီနေရာတာ အမြန်ပြန်ပါတော့။ ဘီလူးမချက်ပြဟာ ကျန်တဲ့သူတွေအတွက် ကြောက် စရာ ဖြစ်ပေမယ့် ကျွန်တော့်အတွက်တော့ သူဟာ ကြိုးဆွဲရာ ကနေရတဲ့ ရုပ်သေးဘီလူးရုပ်ပါပဲ။ ကျွန်တော် ဘေးမသီရန်မခဘဲ ချိုလိမ်တောင်ကို ပြန်လာမယ့်အချိန်ကို စောင့်နေပါ။ ကျွန်တော့် နည်းလမ်းနဲ့ ကျွန်တော် သူ့လက်က လွတ်အောင်ရုန်းပြီး ပြန်လာခဲ့ပါမယ်။ အားလုံး ပြန်ကြ ပါတော့"

ရွာသားတွေ လှေကို ကမ်းမှ ခွာလိုက်ကြ၏။

"ဆရာနွယ်ရှင် ဘေးမသီရန်မခဘဲ နှောင်ကြိုးနဲ့အတူ ချိုလိမ် တောင်ကို ပြန်လာနိုင်ပါစေလို့ ကျွန်တော်တို့ ဆုတောင်းပေးခဲ့ပါတယ်။ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

နှောင်ကြိုးနဲ့နွယ်ရှင် ကမ်းမှ ခွာသွားသော ရွာသားတွေရဲ့လှေတို လက်ပြနှုတ်ဆက်လိုက်ကြသည်။

သူတို့လှေလေး ဝေးသွားသောအခါ နွယ်ရှင်က နှောင်ကြိုးဘက် လှည့်ပြီး

"ကဲ နှောင်ကြိုး. . . တစ်နာရီ ပြည့်တော့မယ်။ သူ ပြန်မလာခင် နှောင်ကြိုးနေရမယ့် ဂူကို ကိုယ် လိုက်ပို့ပေးမယ်"

"ဟုတ်. . . အစ်ကို"

* * * * *



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာလေး ဖြူဖပ်ဖြူရော်နဲ့ လေးပင်စွာ လျှောက်လှမ်းလာသော ဘီလူးမချက်ပြိုကို နွယ်ရှင် ကုတင်ပေါ်မှာ လဲလျောင်းရင်း ဟန်မပျက် စောင့်နေလိုက်သည်။

"ဘယ်လို ဖြစ်လာတာလဲ ကြည်ပြာ။ မျက်နှာလည်း မကောင်းပါလား"

နွယ်ရှင်ရဲ့အမေးကို သူ့ဘေးမှာ အသာဝင်ထိုင်ရင် ဖျော့တော့သော အပြုံးဖြင့် ဘီလူးမချက်ပြို တုံ့ပြန်သည်။

"ဘာမှတော့ မဖြစ်ပါဘူး မောင်၊ အားနည်းနေလို့ပါ။ အသားဟင်းကောင်းကောင်း မစားရတာကြာတော့ လူက ချိနေတယ်။ တရားထိုင်တော့လည်း နုံးနေတော့ ကောင်းကောင်း မမှတ်နိုင်ဘူး။ အူမ တောင့်မှ သီလစောင့်မယ်ဆိုတာ ဒါပဲထင်တယ်"

"ဘာလဲ ကြည်ပြာက သားစိမ်းငါးစိမ်းတွေ ပြန်စားချင်နေပြီလား"





"အို. . . မပြောမိပါဘူး မောင်ရယ်။ သားစိမ်းငါးစိမ်း မစားရတာနဲ့ သေတော့ မသေလောက်ပါဘူး။ တကယ်လို့ သေသွားခဲ့မယ်ဆိုရင်တောင် ကောင်း စိတ်ညိုပြင်မှာစိုးလို့ ဘယ်တော့မှ မစားဘူး သိလား"

"အဲဒီလောက်တောင် မောင့်ကို ချစ်သတဲ့လား ဘီလူးမလေးရယ်"

နွယ်ရှင်က ဘီလူးမချက်ပြိုရဲ့ ခေါင်းလေးကို ရင်ခွင်ထဲ ဆွဲသွင်းပြီး အကြင်နာပေးလိုက်၏။

အချစ်ရူးမလေး ဘီလူးမချက်ပြိုက ရင်ခုန်ပျော်ရွှင်စွာ ချစ်ရသူ ရင်ခွင်ထဲ ခိုဝင်မှေးစက်ရင်း အပြုံးပွင့်လေးတွေကို ကမ္ဘာမြေပေါ် ဖြန့်ခင်းလိုက်သည်။

"ပျော်လိုက်တာ မောင်ရယ်. . . မောင့်ရဲ့ အဲဒီအကြင်နာ တစ်ချက်နဲ့တင် အားတွေ ပြန်ပြည့်ပြီး ရင်ခုန်လှိုက်မောရပါတယ် မောင်။ မောင်နဲ့သာ အဲဒီလို အမြဲ ပျော်ရွှင်ကြည်နူးရမယ်ဆိုရင် တစ်သက်လုံး သက်သတ်လွတ် စားဆိုလည်း စားနိုင်ပါတယ်"

"တစ်သက်လုံး စားဖို့တော့ မလိုပါဘူး ကြည်ပြာရယ်။ မနက်ဖြန်တော့ သက်သတ်လွတ်စားရမယ့် ရက်ဆိုတော့ စားလိုက်နော်"

"ဟုတ်ကဲ့ပါ မောင်. . . မောင့်သဘောအတိုင်းပါပဲ"

ကောင်းကင်မှာ ကြယ်ကလေးတွေက လမင်းကြီးဘေးနားမှာ ဒူးထောက်ခစားနေသည့်အချိန် လမင်းကြီးကို တိမ်ညိုတွေ ဖုံးအုပ်လိုက်၍ မှောင်မိုက်သွားလေသည်။

ညမွှေးပန်းလေးတွေ၏ ရနံ့ကလည်း ဇရပ်ထဲမှာ သင်းပျံ့လျှက်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၈)

“ညက တစ်ညလုံး ဂူထဲမှာ တစ်ယောက်တည်း အိပ်ရတော့ မကြောက်ဘူးလား နှောင်ကြိုး”

“ကြောက်တော့ ကြောက်တာပေါ့ အစ်ကိုရယ်။ ဒါပေမဲ့ အစ်ကို ပြောသလို ဂူထဲမှာ မီးမပြတ် မွှေးထားလို့ တော်သေးတာပေါ့။ ဒါပေမဲ့ တစ်ချက် တစ်ချက် ဂူထဲကို ဘီလူးမများ ရောက်လာမလားဆိုပြီးတော့ လည်း ကြက်သီးထ,မိသေးတယ်”

“အဲဒီအတွက်တော့ မစိုးရိမ်ပါနဲ့ နှောင်ကြိုးရယ်။ သူ့ကို ကိုယ် ချုပ်ထားပါတယ်။ သူက အစာရှာချိန်နဲ့ တရားထိုင်ချိန်ကလွဲပြီး ကျန်တဲ့ အချိန် ကိုယ့်အနားမှာချည်းပဲ။ ကိုယ်လိုချင်တာမှန်သမျှ သူ ရအောင် လုပ်ပေးတယ်။ ကိုယ် ပြောရင်လည်း တစ်ခွန်းတည်း။ စိတ်အငြိုအငြင် မခံဘူး။ သူ့အနားက ထွက်မသွားရင် အားလုံး ပြည့်စုံပြီတဲ့”

နှောင်ကြိုး ဘီလူးမချက်ပြီရဲ့ အချစ်ကို လေးစားသွားသည်။





“သူက အစ်ကို့ကို တော်တော်ချစ်တာပဲနော်။ ဘီလူးတန်မဲ့ သာမန်လူမိန်းမတွေထက်တောင် နှလုံးသားနုသေးတယ်။ အင်း. . . ကျွန်မရဲ့ အချစ်တောင် သူ့ကို မှီနိုင်ပါ့မလား”

နှောင်ကြိုးစကားကြောင့် နွယ်ရှင် ကြောင်သွားသည်။

“ဘာ. . . ဘယ်လို ညီမ ဘယ်လိုပြောလိုက်တယ်”

နှောင်ကြိုးက ရှက်ကိုးရှက်ကန်းဟန်နှင့် ခေါင်းလေးငုံ့လိုက်ပြီး

“ဟုတ်ပါတယ် အစ်ကို. . . မိန်းကလေးတန်မဲ့ ရှက်ရှက်နဲ့ ဝန်ခံရတော့မှာပဲ။ အစ်ကို့တယောသံကို နားထောင်လိုက်မိတည်းက အစ်ကို့ အပေါ်ကို ချစ်သွားမိခဲ့တာပါ”

နှောင်ကြိုးရဲ့ ပါးပြင်လေး နှင်းဆီရောင် လွှမ်းနေသလို ဆံနွယ်လေးတွေကလည်း ရှက်ရွံ့စွာ ဝေ့ဝဲကျနေသည်။ မျက်လွှာအချမှာ ကော့ ငင်းနေသည့် မျက်တောင်ကော့လေးတွေကလည်း ပြတင်းတံခါးကို ဟရုံ စေ့ထားသော အချစ်ပြတိုက်က ဝင်ပေါက်ငယ်လေးတစ်ခုလို။ နှုတ်ခမ်း လွှာလေးတွေ တင်းတင်းစေ့ထားပုံက တစ်စုံတစ်ခုကို ရင်ခုန်စွာ မျှော်လင့် စောင့်စားနေသည့် အချစ်ပန်းကြာဝတ်မှုံလေး လိပ်ပြာငယ်ကို တမ်းတ နေသလို။

သူမရဲ့ မျက်နှာ အစိတ်အပိုင်းအားလုံးဟာ ရင်ခုန်သံ တေးသွား တွေကို မညီမညာ က,ခုန်စေတဲ့ ဗီးနပ်ရဲ့ အချစ် ကကြိုးသဏ္ဍာန်။

နွယ်ရှင် တမ်းတမက်မောစွာ သူ့ရှေ့မှာ ရှိနေသည့် နတ်သမီး လေးကို ရင်ခွင်ထဲမှာ ဆွဲ၍ ဖက်ထားလိုက်သည်။

“ကိုယ်လည်း မင်းကို စတွေ့တည်းက သနားဂရုဏာစိတ်မှာ မေတ္တာစိတ်တွေပါ ယိုဖိတ်ခဲ့ရတာပါကွာ။ ဒါကြောင့်လည်း ကျွန်းပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



တယောထိုးတော့ အချစ်စိတ်တွေ နိုးကြားစေတဲ့ နှလုံးသားညို့ယူသံစဉ်ကို ထိုးခဲ့တာပေါ့။ ရည်ရွယ်သူက မင်းတစ်ယောက်တည်းပါပဲ”

နွယ်ရှင်နှင့်နှောင်ကြိုး ဂူထဲမှာ အချစ်ခန်းရိုက်နေသည့်အချိန် ဘီလူးမချက်ပြုကတော့ လင်တော်မောင်အတွက် တောထဲမှာ အစာ ရှာနေဆဲ။

* * * * *



ဘီလူးမချက်ပြု ဇရပ်ပေါ်ကို အစားအသောက်တွေ ကိုင်ဆွဲပြီး တက်လာစဉ် အမွှေးရနံ့တစ်မျိုးကို ရလိုက်သည်။

နွယ်ရှင် ခန္ဓာကိုယ်မှာ ဘာတွေသုတ်လိမ်းနေသည် မသိ။

ထို့ကြောင့် အစားအသောက်တွေကို စားပွဲပေါ်တင်ရင်း သိချင်စိတ်ဖြင့် အနားကပ်ပြီး မေးသည်။

“ဘာတွေ လိမ်းနေတာလဲ မောင်. . . မွှေးနေတာပဲ”

နွယ်ရှင်က သူလိမ်းသည့် ဗူးလေးကို ဆောင်ပြလိုက်ပြီး

“အဲဒါ Lotion လို့ ခေါ်တယ် ကြည်ပြာရဲ့။ ရေချိုးပြီးတိုင်း လိမ်းပေးရတယ်။ အဲဒါဆို တစ်ကိုယ်လုံး မွှေးနေရော။ လူတကာ အနား ကပ်ချင်တာပေါ့။ များသောအားဖြင့် မိန်းကလေးတွေ လိမ်းကြတယ်။ အဲဒါမှ သူတို့အနားကပ်တဲ့ ယောကျ်ားက အနံ့နဲ့တင် မခွာနိုင်ဖြစ်နေ မှာလေ။ ယောကျ်ားလေး လိမ်းလည်း ဒီလိုပဲ”



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးမချက်ပြ Lotion ကို စိတ်ဝင်စားသွားသည်။

"မိန်းကလေးတွေပါ လိမ်းလို့ ရတယ်ဆိုရင် ကြည်ပြာလည်း လိမ်းမယ် မောင်။ ဒါမှ မောင် ကြည်ပြာ့အနားက မခွာနိုင်မှာ။ နေပါဦး အဲဒီ Lotion ဗူး မောင် ဘယ်က ရတာလဲ"

"ဪ. . . ရေထဲက မျှောလာလို့ ကောက်ယူထားလိုက်တာပါ။ အကောင်းစားဗူးလေ။ ဈေးကြီးတယ်။ ကြည်ပြာလိမ်းချင်ရင် ရေအရင် ချိုးလိုက်လေ"

"အင်း. . . ဒါဆိုလည်း ညနေမှ ရေချိုးပြီး လိမ်းပါတော့မယ်။ တဲ. . . မောင် ကြည်ပြာ ယူလာတဲ့ အစားအသောက်တွေ စားလိုက်ပါဦး။ ကြည်ပြာက ဒီနေ့ သက်သတ်လွတ်ဆိုတော့ အသီးအရွက်နဲ့ပဲ စားလိုက်တော့မယ်"

"အင်း. . . ကြည်ပြာကတော့ တကယ့်အိမ်ရှင်မကြီးကျနေတာပဲ။ ကိုယ့်အတွက် ဖွယ်ဖွယ်ရာရာတွေ လုပ်ပေးတဲ့အပြင် ကိုယ့်စကားကိုလည်း တသွေမတိမ်း လိုက်နာတယ်။ ကျေးဇူးတင်ပါတယ်"

ဘီလူးမ ချက်ပြက ပြုံးပြီး နွယ်ရှင် ပခုံးပေါ် ခေါင်းလေးမှီ လိုက်သည်။

"တကယ်လည်း အိမ်ရှင်မပဲလေ မောင်ရဲ့။ ကျေးဇူးတင်ရင် ညနေ ရေချိုးပြီးတဲ့အခါ Lotion ကို မောင်ကိုယ်တိုင် ကြည်ပြာ တစ်ကိုယ်လုံး လိမ်းပေးရမယ်နော်"

"လိမ်းပေးရမှာပေါ့ ကြည်ပြာရဲ့။ မောင်ကိုယ်တိုင် နေရာအနှံ့ လိမ်းပေးမှာ"

ဘီလူးမချက်ပြ ပျော်သွားပါသည်။





အမှန်က နွယ်ရှင် ဂူထဲမှာ နှောင်ကြိုးနှင့် အတူနေခဲ့သည်ကို ဘီလူးမချက်ပြ အနံ့မခံမိစေရန် သုမပေးသော Lotion နှင့် ကာကွယ်ထားခြင်း ဖြစ်သည်။

ဒါကို မသိသော ဘီလူးမကတော့ လိမ်းရတော့မယ်ဆိုပြီး ပျော်နေတာ ဘီလူးရာဇဝင် ရိုင်းလိုက်ပါဘိ။

သမိုင်းအဆက်ဆက် Lotion လိမ်းသော ဘီလူး မတွေ့ဖူးခဲ့။ ဒီဘီလူးမကတော့ မော်ဒန်ပင်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

အခုလောက်ဆို နှောင်ကြိုးရဲ့အမေ နှောင်ကြိုးကို ဖိုးရိမ်နေလောက်ရောပေါ့။ သူ့သမီးလေးကို သူလျှိုလွှတ်လိုက်တာ အခုချိန်ထိ ပြန်မလာသေးဘူးဆိုရင် စိတ်ပူနေမှာပဲနော်"

နှောင်ကြိုးက နွယ်ရှင် ယူလာသော ကြက်ကင်ဝါးနေရင်းမှ

"မပူပါနဲ့ အစ်ကိုရဲ့ညီမ အင်တာနက်ကတဆင့် သဝဏ်လွှာပို့လိုက်ပါပြီ။ သမီးရဲ့ မပိရိမှုကြောင့် ရွာသားတွေ သမီးကို ဖမ်းမိသွားပါပြီ ဒါပေမဲ့ သဘောထားကြီးမားစွာနဲ့ မသတ်ဘဲ အပြစ်တွေ ခွင့်လွှတ်ထားပြီး အပြင် ကောင်းကောင်းမွန်မွန် ထား,ထားပါတယ်လို့ အဲဒီတော့ ဒီချစ်စရာကောင်းတဲ့ ရွာသားတွေနဲ့ပဲ သမီး နေတော့မယ်။ ဒီရွာသူအဖြစ်ခံယူပြီး တစ်သက်လုံး နေသွားမှာမို့ ဒီရွာလေးကို ထပ်ပြီး အန္တရာယ်ပြုဖို့ မကြိုးစားပါနဲ့တော့လို့"

"ဒါဆိုရင် နှောင်ကြိုးက ချိုလိမ်တောင်မှာပဲ အခြေချပြီး အိမ်ထောင်





မြူတော့မှာပေါ့"

"အင်း"

"ပြုရမယ့်လူကော တွေ့ပြီလား"

နွယ်ရှင်ရဲ့ အမေးကြောင့် နှောင်ကြိုး နှုတ်ခမ်းလေးစူပြီး ရန်တွေ့သည်။

"ကိုနော်. . . ရှုချင်ယောင် ဆောင်မနေနဲ့။ နှောင်ကြိုးက ဘယ်လိုဖြေရမှာလဲ"

"အလကား နောက်တာပါ နှောင်ကြိုးရယ်။ ကိုယ်က ချစ်လို့စ,တာပါ"

နွယ်ရှင်က နှောင်ကြိုးရဲ့ မေးစေ့လေးကို ဆွဲကိုင်ပြီး ချော့သည်။

သူတို့ အဲဒီလို ကြည်နူးနေတဲ့အချိန် ဘီလူးမချက်ပြုတစ်ယောက်ကတော့ ဝိပဿနာရှုရင်း မောဟိုက်နေ၏။

ခန္ဓာကိုယ်က အားနည်းနေရတဲ့ကြားထဲ မလှုပ်မယှက် ငြိမ်သက်နေရသဖြင့် ဝင်သက်ထွက်သက်တွေ မှုမမှန်ချင်တော့။

ခေါင်းတွေက မူးနောက်နောက်နှင့် စိတ်ကို စုစည်းလို့ မရနိုင်ဘဲ ဝေဒနာပေါ် သာ အာရုံရောက်နေသည်။ ကာယာနုပဿနာ၊ ဓမ္မာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်လေးပါး တစ်ပါးမှ မရှုနိုင်ဘဲ စိတ်ပင်ပန်းခြင်းကြီးစွာ ဒုက္ခခံနေရ၏။

သို့သော် နွယ်ရှင်ရဲ့ စကားကို လွန်ဆန်ဖို့ ဘီလူးမချက်ပြု မစွမ်းဆောင်နိုင်ခဲ့။

ကြာလာတော့ အားပြတ်ပြီး အိပ်ယာထဲ ဘုန်းဘုန်းလဲလေပြီ။

ထို့ကြောင့် နွယ်ရှင်က တစ်နေ့ တစ်နာရီ တရားထိုင်ရမည်



www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်ကို လျှော့ချပေးပြီး အနားမှာ လူမမာ ပြုစုသလို ပြုစုနေပါသည်။

နွယ်ရှင်ရဲ့ ဂရုစိုက်ထွေးပွေ့မှုများကိုလည်း ဘီလူးမချက်ပြ နေမကောင်းတဲ့ကြားက ပီတိဖြစ်ရ၏။

ဆေးပေးမီးယူဆိုတာ ဒါပဲထင်သည်။

နွယ်ရှင်က သူမရဲ့အခြေအနေကို နေ့စဉ် မေးမြန်းပြီး အဖော်လုပ်ပေးသည်။

"အခုနေ ကျွန်းတစ်ကျွန်းလုံးကို တစ်မိနစ်အတွင်း ပတ်ပြေးမယ်ဆို ပြေးနိုင်လား"

"မောင်ရယ်. . . ကြည်ပြာက အားပြတ်နေတဲ့ဟာ၊ တစ်မိနစ်အတွင်း ပတ်ပြေးဖို့ဆိုတာ အခုနေ မဖြစ်နိုင်တော့ပါဘူး။ ဒါပေမဲ့ သမင်တစ်ကောင်လောက်ကိုတော့ မီအောင် ဖမ်းနိုင်ပါသေးတယ်။ ဘာဖြစ်လို့ မေးတာလဲ"

"သြော်. . . မဟုတ်ပါဘူး။ မေးကြည့်တာပါ။ သမင်တစ်ကောင်ကို မီအောင်ဖမ်းနိုင်တယ်ဆိုတော့ ကြည်ပြာ့ဆီမှာ ခြသေ့်တစ်ကောင်ရဲ့ အားလောက်တော့ ရှိသေးတာပေါ့"

တစ်ရက်ပြီးတစ်ရက် နွယ်ရှင်က ဘီလူးမချက်ပြရဲ့အားကို မေးမြန်းစူးစမ်းနေပါသည်။

"ဒီနေ့ကော သမင်တစ်ကောင်ကို ဖမ်းမယ်ဆို ဖမ်းနိုင်သေးလား ဟန်နီ"

"မဖမ်းနိုင်တော့ပါဘူး မောင်ရယ်. . . ယုန်တစ်ကောင်ပဲ ဖမ်းနိုင်တော့တယ်"

"သြော်. . . ဒါဆို မြွေခွေးတစ်ကောင်ရဲ့ အားလောက်ပဲ





ကျန်တော့တာပေါ့"

ဘီလူးမချက်ပြရဲ့ အခြေအနေက တစ်နေ့ပြီးတစ်နေ့ ဆိုးသထက်ဆိုးလာသည်။

"ကြည်ပြာ. . . အခုနေ ယုန်တစ်ကောင် ဖမ်းမယ်ဆို ဖမ်းနိုင်ရဲ့လား"

"ကြွက်တောင် မဖမ်းနိုင်တော့ပါဘူး မောင်ရယ်။ လမ်းတောင် မလျှောက်ချင်တော့ဘူး။ ကြည်ပြာ့အနားက ဘယ်မှ ထွက်မသွားပါနဲ့နော်"

နွယ်ရှင် မျက်နှာ မသိမသာလေး ဝင်းလက်သွား၏။

ပြီးတော့ ဘီလူးမချက်ပြရဲ့ လက်ကလေးတွေကို ဆုပ်ကိုင်ရင်း

"ဘယ်မှ မသွားပါဘူး ကြည်ပြာရယ်။ ဒါပေမဲ့ ကိုယ့်ကို ၁၅ မိနစ်လောက်ပဲ အချိန်ပေးနော်"

"ဘာလုပ်မလို့လဲ မောင်"

"ကြည်ပြာက အားမှမရှိတာ။ အဲဒီတော့ တောထဲသွားပြီး ဆိတ်နို့ညှစ်ခဲ့မယ်။ ဆိတ်နို့သောက်ပြီး အိပ်လိုက်နော်"

"ဆိတ်နို့သောက်မှ အားရှိတာ မဟုတ်ပါဘူး မောင်။ မောင့်မျက်နှာလေး မြင်နေရရင် ကြည်ပြာ အလိုလို အားရှိပြီးသားပါ။ မောင့်ကို အရမ်းချစ်တယ် မောင်"

"ချစ်ရင် ကိုယ့်စကား နားထောင်ရမယ်လေ။ ၁၅ မိနစ် လောက်ပဲစောင့်။ ဆိတ်နို့ညှစ်ပြီး ပြန်လာခဲ့မယ်။ ဟုတ်ပြီလား"

"ဒါဆိုလည်း မောင့်သဘောပါပဲကွယ်. . . မြန်မြန် ပြန်လာနော်"

နွယ်ရှင်က အားရဝမ်းသာ ပြုံးလိုက်ပြီး

"ပြန်လာခဲ့ပါ့မယ်. . . ဘယ်မှမသွားဘဲ အိပ်ယာပေါ်မှာ အနား



www.burmeseclassic.com

www.burmeseclassic.com



ယူရင်း စောင့်နေနော်”

“ဟုတ်ကဲ့ပါ မောင်”

နွယ်ရှင် ထွက်သွားသောအခါ ဘီလူးမချက်ပြုံ ပီတိတွေ ဖြာရင်း ကျန်ခဲ့သည်။

“ဩော်. . . မောင်က ငါ့ကို သိပ်ချစ်တာပဲ။ အင်းပေါ့လေ။ မေတ္တာဆိုတာ ရောင်ပြန်ဟပ်တယ်ဆိုတာ ဒါပဲနေမှာပေါ့။ ငါက မောင့်ကို သိပ်ချစ်တာကိုး။ မောင်နဲ့သာ မတွေ့ခဲ့ဘူးဆိုရင် ငါ့ဘဝကြီးက ဒီလိုပဲ ကုန်ဆုံးသွားတော့မှာ။ မောင်နဲ့တွေ့မှ ဘဝရဲ့ အဓိပ္ပာယ်ကို သိလာတယ်။ အသက်ရှင်နေထိုင်ခြင်းရဲ့ ပျော်ရွှင်မှုကို တွေ့လာတယ်။ မောင်ဟာ ငါ့အတွက်တော့ ဘုရားပေးတဲ့ ဆုပါပဲ”

အဲဒီအချိန်မှာ နွယ်ရှင် နှောင်ကြိုးရှိတဲ့ဂူကို သွားပြီး ပြေးခေါ်သည်။

“အချိန်ကျပြီ နှောင်ကြိုးရေ. . . ကိုယ်တို့ ဒီကျွန်းပေါ်က ထွက်ပြေးကြမယ်။ ဘီလူးမချက်ပြုံ အားပြတ်ပြီး အိပ်ရာထဲ လဲနေပြီ။ သူ လိုက်မလာနိုင်တော့ဘူး”

နှောင်ကြိုး အရမ်းပျော်သွားသည်။ မျှော်လင့်စောင့်စားနေသည့် အချိန်ရောက်ပြီမို့ ဘီလူးမရန်က လွတ်ပြီဆိုပြီး နွယ်ရှင်နှင့်အတူ သင်္ဘောဝှက်ထားရာ ကျောက်ဆောင်တွေကြားထဲ ပြေးသွားကြသည်။

ထို့နောက် သင်္ဘောကို ကမ်းမှခွာပြီး ချိုလိမ်တောင်ကျွန်းဆီသို့ ဦးတည်လိုက်ကြ၏။

* * * * *



“မောင်တစ်ယောက်ကလည်း ကြာလိုက်တာ ပြောတော့ ၁၅ မိနစ်လောက်ပဲ ဆိုပြီး”

နွယ်ရှင် တော်တော်နှင့် ပေါ်မလာသောအခါ ဘီလူးမချက်ပြုံ ရင်ပူနေပြီ။

တဖြည်းဖြည်း မှောင်ရိပ်ပျိုးလာသောအခါ မျှော်တော်ဇောနှင့် မောရပြီ။

“မဖြစ်ဘူး. . . မဖြစ်ဘူး။ တောထဲမှာ ဒုက္ခတစ်ခုခုများ တွေ့နေပြီလား. . . ငါ သွားရှာမှ ဖြစ်မယ်”

ဘီလူးမချက်ပြုံ အိပ်ရာမှ လူးလဲထပြီး တောအနှံ့ တောင်အနှံ့ ရှာဖွေလေသည်။

မိုးစုန်းစုန်းချုပ်သွားမှ ခြုံနွယ်ပိတ်ပေါင်းတွေကြားထဲက ဂူလေးတစ်ခုရဲ့ အဝမှာ ခြေရာတွေကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြေရာက နှစ်စုံ၊ တစ်စုံက သူ အလွတ်ရနေသော နွယ်ရှင်ရဲ့ ခြေရာ၊ နောက်တစ်ခုက. . .

ဘီလူးမချက်ပြု ရင်ထဲ ထိတ်ခနဲ ဖြစ်သွားပြီး ဂူထဲကို ဝင်ရောက် ရှာဖွေရာ လူနေသွားသည့်ပုံသဏ္ဌာန်။ စားကြွင်းစားကျန်များနှင့် အမျိုးသမီးသုံး ခေါင်းစည်းကြိုးတစ်ခုကို တွေ့လိုက်ရသည်။

“ဒါ ဘာသဘောလဲ၊ ဘာသဘောလဲ”

မိန်းကလေးခြေရာတွေ တွေ့ကတည်းက ဘီလူးမချက်ပြု ရင်ထဲ စိုးထင့်နေခဲ့ရာ ဂူထဲဝင်ရောက် ရှာဖွေတော့မှ ပို၍ သေချာသွားလေပြီ။

နွယ်ရှင် အမျိုးသမီးတစ်ဦးနှင့်အတူ ဒီဂူထဲမှာ ပုန်းအောင်းပြီး တွေ့ဆုံခဲ့လေသည်၊

ရည်းစားလူလု အူနုကျွဲခတ်ဆိုသလို ဘယ်ဘက်နှလုံးသားမှာ စူးခနဲ နေအောင် ခံစားရပြီး ဂူဝမှ ခြေရာတွေ အတိုင်းလိုက်သွားရာ ပင်လယ်တမ်းစပ် ကျောက်ဆောင်တွေကြားမှာ ခြေရာဆုံးသွားလေ၏။

သေချာပြီ။ နွယ်ရှင် အဲဒီမိန်းမနှင့်အတူ ထွက်ပြေးပြီ။

ဘီလူးမချက်ပြု ရင်ကွဲပက်လက်နှင့် တောင်စောင့်နတ်မင်းကြီးကို တိုင်တည်လိုက်သည်။

“ကယ်ပါဦး. . . တောင်စောင့်နတ်မင်းကြီး. . . သူ သူ မရှိတော့ဘူး။ မိန်းမတစ်ယောက်နဲ့ ထွက်ပြေးသွားပြီ. . . ဟင့် ဟင့်”

သောင်ပြင်ပေါ်မှာ ဝမ်းလျားထိုးမှောက်ပြီး မပွရာမြေလူးသလို အော်ဟစ်ငိုယိုနေသည့် ဘီလူးမချက်ပြုကို တောင်စောင့်နတ်မင်းကြီးက သနားဂရုဏာသက်စွာ ကိုယ်ထင်ပြလိုက်သည်။

“အင်း. . . တစ်နေ့ ဒီလိုပဲ ဖြစ်လိမ့်မယ်ဆိုတာ ဘဘ သိနေတယ်





သမီးတော်။ သမီးတော်က သိပ်အစွဲအလမ်းကြီးတာကိုး။ လူသားနဲ့ ဘီလူးဆိုတာ ဘယ်လိုမှ မအပ်စပ်တာမို့ သူ သမီးရင်ခွင်ကို စွန့်ခွာသွားပြီ. . . တရားနဲ့ဖြေပါ ချစ်သမီး”

သူမ နှုတ်ခမ်းကို ကိုက်ပြီး ခေါင်းကို ခါယမ်းသည်။ မျက်ရည်တွေက ပါးနှစ်ဖက်မှာ ရွဲလို့။

“မဖြစ်ရဘူး. . . အဲဒီလို မဖြစ်ရဘူး။ သူ့ကို ချစ်လွန်းလို့ အစစ အရာရာ ဖြည့်ဆည်းပေးခဲ့တာ။ ဘာလို့ သမီးရဲ့ရင်ခွင်ကို စွန့်ခွာပြေးရတာလဲ။ သမီးတော် မခံစားနိုင်ဘူး။ နှလုံးခုန်သံတွေ အရမ်းပြင်းထန်နေတယ်။ ကယ်ပါဦး ဘဘ”

တောင်စောင့်နတ်မင်း ခေါင်းကို ခါယမ်းလိုက်သည်။

“ဒီကိစ္စ ဘဘ မကယ်နိုင်ဘူး သမီးတော်။ လောကမှာရှိတဲ့ ချစ်ခင်စုံမက်ဖွယ် အရာဟူသမျှဟာ နောက်ဆုံးတစ်နေ့မှာ မုချကွေကွင်းရမှာပဲလို့ ဘုရားရှင် ဟောခဲ့ပြီးပါပြီ။ အဲဒီတော့ သက်ရှိပဲ ဖြစ်စေ၊ သက်မဲ့ပဲ ဖြစ်စေ အစွဲအလမ်းမထားရင် ငြိမ်းချမ်းပါတယ် သမီးတော်။ ဘဘ ဒါပဲ ပြောနိုင်ပါတယ်”

“ဒီအချိန်မှာ သမီးတော်ကို တရားချလို့လည်း သမီးတော် တရားမကျပါဘူး ဘဘ။ စိတ်ထဲမှာ သောကပရိဒေဝမီးတွေ တဟုန်းဟုန်းတောက်နေတာပဲ သိပါတယ်။ ကိုယ် အမြတ်နိုးဆုံးအရာကို ဆုံးရှုံးလိုက်ရလို့ ရင်ထဲမှာ ဟာလာဟင်းလင်း ဖြစ်ပြီး ဘယ်လိုမှ နေလို့ထိုင်လို့ မရပါဘူး။ ဘဘ မတတ်နိုင်ဘူးဆိုရင် သမီးတော် ပင်လယ်ပြင်ကို လိုက်ဝင်ပြီး ရေအဆုံးမြေအဆုံး လိုက်ရပါတော့မယ်”

“ဒုက္ခမရှာပါနဲ့ သမီးတော်။ ဒီကျွန်းပေါ်မှာ ကြိုက်သလို မြူး



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားနိုင်ပေမယ့် ရေပိုင်နက်ကို ကျူးကျော်ရင် ပင်လယ်စောင့်နတ် ဒဏ်ခတ်လိမ့်မယ်”

ဘီလူးမချက်ပြ မျက်ရည်တွေကို သုတ်၍ ကုန်းရုန်းထ,လိုက်သည်။

“ဒီအချိန်မှာ သမီးတော် ဘာကိုမှ မမြင်တော့ပါဘူး။ ဖြစ်ချင်ရာ ဖြစ်၊ သူမရှိတဲ့ဘဝဟာ ရှင်လျက်နဲ့ သေသလို ဒုက္ခခံစားနေရတာမို့လို့ သမီးတော် အသက်နဲ့ခန္ဓာကို စွန့်ပြီး လိုက်ရပါတော့မယ်”

တောင်စောင့်နတ်မင်းကတော့ လက်လျှော့သွားလေပြီ။ စိတ် မသက်မသာ ခေါင်းကို ခါယမ်းလိုက်၏။

“အင်း. . . သမီးတော်ကတော့ အချစ်ရာဇဝင်တွင်မယ့် ဘီလူးမ ပေပဲ၊ ဒီအချိန်မှာ ဘာဘလည်း မတားနိုင်တော့ပါဘူး။ တစ်ခုတော့ ဘာသ မှာလိုက်ပါရစေ။ သမီးတော် သူ့အသက်ကို ထပ်မသတ်မိပါစေနဲ့”

တောင်စောင့်နတ်က သတိပေးစကားပြောကြားပြီး ပျောက်ကွယ် သွားလေပြီ။

ဘီလူးမချက်ပြ ပင်လယ်ကမ်းစပ်ကို ဒယီးဒယိုင် လျှောက်သွားပြီး မူလရုပ်သွင် ပြန်ဖန်ဆင်းလိုက်၏။

“တွေ့ကြပြီပေါ့ဟယ်။ ငါ့ရင်ဘတ်ထဲက နှလုံးသားကို ဆွဲထုတ်ပြီး ငါနဲ့ ဝေးရာကို ခေါ်ထုတ်သွားတဲ့ဟာမ။ နင့်ကို ရေဆုံးမြေဆုံးလိုက်ပြီး ငါ့အသည်းလေးကို ငါ ပြန်ခေါ်ရမယ်”

ဘီလူးမချက်ပြ ကြိမ်းဝါးပြီး ပင်လယ်ထဲကို ငုပ်လျှိုးသွားလေသည်။

လမင်းကြီးက ကောင်းကင်မှာ ထိန်ထိန်သာလျက်။

“သယ်. . . ငါ့ရေပိုင်နက်ကို ကျူးကျော်တဲ့ ဘီလူးမချက်ပြ သင့် နှလုံးသားကို ခုကစပြီး ချုပ်ကိုင်ထားလိုက်မယ်။ သေပေရော့”





ပင်လယ်စောင့်နတ်၏ ကြိမ်းဝါးသံက ပင်လယ်ပြင်တို့ လှိုင်း ကြက်ခွပ်လေးများပင် ထ,သွားစေ၏။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

(၂၀)

သင်္ဘောဦးပိုင်းမှာ နွယ်ရှင်က ပဲ့ကိုင်လုပ်ပြီး နှောင်ကြိုးက နွယ်ရှင်ရဲ့ ပခုံးလေးကို ခေါင်းမှီ၍ လိုက်ပါလာသည်။

ရင်ထဲက အမောတွေ ခုမှပဲ ပြေသွားပြီမို့ နှောင်ကြိုးလည်း ကြည်နူး နေမိသည်။

"နောက်ထပ် သုံးနာရီလောက် မောင်းပြီးရင် ချိုလိမ်တောင်ကို ရောက်ပြီနော်။ အဲဒီအခါကျရင်တော့ နှောင်ကြိုးတို့တတွေ တစ်သက်လုံး အေးအေးချမ်းချမ်း နေသွားလို့ရပြီ။ မပျော်ဘူးလား အစ်ကို"

"ဘယ်လိုပြောလိုက်တာလဲ နှောင်ကြိုးရယ်. . . ပျော်တာပေါ့ သိပ်မကြာခင် အရုဏ်ဦးနေရောင်ခြည် ထွက်တော့မယ်။ ကျွန်းပေါ်မှာ ကိုယ်တို့ကို စောင့်ကြိုနေမယ့် ချိုလိမ်လူမျိုးတွေရဲ့ မျက်နှာကို မြင်ယောင်ပြီး ကြည်နူးတယ်။ အခုမှပဲ လွတ်လွတ်လပ်လပ် အသက်ရှူဝတော့တယ်"

"ဘီလူးမချက်ပြ ဒီအထိတော့ လိုက်မလာနိုင်ပါဘူးနော် ကို"





"သိပ်လည်း မကြောက်ပါနဲ့ နှောင်ကြိုးရယ်။ ဘယ်နေရာမဆို လူစည်း ဘီလူးစည်း ရှိပါတယ်။ သူ လိုက်လာနိုင်တယ်ထားဦး၊ လောကမှာ ရှိတဲ့ သမာဒေဝနတ်ကောင်းနတ်မြတ်တွေက ဒီအတိုင်း ကြည့်မနေပါဘူး"

"အင်းလေ. . . ဒါဆိုလည်း စိတ်အေးရပါပြီ။ နောက်တစ်ခါတော့ အဲဒီကျွန်းပေါ်ကို ယောင်လို့တောင် ခြေမချတော့ဘူး။ မီးမီး ကြောက် ကြောက်"

"ကိုယ်လည်း အဲဒီဘက် ခြေဦးတောင် မလှည့်ဘူး။ သားသား ကြောက်ကြောက်"

"ဟင်း. . . ဟင်း. . . ဟင်း"

"ဟား. . . ဟား. . . ဟား"

သူတို့နှစ်ယောက် ပျော်ရွှင်မြူးထူးစွာ ကျီစယ်နေကြချိန်တွင် ဘီလူးမချက်ပြကတော့ ဖအော်ရာရဲ့နှလုံးသားဖြင့် ပင်လယ်ပြင်မှာ မောကြီး ဝန်းကြီး ကူးခတ်နေဆဲ။

ချစ်သူကို ဆုံးရှုံးရမှာ ကြောက်သည့်စိတ်တစ်ခုတည်းဖြင့် ပင်လယ်စောင့်နတ်မင်း နှလုံးသားကို ချုပ်ကိုင်ထားသည့်ကြားမှ ဇွဲမလျှော့ဘဲ ရအောင်လိုက်နေ၏။

တဖြည်းဖြည်းနှင့် နေမင်းကြီးတောင် တောင်တန်းတွေကြားမှ ထွက်ပြူစပြုလာသည်။

နွယ်ရှင်တို့ သင်္ဘောလေး ချိုလိမ်ကျွန်းနှင့် နီးလာသောအခါ ကျွန်းပေါ်မှ ရွာသားတွေ မှန်ဘီလူးနှင့် ကြည့်ရင်း စောင့်မျှော်နေ၏။

ဘီလူးမချက်ပြကလည်း နောက်မှ ထပ်ချပ်မကွာ။

ဒီလိုနှင့် ပင်လယ်ကမ်းစပ်ကို သင်္ဘောဦးလေး ထိုးလိုက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ ချိုလိမ်ရွာသားတွေ ပျော်ရွှင်မြူးထူးစွာ ထ,အော်သည်။

"ဟေး"

"ဆရာနွယ်ရှင်နဲ့ နှောင်ကြိုး ဘေးမသီရန်မခဘဲ တို့ဆီကို ပြန်လာပြီဟေ့"

"ကြိုဆိုပါတယ်"

နွယ်ရှင် နှောင်ကြိုးလက်ကို တွဲပြီး သင်္ဘောပေါ်မှ ဆင်းလာသောအခါ ရွာလူကြီးအပါအဝင် အားလုံးက ဝမ်းပန်းတသာ ပြေးဖက်ကြသည်။

"နင် ငါတို့ဆီကို မနက်အရုဏ်တက်လောက် ရောက်မယ်လို့ message ပို့လိုက်ကတည်းက အားလုံး တစ်ညလုံး မအိပ်ဘဲ စောင့်နေတာ။ အခုတော့ မျှော်ရကျိုးနပ်ပြီ။ ဟိုမှာ နေရတာ အဆင်ပြေရဲ့လား"

ရွာသားတွေရဲ့ အမေးကြောင့် နှောင်ကြိုးက နွယ်ရှင်မျက်နှာလေးကို မော့ကြည့်ပြီး ရယ်ပြသည်။ နွယ်ရှင်က ပြုံးလိုက်ပြီး

"ပြေပါတယ်. . . ဟိုမှာ နေဖို့စားဖို့ မပူရဘူး။ ဒီကျွန်းက အလုပ်မလုပ်ချင်တဲ့လူတွေရှိရင် အဲဒီမှာ သွားနေလို့ရတယ်။ နေစရိတ်၊ စားစရိတ်ငြိမ်း ဘီလူးမချက်ပြို ကျွေးထားလိမ့်မယ်"

နွယ်ရှင်ရဲ့အပြောကြောင့် တချို့က ဟာခနဲ ဖြစ်သွားပြီး နောက်တွန့်သွားစဉ် ကျန်တဲ့သူတွေအားလုံးက တသောသောရယ်ကြသည်။

"ဟား. . . ဟား. . . ဟား. . . ဟား"

အဲဒီအချိန်မှာ မမျှော်လင့်ဘဲ ရေထဲမှာ ဘွားခနဲ ပေါ်လာသော မြင်ကွင်းတစ်ခုကြောင့် လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်၏။

"ဟဲ. . . ဟိုမှာ ဟိုမှာ"





"ဘီလူး. . . ဘီလူးမ"

အားလုံး လန့်ဖျပ်ပြီး ထွက်ပြေးကုန်သဖြင့် နွယ်ရှင်နှင့် နှောင်ကြိုးနောက်ကို လှည့်ကြည့်လိုက်ရာ ကမ်းစပ်ကို ရေစက်လက်ဖြင့် တက်လာသော တောင်လောက်နီးနီး ခန္ဓာကိုယ်နှင့် ဘီလူးမချက်ပြို။

တစ်ရွာလုံး အုတ်အော်သောင်းနင်းဖြစ်ပြီး သူ့ထက်ငါ အလုအယက် ထွက်ပြေးကြရာ ကမ်းစပ်မှာ နွယ်ရှင်နှင့်နှောင်ကြိုး နှစ်ယောက်ပဲ ကျန်ခဲ့သည်။

ဘီလူးမချက်ပြိုက ကမ်းစပ်မှာ ရပ်ထားသော နွယ်ရှင်တို့ စီးလာသည့် သင်္ဘောကို နင်းချေဖျက်ဆီးလိုက်၏။

နွယ်ရှင် တဆတ်ဆတ်တုန်အောင် ကြောက်နေသော နှောင်ကြိုးရဲ့ ခန္ဓာကိုယ်လေးကို ရှေ့မှ ပိတ်၍ အကာအကွယ်ပြုထားလိုက်သည်။

"ဩော်. . . နင်တို့က သိပ်ချစ်နေကြတယ်ပေါ့ ဟုတ်လား။ သစ္စာမရှိတဲ့ဟာတွေ"

သူမရဲ့ အသံဩဩကြီးက တစ်ရွာလုံး ကြားရမလောက် ဟိန်းထွက်နေသောအခါ နှောင်ကြိုးကြောက်ပြီး နွယ်ရှင်ရဲ့ခါးကို အသေဖက်ထားသည်။

"ဘီလူးမချက်ပြို မင်း ဒီအထိတောင် လိုက်လာနိုင်တယ်။ ငါ မင်းကို လျှော့တွက်မိတာ သိပ်မှားသွားပြီ"

နွယ်ရှင့်ရဲ့ အပြောကြောင့် ဘီလူးမချက်ပြို လက်ကာပြပြီး

"အို. . . ဒီလို မပြောပါနဲ့ မောင်ရယ်. . . ကြည်ပြာ မောင့်နောက်ကို ချစ်တဲ့စိတ် တစ်ခုတည်းနဲ့ အားတင်းပြီး လိုက်လာခဲ့တာပါ။ ဒွမ်းအားကြီးလွန်းလို့ မဟုတ်ပါဘူး။ ခုဆို ကြည်ပြာရဲ့ နှလုံးသားထဲ



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်စောင့်နတ် ချုပ်ကိုင်ထားလို့ ရင်ထဲမှာ တလှပ်လှပ် ဖြစ်နေပြီ မောင်. . . မောင်နဲ့ မခွဲနိုင်လို့ ရေပိုင်နက်ကို တျူးကျော်ခဲ့မိပြီ. . . ပြန်လိုက်ခဲ့ပါ မောင်ရယ်"

"မဖြစ်ဘူး. . . လိုက်လို့မဖြစ်ဘူး. . . မင်းက ဘီလူး။ ငါက လူမျိုးမတူ ဇာတ်ခြားနဲ့ တစ်သက်လုံး နေသွားဖို့ မဖြစ်နိုင်ဘူး. . . မင်း ပြန်ပါတော့"

"မောင်မပါဘဲတော့ ကြည်ပြာ မပြန်နိုင်ဘူး မောင်။ မောင် ပြန်မလိုက်ဘူးဆိုရင် မောင့်နောက်မှာ ပုန်းနေတဲ့ ဟိုမိန်းမကို ကြည်ပြာ ဝါးစားပစ်လိုက်မယ်"

ဘီလူးမချက်ပြိစကားကြောင့် နှောင်ကြိုး မျက်လုံး ပြူးသွားသည်။

"မင်း မဆိုင်တဲ့သူတွေကို ဒုက္ခမပေးပါနဲ့။ သူ့ကို ထိမယ်ဆိုရင် ငါ့ကို အရင်သတ်မှ ရမယ်"

"ရက်စက်လိုက်တာ မောင်ရယ်. . . တပါးသူအတွက်နဲ့ ကိုယ့်အသက်တောင် မငဲ့ကွက်တော့ဘူးလား၊ မောင့်ကို အသက်ပေးပြီး ချစ်တဲ့သူက ဟောဒီက ဘီလူးမကြည်ပြာပါ မောင်။ မောင့်အတွက်ဆို ပင်လယ်ကြီးတစ်ခုလုံးကိုတောင် ပြာချပစ်ဖို့ ဝန်မလေးပါဘူး။ ဟိုမိန်းမက ဘာတွေများ စွမ်းနေလို့လဲ"

"အေး. . . ဘာမှ မစွမ်းလို့ ချစ်ခဲ့တာကွ။ သူက လူသားအစစ် မင်းက ဘီလူး ငါ မင်းနဲ့ နေရတာ ကျောချမ်းတယ်"

"အဲဒီလိုတော့ မပြောပါနဲ့ မောင်ရယ်. . . မောင့်ကို ကြည်ပြာ ဘယ်တုန်းက လေသံမာမာနဲ့တောင် ပြောဖူးလို့လဲ။ မောင့်မျက်နှာ တစ်ချက်ညိုမှာစိုးလို့ အရိပ်တကြည့်ကြည့်နဲ့ ဂရုစိုက်ခဲ့တာတွေ မေ့သွား





ပြီလား မောင်ရယ်"

"ငါ မင်းကို ကျေးဇူးတင်ပါတယ် ဆိုတဲ့ စကားကလွဲပြီး ဘာမှ နှစ်သိမ့်မှု မပေးနိုင်တော့ဘူး။ ခွင့်လွှတ်ပါ. . . မင်း ပြန်ပါတော့"

ဘီလူးမချက်ပြိ သူ့ရဲ့ ဦးခေါင်းကြီးကို တွင်တွင်ခါယမ်းလိုက်သည်။

"မပြန်နိုင်ဘူး မောင်. . . မောင်မပါဘဲ ဘယ်ကိုမှ မသွားနိုင်ဘူး။ မောင်မလာရင် ကြည်ပြာ လာခဲ့မယ်"

ခေါင်းကြောမာသည့် ဘီလူးမချက်ပြိက ပြောပြီး နွယ်ရှင်တို့ရှိရာတို့ တစ်လှမ်းချင်း လှမ်းလာရာ ကြောက်ကြောက်လန့်လန့်နှင့် နှစ်ယောက်သား ထွက်ပြေးကြသည်။

အဲဒီအချိန်မှာ ဘုန်းတော်ကြီးတစ်ပါး ရောက်လာပြီး နွယ်ရှင်တို့ကို တားလိုက်၏။

"ဒကာလေး ဒီလို ပြေးနေလို့တော့ ဘာမှ အကျိုးသက်ရောက်မှု ရှိမှာ မဟုတ်ဘူး။ သူ ရွာထဲ ဝင်လာရင် အမျိုးသမီးနဲ့ ကလေးတွေအားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်"

"ဒါဆို တပည့်တော် ဘာဆက်လုပ်ရမလဲ ဘုရား"

ဘုန်းတော်ကြီးက နွယ်ရှင်ရဲ့ လက်ထဲကို တယောတစ်လက် ထည့်ပေးလိုက်၏။

"ဒါ ဒကာလေးရဲ့ တယောပါ။ ဒကာလေးမရှိတဲ့ နောက်ပိုင်း ဘုန်းကြီးပဲ ထိန်းသိမ်းထားခဲ့တာ။ အခု ဒကာလေးလည်း ရောက်လာပြီ ဆိုတော့ ပိုင်ရှင်လက်ထဲ ပြန်အပ်ပါတယ်။ တယောနဲ့ စ,ခဲ့တဲ့ ဇာတ်လမ်းကို တယောနဲ့ပဲ အဆုံးသတ်ပါ ဒကာလေး"

နွယ်ရှင် သဘောပေါက်ပြီး ခေါင်းညိတ်၍ ဘုန်းတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ပေးသော သွှတယောကို ပြန်ယူလိုက်သည်။

ထို့နောက် နှောင်ကြိုးကို ကြည့်ပြီး

"နှောင်ကြိုး. . . ဒီဆရာတော်နဲ့အတူ ဘေးလွတ်ရာကို သွားပြီး ပုန်းနေပါ. . . ကိုယ် ပြန်လာခဲ့မယ်"

နှောင်ကြိုးက နွယ်ရှင်ကို သိပ်စိတ်မချ။

"ကို. . . သတိထားနော်"

နွယ်ရှင် ခေါင်းညိတ်ပြီး နှောင်ကြိုးရဲ့နဖူးလေးကို ဖွဖွ နမ်းလိုက်၏။ ဆရာတော်ကတော့ ကြည့်ရန်မသင့်တော်သဖြင့် မျက်နှာလွှဲထားသည်။ ထို့နောက်. . .

* * * * *



♫ . . . ♫ . . . ♫ . . . ♫ . . .

နွယ်ရှင်ရဲ့ တယောသံကို နားဆင်ပြီး ဘီလူးမချက်ပြ စိတ်နှလုံး မသာမယာ ဖြစ်နေသည်။

အင်မတန်မှ ကြေကွဲလွမ်းမောဖွယ်ကောင်းသော သံစဉ်ကြောင့် ရင်ဘတ်ကိုဖိပြီး မောဟိုက်နေ၏။

သံစဉ်လေးတွေသာ စကားပြောတတ်မယ်ဆိုလျှင် "ကိုယ်နဲ့ မင်းဟာ ဘယ်လိုမှ ရှေ့ဆက်ဖို့ မဖြစ်နိုင်လို့ မင်း ကိုယ့်အနားက ထွက် သွားပါတော့။ ကိုယ့်ကို ချစ်တဲ့စိတ်တွေကို ပင်လယ်ထဲမှာ မျှောပြီး အရင်က မင်းဘေးနားမှာ ရှိခဲ့တဲ့ လူတစ်ယောက်ကို မေ့လိုက်ပါ။ နောင် ဘဝဆိုတာ ရှိခဲ့မယ်ဆိုရင် ဆုံစည်းချင်ပါသေးတယ်။ ဒါပေမဲ့ ဒီဘဝမှာတော့ ဒီမျှပါပဲ" ဟု ဆိုနေသလို။

ဘီလူးမချက်ပြ ဘယ်ဘက်ရင်အုံရှိ နှလုံးသားကို လက်တစ်ဖက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖိပြီး ကျန်လက်တစ်ဖက်က နွယ်ရှင်ကို တားဆီး၍ တောင်းပန်သည်။

"မောင်ရယ်. . . အဲဒီတီးလုံး မထိုးပါနဲ့။ ကြည်ပြာ မခံစားနိုင်လို့ပါ။ မောင့်ကို ကြည်ပြာ မထားခဲ့နိုင်ဘူး"

နွယ်ရှင်က ဘာမှမပြောဘဲ တယောဆက်ထိုးနေသည်။

♬ . . . ♬ . . . ♬ . . . ♬ . . .

ဘီလူးမချက်ပြ နားနှစ်ဖက်ကို လက်နှင့် ပိတ်ထားလိုက်သော်လည်း နှလုံးသားမှ တဆစ်ဆစ် နာကျင်လာသဖြင့် ရင်ဘတ်ကို ဖိပြီး တမ်းစပ်မှာ ဒူးထောက်ထိုင်ချလိုက်သည်။

"တော်ပါတော့ မောင်ရယ်. . . ရင်ထဲမှာ မောပြီး နာကျင်နေပြီ။ ကြည်ပြာ့တစ်ကိုယ်လုံး အားအင်တွေ ကုန်ခမ်းသွားအောင် မောင့်တီးလုံးသံက အရမ်းကြေကွဲစရာကောင်းတယ်။ ဆက်မထိုးပါနဲ့တော့နော်"

နွယ်ရှင်က ပြောလို့မရ။ တယောကိုသာ သံစဉ်ဆုံးအောင် ဆက်ထိုး၏။

ပင်လယ်စောင့်နတ် ချုပ်ကိုင်ထားသော နှလုံးသားက နွယ်ရှင်ရဲ့ တယောသံကြောင့် မခံမရပ်နိုင်အောင် နာကျင်လာသည်။

"ရက်စက်လိုက်တာ မောင်ရယ်. . . မောင့်တီးလုံးသံကို နားထောင်ပြီး ကြည်ပြာ အသည်းကွဲတော့မယ်. . . မောင့်ကို ဆုံးရှုံးရတော့မယ်ဆိုတဲ့ အသိက ပင်လယ်စောင့်နတ် ချုပ်ကိုင်ခံရတာထက် နာကျင်တယ် မောင်. . . အ"

နောက်ဆုံးတော့ ဘီလူးမချက်ပြ အသည်းကွဲဝေဒနာကြောင့် နှလုံးမှ ခန္ဓာကိုယ်အနှံ့ ဖြာစီးသော သွေးကြောတွေ ရပ်ဆိုင်းသွားပြီး ရင်ကွဲနာကျကာ သောင်ပြင်ပေါ် ခွေကျသွားလေပြီ။





အဲဒီအချိန်မှာ ကြီးမားသော လေပွေကြီးတစ်ခု ရောက်လာပြီး ဘီလူးမချက်ပြရဲ့ ခန္ဓာကိုယ်ကို ပင်လယ်ထဲ ဆွဲချ၍ နစ်မြုပ်ပစ်လိုက်၏။

နွယ်ရှင်ရဲ့ တယောသံလည်း ရပ်သွားလေပြီ။

ရွာသူရွာသားတွေ အားလုံး ရောက်လာချိန်မှာတော့ ပင်လယ်ပြင်ကြီးကို ငေးကြည့်ပြီး မတ်တတ်ရပ်နေသော နွယ်ရှင်တစ်ယောက်ကိုသာ တွေ့လိုက်ရသည်။

သူ့ပုံစံက ကြေကွဲဝမ်းနည်းနေပုံ

အားလုံးကလည်း နွယ်ရှင့်မျက်နှာကိုကြည့်ပြီး မပျော်ရက်ကြ။

ဘီလူးမချက်ပြရဲ့ ဇာတ်လမ်းကတော့ နိဂုံးချုပ်သွားလေပြီ။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

(၂၁)

“တကယ်ပြောနေတာလား အစ်ကို။ မရှိတော့တဲ့ သူတစ်ယောက် အတွက် ကျန်ခဲ့တဲ့ လူနှစ်ယောက်က ရင်ထဲက ခံစားချက်တွေကို စတေးပြီး သစ္စာရှိပြရမှာလား။ မိုက်ရူးရဲဆန်ရာ ကျမနေဘူးလား အစ်ကိုရယ်”

နှောင်ကြိုးရဲ့ ဝမ်းနည်းသံစွက်နေသည့် မေးခွန်းကို နွယ်ရှင် လေးနက်စွာ ခေါင်းခါ၏။

“မကျပါဘူး နှောင်ကြိုး။ လောကမှာ လူသေပေမယ့် နာမည် မသေတဲ့သူတွေ ရှိတယ်။ အဲဒီသူတွေဟာ အသက်ရှင်စဉ်က သူတို့ ပေးဆပ်ခဲ့တဲ့အရာတွေအတွက် ဂုဏ်ပြုခံကြရတာ။ ဘီလူးမချက်ပြီဟာ လည်း ဘယ်တော့မှ နာမည်သေမှာမဟုတ်ဘူး။ အချစ်ကြီးသူတို့ရဲ့ သမိုင်းမှာ ဘီလူးမချက်ပြီကိုလည်း တစ်ထောင့်တစ်နေရာက ဂုဏ်ပြု သင့်တယ် မဟုတ်လား။ အဲဒီတော့ သူ့ရဲ့ အချစ်နဲ့ ထိုက်တန်အောင် ကိုယ်တို့ဘက်ကလည်း ပြန်လည်အသိအမှတ်ပြုရမယ်။ ကိုယ့်ဘဝမှာ





နှောင်ကြိုးမှ မဟုတ်ပါဘူး။ ဘယ်မိန်းကလေးကိုမှ လက်ထပ်မှာ မဟုတ် တော့ဘူး။ အဲဒါ ကိုယ် သူ့အပေါ် ပြန်လည်ပေးဆပ်တဲ့ သစ္စာပါပဲ”

“အစ်ကို့ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဘူးဆိုရင်လည်း ညီမ မတားဆီးတော့ပါဘူး အစ်ကိုရယ်. . . ဒါပေမဲ့ အစ်ကို တစ်ခုတော့ မှတ် သွားပါ။ အစ်ကို့ဘဝမှာ အစ်ကို့ကို ချစ်ခဲ့ဖူးတဲ့ နှောင်ကြိုးဆိုတဲ့ မိန်းကလေး တစ်ယောက်ရှိခဲ့ဖူးတယ်ဆိုတာပါ”

“ကိုယ် အသိအမှတ်ပြုပါတယ် နှောင်ကြိုး။ ကိုယ့်ရင်ထဲမှာလည်း မင်း အမြဲတမ်းရှိနေမှာပါ”

နွယ်ရှင်က နှောင်ကြိုးနှင့် ချိုလိမ်ရွာသားအားလုံးကို လက်ပြ နှုတ်ဆက်ပြီး တယောကို ထမ်းကာ သင်္ဘောပေါ် တက်သွားလေသည်။

ကျန်ခဲ့တဲ့သူတွေမှာတော့ မျက်ရည်တွေ တွဲသီလို့။ သင်္ဘောကြီး ဝေးသွားသောအခါ နှောင်ကြိုး ငိုပွဲဆင်ပြီး ရွာလူကြီးကတော်ရဲ့ ရင်ခွင် ထဲမှာ မျက်နှာအပ်လိုက်သည်။

အားလုံးကလည်း နှောင်ကြိုးကို နှစ်သိမ့်နေပေမယ့် ခွဲခွာသွားတဲ့ နွယ်ရှင်အတွက် ရင်ထဲမှာ မျက်ရည်မိုးတွေ ရွာသွန်းဖြိုးလျက်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီအချိန်ကစပြီး နွယ်ရှင်နဲ့ သူ့ရဲ့တယောဟာ ဒဏ္ဍာရီဆန်ဆန် ပျောက်ဆုံးသွားခဲ့တာ အခုထိပါပဲကွယ်။ သူ ဘယ်ရောက်နေလဲ၊ သူ့ရဲ့ မှော်တယောဟာ ဘယ်က ရလာတာလဲ၊ ဘယ်နေရာမှာ ဇာတ်မြုပ်သွားတာလဲဆိုတာ ဘယ်သူမှ မပြောနိုင်ကြတော့ပါဘူး"

သူမရဲ့ အသက် ၈၀ ပြည့် မွေးနေ့မှာ ကလေးတွေကို ပုံပြင်ပြောပြနေသော ဘွားဘွားဒေါ်နှင်းဝေ။

သူပြောတဲ့ ဘီလူးမချက်ပြို ပုံပြင်ကို နားထောင်ပြီး မျက်ရည်စိတဲ့သူက ဝဲ၊ သနားတဲ့သူက သနား၊ အားမလိုအားမရ ဖြစ်တဲ့သူကဖြစ်နှင့် ရသမျိုးစုံ ခံစားပြီး ကျန်ခဲ့ကြသည်။

"တကယ်ဆို ဇာတ်သိမ်းမှာ ဦးနွယ်ရှင်နဲ့ ဒေါ်နှောင်ကြိုး ညားရမှာနော် ဘွားဘွား၊ အခုတော့ ဇာတ်သိမ်းက ညားလည်း မညားဘူး။ ဟုတ်ကော့ကြီး"





"ဟဲ့ နင်ကလည်း ဘီလူးမချက်ပြို သနားပါတယ်။ သူ့ခမျာ ဦးနွယ်ရှင်ကို အသက်ပေးပြီး ချစ်ခဲ့တာ"

"အေးလေ. . . ငါဆို ပထမ ဘီလူးမချက်ပြိုပုံပြင်ဆိုလို့ ကြောက်ပြီး နင်တို့အနားကပ်နေတာ၊ တဖြည်းဖြည်းနဲ့ မကြောက်တော့ဘဲ သူ့တို့ သနားလာတယ်။ ငါသာ ဒီဇာတ်လမ်းရေးတဲ့သူဆို ဘီလူးမချက်ပြိုတို့ တစ်သက်လုံး လူသားဘဝနဲ့ နေခိုင်းပြီး ဦးနွယ်ရှင်နဲ့ ပေးစားပစ်မှာ။ သူ့ခမျာ ဘီလူးတန်မဲ့ သတ်သတ်လွတ်စားပြီး သီလစောင့်ရတယ်။ ဘယ်လောက် အချစ်ကြီးလဲ"

"ဒေါ်နှောင်ကြိုးလည်း သနားပါတယ်ဟယ်။ သူ့ခမျာ ဦးနွယ်ရှင်နဲ့ ပေါင်းနိုင်ရဲ့သားနဲ့ ဘီလူးမချက်ပြိုကို သစ္စာစောင့်တဲ့အနေနဲ့ ခွဲခဲ့ရတယ်။ နောက်ဆုံးတော့ အားလုံးက အလွမ်းနဲ့ သိမ်းတာပဲ"

ကလေးတွေရဲ့ တစ်ယောက်တစ်ပေါက် ထင်မြင်ယူဆချက်ကြောင့် ဒေါ်နှင်းဝေ ပြုံးလိုက်မိသည်။

"အဲဒါပဲ ကလေးတို့ရဲ့. . . လောကမှာ အချစ်နဲ့တွေ့ရင် ဘယ်လောက် ကြမ်းတမ်းတဲ့ နှလုံးသားပိုင်ရှင်ပဲဖြစ်ဖြစ်၊ လက်နက်ချ အရှုံးပေးရတာချည်းပဲ။ ကလေးတို့ကိုလည်း ဘွားဘွား သင်ထားရမယ်။ ကလေးတို့လည်း ကြီးလာရင် အချစ်နဲ့ ဆုံစည်းရမှာပဲ။ အဲဒီအခါမျိုးမှာ ဘယ်သူ့ကိုပဲ ဖြစ်ဖြစ် ချစ်လို့ရတယ်။ ဒါပေမဲ့ မစွဲလမ်းမိပါစေနဲ့"

"ဟုတ်ကဲ့ ဘွားဘွား. . . သားတို့ မှတ်ထားပါ့မယ်။ အချစ်ဆိုတာ တဏှာပါ။ စွဲလမ်းမှုဆိုတာ ဥပါဒါန်ပါ။ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်တတ်တယ်ဆိုတဲ့ စကားအတိုင်း သားတို့ ကြီးလာရင် ဘယ်ကောင်မလေးပဲ ဖြစ်ဖြစ် တဏှာနဲ့ပဲ ချစ်ပါ့မယ်။ ဥပါဒါန်နဲ့ မစွဲလမ်းတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . အေး ကောင်းတယ် ကောင်းတယ်။ လောကမှာရှိတဲ့ လူသားတိုင်း တဏှာဆိုတဲ့ တပ်မက်မှု နယ်နိမိတ်က မလွတ်ကင်းနိုင်တာမို့ ဥပါဒါန်မဖြစ်အောင် ကြိုးစားနိုင်ရင် ခံစားရသက်သာတာပေါ့ကွယ်. . . ကဲ ကဲ သားတို့လည်း အင်တာနက်မှာ ချက်တင်ထိုင်ရင်း ရှာရဦးမယ် မဟုတ်လား။ သွားတော့ကွယ်. . . ဘွားဘွားလည်း အိပ်ချင်ပြီ"

"ဟုတ်ကဲ့ပါ ဘွားဘွား. . . ဒါဆို သားတို့ သွားလိုက်ပါဦးမယ်"

ကလေးတွေအားလုံး ဒေါ်နှင်းဝေကို နှုတ်ဆက်ပြီး ကိုယ့်အိမ်ကိုယ် ပြန်သွားသည်နှင့် ဒေါ်နှင်းဝေလည်း သူမ အိမ်ရှေ့ကွပ်ပျစ်ပေါ်မှ ထ၍ ဖယောင်းတိုင်မီးကို ကိုင်ပြီး အိမ်ထဲဝင်သွားသည်။

အသက်ကြီးပြီမို့ လှုပ်ရှားမှုတွေက အရင်လို သွက်လက်မှု မရှိ၊ ဆံဖြူသွားကျိုးနေပြီ။ ကြိုက်မယ့်လူလည်း မရှိတော့။ အဲဒီ အဘွားပျိုကြီး ဒေါ်နှင်းဝေမှာ အရင်က လှချင်တိုင်းလှခဲ့သော နွယ်ရှင်ရဲ့ ချစ်သူ နှောင်ကြိုးဖြစ်သည်ကိုတော့ ဘယ်သူမှ မသိခဲ့ပါချေ။

ပြီးပါပြီ။

(ဟော့လိုင်း)



## ဝန်ခံချက်

ဤလူးမချက်ပြဲဆိုသည်မှာ သမိုင်းကြောင်းပျောက်ဆုံးနေသော သာသနာပြု မယ်တော်ကြီးတစ်ပါး ဖြစ်ပါသည်။

ဤဇာတ်လမ်းနှင့်မည်သို့မှသက်ဆိုင်မှုမရှိသလို မယ်တော်ကြီးအား ထိခိုက်နစ်နာစေလိုသော ဆန္ဒလည်း(လုံးဝ)မရှိပါ။

အမည်နာမကို ပုံတူသုံးစွဲခဲ့ခြင်းကြောင့် စာရေးဆရာအား ခွင့်လွှတ်ပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။

www.burmeseclassic.com